

www.burmeseclassic.com
ဆန်းသစ်ဦး
လုံးချင်းဝတ္ထုသစ်
ချင်ကြောင်း
ရင်ခုန်သံတွေမြန်နေတယ်
L လင်း
www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း ဇာသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# သျှင်ကျော်

## ရင်ခုန်သံတွေ မြန်နေတယ်



www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ～ ၅၀၀၁၁၈၁၀၉

အဖုံးခွင့်ပြုချက်အမှတ် ～ ၅၀၀၃၀၆၁၀၉

အတွင်းဖလဒ် မြစ်ခွဲတိုးခင်းကွန်ပျူတာ

ထုတ်ဝေသည့်လ ～ ၂၀၀၉ ခုနှစ်၊ မေလ (ပထမအကြိမ်)

ထုတ်ဝေသူ ～ ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)

တိုက်(၂၁)၊ အခန်း(၁၁)၊ ဦးဝိစာရလမ်း

စီးပွားရေးဝန်ထမ်းအိမ်ယာ

အုံမြို့သစ်မြောက်ပိုင်း။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ～ ဦးတင်မင်းသု (လင်းလက်အိမ်) အော့ဖ်ဆက်

အမှတ်(၂၂၂)၊ (၃၅)လမ်းအထက်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ～ ၁၁၀

အုပ်ရေ ～ ၅၀၀


BURMESE CLASSIC

## အခန်း(၁)

ဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်းရှိ အသင့်ဖွင့်ထားသော ခြံတစ်ခြံထဲသို့ ကားတစ်စီးဝင်လာသည်။

ရှင်းသန့်ဘုံကားထဲမှ ဆင်းပြီး ခြံဝန်းတစ်လျှောက် ဝေ့ကြည့်ကာ ကျေနပ်သော အပြုံးနှင့် ပြုံးလိုက်သည်။

''ဘယ်လိုလဲ ဆရာ၊ သဘောကျရဲ့လား''

''အေးကွ၊ ငါလိုချင်တာ ဒါမျိုးပဲ''

ခြံစောင့် မာလီ ကောင်လေး မောင်ထိန် ပါးစပ်မပိတ်တော့အောင် တစ်ပြုံးပြုံးနှင့် ဖြစ်နေသည်။

''သိတယ်လေ၊ ဆရာ့တပည့်က ဆရာ ဘယ်လိုကြိုက်တယ်ဆိုတာ သိပြီးသား''

''ကျေးဇူးတင်ပါတယ်ကွာ၊ ဒီလောက်အချိန်တိုတိုလေးအတွင်းမှာ ငါ လိုချင်တဲ့ ဒီလိုပုံစံမျိုးမဖြစ်တောင် နည်းနည်းပါးပါး ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



လောက်စရာ ဖြစ်ရင် တော်ပြီလို့ စိတ်ကူးထားတာ အခုတော့ ထင်တာထက်ကို မြန်တဲ့အပြင် ငါလိုချင်တဲ့ ပုံစံနဲ့ ကွက်တိဖြစ်နေတော့ မင်းကို ဆုချရမယ် မောင်ထိန်''

''ဆရာ… အိမ်ထဲက မိချွေးတို့ရဲ့ အပြင်အဆင်လေးတွေကို လည်း လိုက်ကြည့်ပါဦး''

''ဟဲ့… မိချွေး ဘယ်လိုဖြစ်နေတာလဲ ခြံထဲမှာတောင် မကြည့် ရသေးဘူး၊ သွား… အိမ်ထဲမှာ သွားစောင့်နေ''

''နင်ပြောစရာမလိုပါဘူး၊ ငါ့ဟာငါ ဆရာ့ကိုပြောတာ''

''ဟာ… ငါထုလိုက်လို့''

''အောင်မာ ထုကြည့်ပါလား''

''ကဲပါ၊ ရန်ဖြစ်မနေကြပါနဲ့တော့၊ မိချွေးတို့ အိမ်ထဲက သွား စောင့်နေ၊ ငါ လာခဲ့မယ်၊ လာ… မောင်ထိန်၊ ခြံထဲပတ်ကြည့်ရအောင်''

မောင်ထိန် နောက်က မြှောက်ကြွမြှောက်ကြွနဲ့ ပါလာသလို မိချွေးနဲ့ သေးသေးတို့လည်း ပါးစပ်မှ ပွစိပွစိပြောပြီး အိမ်ဖက်လျှောက် သွားကြသည်။

ရှင်းသန့်ဘုံသည် အုတ်တံတိုင်းပတ်လည်ခတ်ထားတဲ့ ခြံဝန်း ထဲတွင် မောင်ထိန် ဒရိုက်ဘာကိုသိန်းတို့နဲ့အတူ လျှောက်ကြည့်ပြီး မောသွားသည့်အတွက် ဇည့်ခန်းဆိုဖာတစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။





''မိချွေးရေ… ဆရာ့အတွက် သံပုရာရည် အေးအေးလေး တစ်ခွက် ယူလာခဲ့ဟေ့''

သံပုရာရည်ခွက်ထည့်ထားသည့် ဗန်းလေးကိုကိုင်ပြီး ထွက်လာ တဲ့ မိချွေး မျက်စောင်းထိုးပြီး…

''နင်က အားကြီးဆရာလုပ်တာပဲ ငါ့အလုပ် ငါသိတယ် ကိုယ့် အလုပ်ကိုယ်လုပ်''

မိချွေး သံပုရာရည်ခွက်ထည့်ထားသည့် ဗန်းလေးကိုချပြီး သံပုရာရည်ခွက်လေးကို ရှင်းသန့်ဘုံထံ လှမ်းပေးလိုက်သည်။

''နင်တို့နှစ်ယောက်ကမှ တကယ့်ကို မတည့်အတူနေပဲ''

ရှင်းသန့်ဘုံ သံပုရာခွက်လေး လှမ်းယူပြီး ပြုံးပြုံးပြောတော့ မိချွေး နှုတ်ခမ်းစူပြီး…

''သူက ဆရာကို တတ်တယ် ဆရာရဲ့''

''အဲဒါပဲ ဆရာရေ၊ ကျွန်တော့်ဆို တစ်ခါမှ အကောင်းမမြင် ဘူး''

''နင် လုပ်ပုံတွေက မြင်စရာလား''

''ကဲ တော်ပါတော့ကွာ၊ ငါ့မှာ ကျေနပ်ကြည့်နူးနေတာလေး တွေတောင် မင်းတို့နှစ်ယောက် ရန်ဖြစ်နေတာနဲ့ ပျောက်ကုန်ပြီ''

''အဟင်း… ဟင်း… ကြည်နူးပါ ဆရာ၊ ကြည်နူးပါ''

ရှင်းသန့်ဘုံ သံပုရာရည်ခွက်လေးကို စားပွဲပေါ် တင်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ဒီနေရာလေးကို တော်တော်စိတ်တိုင်းကျတယ်ကွာ ငါ့ညီမလေးကတော့ သဘောကျမှာ မဟုတ်ဘူး"

"ဟုတ်တယ် ဆရာ၊ နှုညုံ့က ဒီလိုလူခြေတိတ်ပြီး သီးသန့်ကျတဲ့နေရာအပြင် အိမ်နီးချင်းဖော်လည်းမရှိတော့ ပျင်းမှာပဲ"

"မမတတ်နိုင်ဘူး မိဆွေးရယ်၊ သူ့ကို ဘာတစ်ခုမှ လိုလေသေးမရှိထားထားတာပဲ၊ နေ့လည်ကို ငါနဲ့ဆိုင်လိုက်ထွက်မှာပဲ၊ ညဘက်ကိုတီဗွီကြည့်ပေါ့၊ ညည်းတို့လည်းရှိတာပဲ"

မိဆွေး စိတ်လျော့သွားသလို ထပ်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

"ကဲ... တံခါးတွေပိတ်ပြီး အသေအချာစစ်၊ မီးတွေလည်းအားလုံးပိတ်လိုက်၊ မင်း အိမ်ကို ခဏလိုက်ခဲ့ဦး မောင်ထိန်"

"ဟုတ်ကဲ့ ဆရာ"

အားလုံးကိုယ်စီ တံခါးပိတ်၊ မီးပိတ်နဲ့ အလုပ်ရှုပ်နေစဉ်ရှင်းသန့်ဘုံအိမ်ထဲက ထွက်လာခဲ့သည်။ ကားထဲကိုမဝင်ခင် ခြံပတ်ပတ်လည်ကို တစ်ချက်ဝေ့ကြည့်ပြီး ပြုံးလိုက်သည်။

❋





"ညီမလေး ... ... ရက်နေ့ကို အပြီးပြောင်းမှာနော်၊ ဟော့... နှုညုံ့ ကိုကိုပြောနေတာ ကြားရဲ့လား"

"ကြားတယ်၊ ကြားတယ်"

"ဟာ... ကြားရဲ့သားနဲ့ ဘာလို့ပြန်မပြောတာလဲ"

"စိတ်မပါလို့ပေါ့ ကိုကိုရယ်"

"ဩော်... ခက်ပါလား ညီမလေးရယ်၊ ကိုကို့စေတနာကို ညီမလေး နားမလည်ပါလား"

"လူသူမနီးတဲ့ ဂနိုင်ထဲကို ပို့တဲ့ ကိုကို့စေတနာက တော်တော်ကြီးကို ကြီးမားတယ်နော်"

"ဘယ်က ဂနိုင်ကမှာလဲ၊ အဲဒါ အေးအေးဆေးဆေးသမားတွေနေတာ၊ ဒီလိုနေရာမျိုးမှာ နေချင်တာတောင် မနေနိုင်ဘူး"

"မသိဘူး၊ ညီမလေးကတော့ မြို့ထဲမှာပဲ မွေး၊ မြို့ထဲမှာပဲကြီးတော့ မနေချင်ဘူး"

နှုတ်ခမ်းကြီးစူပြီး မကျေမနပ်ပြောနေတဲ့ ညီမလေးကို ကြည့်ပြီးရှင်းသန့်ဘုံ ရယ်လိုက်သည်။

"ဘာရယ်တာလဲ"

"ဩော်... ကိုကို့ညီမက စိတ်ကောက်လည်းလှနေလို့ပါ"

"သွား... လာမမြှောက်နဲ့"

"ကိုယ့်ညီမကို မြှောက်စရာလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



''မသိဘူး သွား။ ကိုကိုက ညီမလေးကို ချစ်တယ်သာပြောတယ်၊ တစ်ခါမှ ဘာကိုလုပ်လုပ် ညီမလေး စိတ်တိုင်းကျမရှိဘူး။ အခုလည်းကြည့် ဒီမှာလည်း အဆင်ပြေနေသားနဲ့ ပြောင်းနေဦးမယ်၊ ဆိုင်ထွက်ရမှာနဲ့ ပြန်ရမှာ ဘယ်လောက်ကသီလဲ၊ အချိန်လည်းပုပ်တယ်၊ သိပ်စိတ်ညစ်တာပဲ''

''ကားရှိတာပဲ ညီမလေးရယ်၊ အိမ်နဲ့ဆိုင်ကလည်း ဘာများဝေးလို့လဲ၊ လုပ်ငန်းချဲ့ချင်လို့ပါဆို''

''ကိုကို အပိုတွေမပြောပါနဲ့၊ ညီမလေးကို ဒီမှာ မထားချင်လို့ဆိုတာ သိတယ်''

ရှင်းသန့်ဘုံ ဘာပြောရမှန်းမသိအောင် ခေါင်းကုပ်နေသည်။ နောက်တော့ ညီမလေး စိတ်ကောက်ပြီး တစ်ဖက်လှည့်နေတာကို အခွင့်အရေးယူကာ အနားကလစ်ထွက်ခဲ့သည်။

*

''ဟဲ့… မိချွေး ပြတင်းပေါက်လိုက်ကာက အစိမ်းနုလေးဆို ပိုမကောင်းဘူးလား''

''မကောင်းဘူး ဆရာရဲ့၊ ဒီမိုးပြာလေးက လွင်လွင်လေးနဲ့ ပိုလှ သလို နံ့ရံအပြာလေးနဲ့လည်း လိုက်တယ်''





''ဒါဆို ဆိုဖာစွပ်တွေကျတော့ ဘာလို့အဖြူတွေဖြစ်နေရတာလဲ''

''ဆရာကလည်း ဆိုဖာအစွပ်တွေကလည်း ဇာအဖြူလေးတွေမှ လှတာ''

''ပြီးရော၊ ပြီးရော၊ နင်တို့ကောင်းသလိုသာ စီစဉ်ကြ၊ ငါ့မှာက အမေကလည်းမရှိ၊ ရှိတဲ့ညီမကလည်း ဘာကိုမှ စိတ်မဝင်စားတော့''

ရှင်းသန့်ဘုံ ဆက်မပြောဘဲ ရပ်ထားတော့ မိချွေး တဟင်းဟင်းရယ်သွမ်းသွေးပြီး…

''အဲဒါကြောင့် ဆရာ့ကို အိမ်ရှင်မကောင်းတစ်ယောက် ရှာတော့လို့ပြောတာပေါ့''

''တော်ပါပြီ မိချွေးရယ်၊ ငါ့ဟာငါ အေးအေးဆေးဆေးပဲ နေပါရစေ''

''ဆရာကလေ မိန်းမတွေနဲ့လည်း တစ်ခါမှ မပတ်သက်ဖူးဘဲ ဘယ်လိုဖြစ်လို့ မိန်းမယူရမှာ ကြောက်နေတာလဲ''

''ဟဲ့… ငါ့ညီမလေး ရှိသေးတယ်''

''ဘာဆိုင်လဲ ဆရာကလည်း နှုံးညံ့ကတော့ ယောက်ျားမယူမှာကျနေတာပဲ''

''အချိန်တန်လို့ သင့်တော်တာဆို ယူပါစေပေါ့၊ ကဲပါ မိချွေးရယ် နင့်ဟာနင် ကောင်းသလိုသာကြည့်လုပ်တော့''



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်ဘုံ ခြံထဲဆင်းတော့ မောင်သိန်းနဲ့ မောင်ထိန် ပန်းအိုးတွေကို လုပအောင် နေရာချနေကြသည်။

"ဆရာ… ကြည့်ပါဦး ဘာလိုသေးလဲလို့"

"မလိုပါဘူး၊ အားလုံးကောင်းတယ်၊ ဒီနားပတ်ဝန်းကျင်ကိုလည်း နည်းနည်းလေ့လာဦး၊ တို့အိမ်တက်ကိုတော့ ဖိတ်မှဖြစ်မယ်"

"ဖိတ်ရမှာပေါ့ ဆရာရဲ့၊ ဒါနဲ့ နည်းနည်းကော စိတ်ကောက်နေတုန်းပဲလား"

"ထုံးစံအတိုင်း သုံးရက်လောက်တော့ ဆန္ဒပြနေဦးမှာပေါ့၊ လွှတ်ထားလိုက်ဦးမယ်လေ၊ နောက်နှစ်ရက်လောက်ကျမှ သူလိုချင်တာ တစ်ခုဝယ်ပေးပြီး ချော့လိုက်ရင် ပြီးသွားတာပါပဲ"

"ဘာပဲဖြစ်ဖြစ် တို့ဆရာကတော့ ကိုယ်လိုချင်တာဖြစ်သွားပြီဆိုတော့ ကျေနပ်သွားပြီမဟုတ်လား"

"ဒါပဲလေ"

"ဆရာ ညီမကိုသာ ဒီလိုချော့လို့ရမှာနော်၊ ကြင်သူသက်ထားဆိုရင်တော့ ဒီလိုရချင်မှရမယ်"

"မင်းတို့ ဒီနေ့ ဘာဖြစ်နေကြတာလဲ၊ မိချွေးကလည်း ငါ့ကိုမိန်းမယူဖို့ပြောတယ်၊ မင်းတို့ကလည်း ပြောတယ်၊ ငါ ဒီအိမ်နဲ့ ဒီခြံကြီးကို ဝယ်လိုက်တာ မိန်းမယူဖို့အတွက် ဝယ်တာလို့ ထင်နေလို့လား"

"မထင်ပါဘူး"





"ကြဲကြဲဖန်ဖန်ဆရာကလည်း"

"မသိဘူးလေကွာ၊ မင်းတို့ကလည်း ဟ… ဟ… ဟိုမီးခိုးတွေက ဘယ်ကလဲ"

ရှင်းသန့်ဘုံ မောင်သိန်းနဲ့ မောင်ထိန်တို့ကို ပြောနေစဉ် လက်ဝဲဖက်တစ်ဖက်ခြံမှ မီးခိုးတွေ အလိပ်လိုက် အူထွက်လာတာတွေ့တော့ လန့်ဖျပ်ပြီး ခြံထောင့်အပြေးသွားသလို မောင်သိန်းနဲ့မောင်ထိန်လည်း နောက်ကအပြေးကလေး ပါလာသည်။

"ဟိုဘက်ခြံက ဆရာ၊ ဟိုဘက်ခြံက"

"အေး… ငါမြင်တယ်၊ ငါသိချင်တာ ဘာဖြစ်လို့ မီးခိုးတွေ ဒီလောက်ထွက်နေလဲ ဆိုတာကိုပဲ"

"နေ… နေ… ဆရာ၊ ကျွန်တော် လှေခါးထောင်ပြီး တက်ကြည့်လိုက်မယ်"

မောင်သိန်းပြောပြောဆိုဆို မလှမ်းမကမ်းမှာ ထောင်ထားတဲ့ လှေကားကို အပြေးယူကာ မီးခိုးထွက်နေတဲ့ တစ်ဖက်ခြံရဲ့ ဒီဖက်ခြမ်းမှာ ထောင်ပြီး တက်သွားသည်။

"ဘာမှမဟုတ်ဘူး ဆရာ၊ အမှိုက်တွေ မီးရှို့နေတာ"

မောင်သိန်း လှေခါးပေါ်ကမဆင်းဘဲ ငုံ့ပြောနေတော့ ရှင်းသန့်ဘုံ စိတ်တိုသွားကာ…

"ပြောလိုက်လေကွာ၊ မရှို့နဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



''ဟာ... ဆရာကလည်း သူ့ခြံထဲ သူရှိတာ ဘယ်ပြောလို့ ဖြစ်မလဲ''

''ဘာလို့မဖြစ်ရမှာလဲ၊ ညှော်နံ့တွေလည်းနံတယ်၊ ငါအုတ်တံတိုင်းတွေလည်း မီးခိုးတွေ စွဲကုန်ပြီ၊ ဆင်း... မင်းမပြောရင် ငါပြောမယ်၊ မင်းဆင်းခဲ့''

မောင်သိန်း ကြောက်ကြောက်လန့်လန့်နဲ့ လှေကားပေါ်က ဆင်းပြီး အောက်ကိုတောင် လုံးလုံးမရောက်သေးခင် ရှင်းသန့်ဘုံ ဆွဲချပြီး ကမန်းကတန်း လှေကားပေါ် တက်သွားလိုက်သည်။

တစ်ဖက်ခြံထဲကို မြင်ရတဲ့ လှေကားထစ်အရောက်တွင် ရှင်းသန့်ဘုံ ရပ်တန့်လိုက်ပြီး တစ်ဖက်ခြံထဲ အသေအချာအကြည့်တွင် ဘွားခနဲ တက်လာတဲ့ မီးတောက်တစ်ခုကြောင့် မျက်နှာတစ်ပြင်လုံး ပူခနဲဖြစ်ကာ နောက်လန်မတတ် ဖြစ်သွားသည်။ ထိုအခါကျမှ ပိုဒေါသဖြစ်သွားသလို...

''ဟေ့... မင်း ဘယ်လိုလုပ်တာလဲ''

ရှင်းသန့်ဘုံ ဒေါသကြောင့် အသံတုန်ပြီး ခွတ်အော်နေပေမယ့် မီးခိုးတွေလည်း မွန်းပြီး တစ်ဖက်ခြံက မီးရှို့နေတဲ့ ပုဂ္ဂိုလ်ကိုလည်း သည်းသည်းကွဲကွဲ မမြင်ရတော့။

''မင်း ပြောနေတာ မကြားဘူးလား''

ရှင်းသန့်ဘုံ အသံကျယ်ကြီးနဲ့ အော်နေပေမယ့် တစ်ဖက်က





ကြားလို့လားမသိဘဲ ဘာသံမှထွက်မလာပါ

မီးခိုးတွေ အတော်အသင့်နည်းသွားမှ အမှိုက်တွေကို ငုတ်တုတ်ထိုင်ပြီး မီးရှို့နေသော မိန်းကလေးကို သည်းသည်းကွဲကွဲတွေ့သွားသည်။

''ဟေ့... ဒီမှာ ခေါ်နေတာ မကြားဘူးလား''

မီးလောင်နေတဲ့ သစ်ရွက်ခြောက်တွေဆီကို တုတ်တစ်ချောင်းနဲ့ နောက်ထပ်သစ်ရွက်ခြောက်တွေ တွန်းပို့လို့ တမျောက်မျောက်မြည်တဲ့ အသံနဲ့ အရသာလေးကို နန်းထွတ်ထားကြည့်ပြီး တစိမ့်စိမ့်ခံစားနေတုန်း အသံကျယ်ကြီးတစ်ခုကြောင့် ဆတ်ခနဲ တုန်လှုပ်သွားပြီး ဘေးဘီဝဲယာကို ကြည့်လိုက်သည်။

''ဟိတ်... ခေါ်နေတဲ့ငါက ဒီမှာ''

ဒီတော့မှ နန်းထွတ်ထား အပေါ်ကို အလန့်တကြား မော့ကြည့်လိုက်သည်။ တစ်ဖက်ခြံ၏ လှေကားပေါ်မှ ထင်းထင်းကြီးရပ်ပြီး ထွတ်ထားကို စားတော့ဝါးတော့မလို ကြည့်နေတဲ့ လူကြီးသည် တော်တော်ချောတဲ့လူကြီးဆိုတာ ထွတ်ထား သတိပြုမိလိုက်သည်။

''မင်း ဘာကြောင့်ကြည့်နေတာလဲ''

''ရှင် ဘာပြောတာလဲ''

''ဟာ... တော်တော်အူတာပဲ၊ ဒီလောက် နီးနီးလေး ပြောနေတာတောင် မကြားဘူးလား။ ဒီမှာ မင်း မီးရှို့နေတာကို အခုချက်ချင်း ရပ်ပစ်လိုက်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်"

"မင်း နားကန်းနေလား"

ထွတ်ထား တင်းခနဲဖြစ်သွားသလို စောစောက အထင်ကြီးတဲ့ စိတ်ကလေးတောင် ပျောက်သွားသည်။

"ရှင် ဘာပြောတယ်"

"နားကန်းနေလားလို့ မေးဟာလေ၊ မီးရှို့တာရယ်လိုက်လို့ပြော နေတယမဟုတ်လား"

ထွတ်ထား သည်းမခံနိုင်တော့စွာ သူနဲ့အနီးဆုံးနေရာကို လျှောက်လာပြီး...

"ဘာလို့ ရယ်ရမှာလဲ၊ ကိုယ့်ခြံထဲကိုယ်ရှို့တာ၊ ရှင့်ခြံထဲလာရှို့ လို့လား"

"ကိုယ့်ခြံထဲ ကိုယ်ရှို့ပေမယ့် ငါ့ခြံဘက်ကို မီးခိုးတွေအားလုံး လိုက်ဝင်လာပြီး ငါ့အုတ်တံတိုင်းတွေလည်း မီးခိုးတွေစွဲကုန်ပြီ"

"ဒါတော့ မတတ်နိုင်ဘူး"

ထွတ်ထား ခပ်ချဉ်ချဉ်ရှိတာနဲ့ သစ်ရွက်ခြောက်တွေကို တုတ် ချောင်းနဲ့ မီးငြိမ်းစပြုနေတဲ့ အမှိုက်ပုံထဲ တွန်းထည့်နေသည်။

"ဟော့... မင်း လူစကားနားမလည်ဘူးလား။ တော်တော်ရိုင်း တာပဲ၊ မင်း မရပ်ဘူးလား။ မရပ်ရင် မင်းအိမ်ကလူကြီးတွေနဲ့ လာတိုင် မယ်"

သူမ မသိဟန်ဆောင်ပြီး သစ်ရွက်ခြောက်တွေ ထပ်ပြီးထိုး





ထည့်နေသည်။

"အဟွတ်... အဟွတ်"

ပြောလည်းထူးမှာမဟုတ်တဲ့ နားထုမလေးကို ဒေါသဖြစ်ဖြစ်နဲ့ ရှင်းသန့်ဘုံ လှေကားပေါ်က ဆင်းခဲ့တော့ အောက်မှာ ဝိုးရိုးတကြီးစောင့် နေတဲ့ မောင်သိန်းနဲ့ မောင်ထိန်ကို...

"လာ... ငါနဲ့တစ်ယောက်လိုက်ခဲ့၊ လူစကားနားမလည်တဲ့ နားထုမကို သွားတိုင်မယ်"

"နေပါဦး ဆရာရယ်၊ ဘာဖြစ်လို့လဲ"

"မင်းတို့ နားတွေ မျက်စိတွေ ကန်းနေကြသလား။ ငါဘာဖြစ် ဘယ်ဆိုတာ မမြင်ဘူးလား၊ မကြားဘူးလား"

"မြင်ပါတယ် ဆရာရယ်၊ ကြားလည်းကြားပါတယ်၊ ကောင် လေးလား ဆရာ၊ ဘယ်အရွယ်လောက်ရှိပြီလဲ"

"အောင်မာ ဘာကိစ္စ ငါ့ကို ပြန်မေးနေရတာလဲ၊ မင်းတို့ မလိုက်ရင် ငါဟာငါသွားမယ်"

"ဆရာ... ဖုန်း"

ရှင်းသန့်ဘုံ ဒေါသတွေသည် မိဆွေ လှမ်းပေးတဲ့ဖုန်းကြောင့် စိတ်ပြောင်းသွားသလို မောင်သိန်းနဲ့ မောင်ထိန်လည်း အသမှတစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီး သက်ပြင်းချလိုက်ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ရှင်းသန့်ဘုံ မနက်ခင်းက ကိစ္စကို ပြန်စပြီး ဒေါသဖြစ်နေစဉ် အလုံးစုံကို သိပြီးသွားတဲ့ နုညံ့ဘုံသည် အစ်ကိုဖြစ်သူကိုကြည့်ကာ ဟန်မဆောင်နိုင်တော့ဘဲ တဟားဟား အော်ရယ်တော့သည်။

ရှင်သန့်ဘုံ အော်ရယ်နေတဲ့ ညီမဖြစ်သူကြောင့် ဒေါသသည် နုညံ့ဘုံဘက်သို့ လှည့်သွားသည်။

''ဘာရယ်တာလဲ၊ ဒါ ရယ်စရာလား''

''ရယ်စရာပေါ့၊ သူခြံထဲ သူလုပ်တာ သွားပြောလို့ရမလား''

''သူခြံထဲသူလုပ်တာက တစ်ဖက်ကို ထိခိုက်တယ်လေ၊ တကယ်ဆို ဟိုဘက်ခြံထောင့် သွားရှုလည်းရတာပဲ''

''ဒါဆိုလည်း ကောင်းကောင်းပြောပေါ့ ကိုကိုရဲ့''





''ဒေါသတွေကဖြစ်နေတော့ ကောင်းကောင်းမပြောနိုင်တော့ဘူးလေ၊ ဒီကြားထဲ နားကလေးသေးတယ်''

''ကောင်းတယ်၊ အဲဒါ နေချင်ဦးလေ''

''ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့၊ ရောက်ရောက်ချင်းပဲ နောင်ကိုနိုဖြစ်နေပြီမဟုတ်လား''

''အလကားပါ၊ ဘာမှအဆင့်မရှိတဲ့ နိုင်းထားတဲ့ ကောင်မလေးနေမှာပေါ့''

''ကိုကိုက အဲဒါနဲ့သွားဖြစ်တော့ ကိုကိုလည်း အဆင့်မရှိဖြစ်သွားတာပေါ့''

''အေးပါ၊ နောက်ကိုမဖြစ်တော့ပါဘူး''

မျက်စောင်းထိုးလိုက်တဲ့ ညီမလေးကို ကြည့်ပြီး ရှင်းသန့်ဘုံ ကျေနပ်သွားသည်။ ညီမလေးနဲ့မထင်မှတ်ဘဲ ခပ်မြန်မြန်ပြေလည်မှုရသွားသောကြောင့်ဖြစ်သည်။

''ကိုကို ဆိုင်သွားမလို့၊ မလိုက်ဘူးလား''

''မလိုက်ဘူး''

''မလိုက်ချင်လည်းနေလေ၊ ညီမလေးအတွက် ဘာဝယ်ခဲ့ရဦးမလဲ''

''ဘာမှမဝယ်နဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်ခဲ့ချင်လို့ပါ၊ ညီမလေး ဘာစားချင်လဲပြော"

"သွား... ကိုကို လုလည်ကြီး၊ ဒီမှာ စိတ်ဆိုးပြေသွားတာ မဟုတ်ဘူးနော်"

"ဒါဆို စိတ်ဆိုးပြေအောင် အစားနဲ့တော့ မရဘူးထင်တယ် ကဲ... ပြော ဘာနဲ့ချော့ရမှာလဲ"

"ဘာနဲ့မှမချော့နဲ့၊ ခေါ်ကိုမခေါ်ချင်သေးဘူး"

"ကဲ... ဒါဖြင့်လည်း ခေါ်နူးညံ့ဘုံ သဘောပါဗျာ၊ သွားပြီနော် 'သွား"

ရှင်းသန့်ဘုံ ညီမဖြစ်သူကို စပြီးထွက်လာခဲ့တော့ စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းနေသည်။ ရှင်းသန့်ဘုံ ကားလေးပါင့်နေသော ခြံတံခါးမှ မောင်းထွက်ခဲ့သည်။ ခြံတခါးသာပွင့်နေတာ မောင်ထိန်နဲ့ မောင်သိန်းကို တစ်ယောက်မှ မတွေ့ပါ။

ကားမောင်းရင်း ညီမလေး နူးညံ့နဲ့ အဆင်ပြေသွားတာ တွေးပြီး တစ်ယောက်တည်းပြုံးလိုက်သည်။ ဒီညီမလေးသည် ရှင်းသန့်ဘုံအသက် လောက်ပင် ချစ်ရတဲ့ ညီမလေးဆိုလည်း မမှားပါ။ ညီမလေးကို မမွေးခင် ကတည်းက ဖေဖေ သွေးတိုးရောဂါနဲ့ ရုတ်တရက်ဆုံးပြီး ညီမလေး ၁၀ နှစ်သမီးတွင် နဂိုကတည်းက ကျန်းမာရေးမကောင်းတဲ့ မေမေလည်း ဆုံးသွားတော့ မိမိပဲ ညီမလေးကို မိဘလိုရော အစ်ကိုကြီးလိုပါ ချစ်ခဲ့ သည်။





ဒီတုန်းက ရှင်းသန့်ဘုံရဲ့ အသက်သည် ၁၅ နှစ်ကျော်ပြီဆို တော့ လောကကြီးအကြောင်းကို အလုံးစုံနီးပါး သိရှိနေပြီ၊ အမှားအမှန်ကို လည်း ဝေဖန်ပိုင်းခြားတတ်နေပြီ။

ဆွေမျိုးသားချင်းမရှိသလို အသိအကျွမ်းတွေနဲ့ ပတ်ဝန်းကျင်က လည်း မိဘတွေထားခဲ့တဲ့ အမွေတွေကို ဘယ်တော့ကုန်မှာလဲ စောင့်ကြည့် နေကြသည်။ ဒီအချိန်မှာ ၁၅ နှစ်ကျော်သာ ရှိသေးတဲ့ ရှင်းသန့်ဘုံကို အထင်သေးစွာ ပိုက်ဆံချေးတာကတစ်မျိုး လုပ်ငန်းစပ်တူလုပ်မယ်ဆိုတာ ကတစ်မျိုးနဲ့ အမျိုးမျိုးသော နည်းလမ်းတွေနဲ့ မရိုးမသား ဝင်လာကြပေ မယ့် ရှင်းသန့်ဘုံက လိမ္မာပါးနပ်စွာပဲ ရှောင်တိမ်းနိုင်ခဲ့သည်။

သူတို့လိုချင်တာမရ ဖြစ်ချင်တာမဖြစ်ရတော့ ရှင်းသန့်ဘုံကို အမျိုးမျိုး အတင်းအဖျင်းပြောကာ ကုန်မှာပဲ စောင့်ကြည့်နေမယ် ပုံစံ မျိုးနဲ့ မထိတထိ ရန်စကြသည်။

ဒီတုန်းကတည်းက အသိအလိမ္မာရှိတဲ့ ရှင်းသန့်ဘုံသည် အား လုံးကို သည်းခံခြင်းတရားနဲ့သာ ပြုံးပြုံးလေးနေခဲ့ပြီး ၁၀ တန်းအောင် တော့ မိမိတို့နေတဲ့ အောက်ထပ်ကို မိနီမတ်ကတ်အသေးစားလေး ဖွင့် လိုက်သည်။ ကိုယ်တိုင် ဦးစီးကာ အဝေးသင်ပဲ ဆက်တက်ပြီး နူးညံ့ဘုံ ကိုသာ ဦးစားပေးပြီး အစွမ်းကုန်အလိုလိုက်ခဲ့သည်။

ရှင်းသန့်ဘုံ ဘွဲ့ရပြီးတော့ လက်ရှိတိုက်ကြီးကိုဖျက်ကာ ၅ထပ် တိုက်ပြီး အပေါ်ထပ်တွင် လူနေကာ အောက်ထပ်ကို မီနီမတ်ကပ်အကြီး



www.burmeseclassic.com

www.burmeseclassic.com



စားဖွင့်လိုက်သည်။

လူတွေရဲ့ စိတ်ဓာတ်ကို ကြောက်နေတဲ့ ရှင်းသန့်ဘုံသည် ညီမလေး နုးညံ့ဘုံနဲ့ အသက်သိပ်မကွာတဲ့ ငယ်ငယ်လေးကတည်းက မွေးထားတဲ့ မိဆွေနဲ့ သူ့အစ်ကိုမောင်ထိန်ရယ်၊ မေမေတို့ရှိစဉ်ကတည်းက ဒရိုင်ဘာကြီးရဲ့သား မောင်သိန်းရယ် မိဘမရှိလို့ အသိတစ်ယောက်မှ တစ်ဆင့် တောကရောက်လာတဲ့ သေးသေးဆိုတဲ့ ချာတိတ်မလေးရယ်ကိုပဲ ဆွေမျိုးရင်းချာတွေလို အဖော်ပြုကာ မိသားစုလို နေကြသည်။

နုးညံ့ဘုံသည် မိဘမရှိတဲ့အတွက် တစ်ဦးတည်းသောသာရှိတဲ့ အစ်ကိုကို အားကိုးပြီး ချစ်သလို နွဲ့ဆိုးလည်းဆိုးသည်။ ပညာရေးမှာ သိပ်မထူးပေါက်တဲ့ နုးညံ့ဘုံသည် ရိုးရိုးဘွဲ့တစ်ခုတော့ ဖျစ်ဖျစ်ညှစ်ညှစ်ရယူကာ အစ်ကိုရှင်းသန့်ဘုံနှင့် လုပ်ငန်းကြီးကို တန်းတူရည်တူဦးစီးနေသူဖြစ်သည်။

ရှင်းသန့်ဘုံသည် မာနကြီးလို့မဟုတ်ပေမယ့် မိန်းကလေးတွေနဲ့ အရောတဝင်မနေပါ။ အခုအချိန်ထိလည်း ရည်းစားဆိုတာ ဘယ်လိုမှန်း မသိသေးပါ။ မိုးလင်းက မိုးချုပ် အလုပ်ထဲမှာပဲ အာရုံနှစ်ထားတဲ့အတွက် ရည်းစားထားဖို့လည်း အချိန်မပေးနိုင်သေးပါ။

ညီမဖြစ်သူကိုလည်း တွေ့ကရာတွေနဲ့ဖြစ်သွားမှာ အလွန်ကြောက်သူဖြစ်သည့်အတွက် ယခု ခြံနဲ့တိုက်ကိုဝယ်ကာ ကိုယ့်ဟာကိုယ် စိတ်တိုင်းကျ ပြုပြင်မွမ်းမံခဲ့သည်။





ရှင်းသန့်ဘုံ တွေးနေရာမှ မနက်က အဖြစ်ကို သွားသတိရတော့ ဒေါသဖြစ်သွားသည်။ မျက်စိထဲတွင် ရုပ်အင်္ကျီဖားဖား ဂျင်းဘောင်းဘီကျပ်ကျပ်နဲ့ ညီမလေး နုးညံ့ဘုံတို့အရွယ်လောက်ရှိတဲ့ မိုက်ကန်းကန်းကောင်မလေးကို မျက်စိထဲမှာ ပြန်မြင်လို့မရဖြစ်နေသည်။

သူများအိမ်မှာ အလုပ်လုပ်နေရလို့သာပဲ။

*

''သမီးရေ… ထွတ်ထား''

''လာပြီ… အဘွား''

နန်းထွတ်ထား ညှိခန်းထောင့်မှာ ကွန်ပျူတာတစ်လုံးနဲ့အလုပ်ရှုပ်နေစဉ် ထမင်းစားခန်းဘက်က လှမ်းခေါ်တဲ့ အဘွားသအံ့ကြောင့် အပြေးကလေး ဝင်လာခဲ့သည်။

''ဒီမှာ အဘွားကို ကြက်သားလေး အရိုးနွှင်ပေးပါဦး၊ ပိန်မတာ ရေချိုးနေလို့''

ထွတ်ထား ကြက်သားတုံးလေးနှစ်တုံး အဘွားပန်းကန်ထဲ ခတ်သည့်ပြီး အနေတော် အတုံးလေးတွေကို စိတ်ရှည်လက်ရှည် နွှင်နေလိုက်သည်။

''ရပြီ အဘွား၊ စားတော့''

''အေး… အေး၊ သမီး ဘာလုပ်နေတာလဲ၊ စားတော့လေ''



www.burmeseclassic.com

"မဆာသေးဘူး"

"သမီး အဒေါ်လာမှ စားပေါ့၊ သွား လုပ်စရာရှိတာသွားလုပ်"

ထွတ်ထား အိမ်ရှေ့ပြန်ထွက်လာတော့ အစ်ကိုဝမ်းကွဲ ကိုကိုတူး ကားလေးရပ်သွားသည်။

"ဟာ... ကိုကိုတူးလာတယ်၊ မမနွယ်နီ မပါဘူးလား"

"မပါဘူး၊ အသိတစ်ယောက်အိမ်လာရင်း လမ်းကြုံလို့ ဝင်လာတာ၊ မေမေရော၊ ဘွားဘွားရော နေကောင်းရဲ့လား"

"အန်တီလင်းက သူ့သူငယ်ချင်းမွေးနေ့သွားတယ်၊ အဘွားက ထမင်းစားနေတယ်"

ထွတ်ထား ကိုကိုတူးလက်မောင်းကို မှီတွဲပြီး အိမ်ထဲခေါ်လာသည်။

"အဘွား... ဒီမှာ ဘယ်သူလဲ ကြည့်စမ်း"

"ဟာ... အတူး၊ တစ်ယောက်တည်းလား"

"အသိတစ်ယောက်ဆီလာရင်း လှည့်ဝင်လာတာ၊ ဘာချက်လဲ အဘွား"

"အဘွားကတော့ ထုံးစံအတိုင်း ကြက်သား၊ သူတို့ဘာချက်လဲ ကြည့်ပါလား"

"ထွတ်ထားတို့က ဝက်သားဟင်း၊ ချဉ်ပေါင်ကြော်၊ စားမလား ကိုတူး"





"မစားတော့ပါဘူးဟာ၊ သွားမယ်"

"သွားတော့မလို့လား၊ အန်တီလင်းကို မစောင့်ဘူးလား"

"နေပါဦး အတူးရယ်"

"နေလို့မရဘူး အဘွားရဲ့၊ ကိစ္စတွေရှိသေးတယ်၊ ကဲ... သွားမယ် သွားမယ်"

ကိုကိုတူး ထွတ်ထားခေါင်းကိုပုတ်ပြီး ပြန်ထွက်သွားသည်။

"တကတည်းမှပဲ၊ မိဘအိမ်လာတာ ဖင်တောင်မထိုင်နိုင်ဘူး"

အဘွား ထမင်းစားမပျက် မှဲ့ရှုံ့ပြောတော့ ထွတ်ထား ပြုံးလိုက်ဦး...

"အဘွားကလည်း သူတို့က ဒီလိုပဲဟာကို၊ ဒါပေမဲ့ သူတို့အားလုံးကတော့ ကျေနပ်နေတာပဲလေ"

"ငါ့သမီး မိလင်းလင်း ကံမကောင်းတဲ့အတွက် စိတ်မကောင်းဖြစ်တာပါ၊ သားသမီးသုံးယောက်မွေးထားပါတယ်၊ တစ်ယောက်မှ အမေကို ကြင်နာတဲ့သူမရှိဘူး၊ အကြီးကောင်ကလည်း မယားနဲ့သားသမီး၊ အငယ်ကောင်ကလည်း မယားနဲ့သမီးနှစ်ယောက်ပဲ လောကကြီးမှာ ရှိတာယ် ဆင်နေတယ်၊ အဲ... အငယ်မကလည်း သမီးလေးမို့ အားကိုးရမလား တော်ပါတယ်၊ မအေဆီက ဘာယူရမလဲ၊ တောင်းရမလဲဘဲ ချောင်းနေတယ်"

"အဘွား ပြီးပြီလား"

www.burmeseclassic.com



''ပြီးပြီ၊ သိမ်းလိုက်တော့ ပိန်မ''

ထုံးစံအတိုင်း အဘွား ဓာတ်ပြားဟောင်းကြီးဖွင့်တော့မှာဖြစ်တဲ့အတွက် ထွတ်ထား အဘွားအတွက် အားဆေးယူရင်း ပိန်မကို လှမ်းပြောလိုက်သည်။

''အဘွား ပြောလည်းပြောပြီ၊ ဒီအားဆေးလေးလည်း သောက်လိုက်ပါဦး''

''အောင်မာ… မိထွတ်ထား၊ ညည်းကပါ ကျုပ်ကို အသလွတ်စကားများနေတဲ့မိန်းမကြီး ထင်လို့လား''

''အဘွားကလည်း သမီးက အဲဒီလိုထင်မလား''

အဘွား မျက်စောင်းထိုးပြီး ဖျစ်တောက်ဖျစ်တောက် ဆက်ပြောနေတုန်း ထွတ်ထား သိမ်းစရာရှိတာ သိမ်းနေလိုက်သည်။

''ဟင်း… ရှေ့လျှောက်ပြီး ငါရင်လေးပါတယ်မိထွတ်ထားရယ်''

''ဘာရင်လေးစရာလည်း အဘွားရယ်၊ အန်တီလင်းက ပိုက်ဆံချမ်းသာတာပဲ၊ အမွေခွဲမပေးသရွေ့တော့ သားတွေ ချွေးမတွေ သမီး သားမက်နဲ့ မြေးတွေက စေတနာပါပါ မပါပါ လာပြုစုမှာပါ''

''ဟဲ့… ငါပြောနေတာ မိလင်းအေးကို မဟုတ်ဘူး၊ ညည်းကို ပြောနေတာ''

''ထွတ်ထားကို''

''ဟုတ်တယ် ညည်းကို''





''ထွတ်ထားက ဘာဖြစ်နေလို့ အဘွားက ရင်လေးနေရတာလဲ''

''ဘာမှမဖြစ်လို့ ရင်လေးနေတာပေါ့အေ''

''ရှမ်… သမီးတော့ အရမ်းနားရှုပ်သွားပြီ အဘွား''

''ညည်းကလေ ပညာတတ်ပြီး တော်တော်အထူအပါးနားလည်တဲ့မိန်းမပဲ၊ လာ… နားရှုပ်ရင် နားရှင်းသွားအောင် ပြောပြမယ်၊ [illegible]နားလာ''

''မမထွတ်ထားက အဘွားပြောလည်း ပြောစရာပဲ၊ အဘွားသဘောက မမထွတ်ထားကို ကောင်းကောင်းမွန်မွန်တစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုစေချင်တာ၊ ရှင်းပြီလား''

''ဟုတ်တယ်၊ ညည်း ပညာတတ်တာ ဘာပညာလဲ၊ စာလုံးဝတတ်တဲ့ ပိန်မလောက်တောင် ခေါင်းမရှိဘူး''

အဘွားမျက်စောင်းတထိုးထိုးနဲ့ မဲ့ကာရွဲ့ကာ ပြောတော့ ထွတ်ထား အော်ရယ်လိုက်သည်။

''ဘာရယ်တာလဲ''

''ရယ်စရာပေါ့ အဘွားကလည်း သမီးအသက်က အခုမှ ၂၅ နှစ်တောင်မပြည့်သေးတာ၊ ယောက်ျားယူစရာလား''

''ဖြစ်မှဖြစ်ရလေအေ၊ ကျုပ် ၁၈ နှစ်နဲ့အိမ်ထောင်ပြုလို့ အခု မြေးတွေရတဲ့အထိ ခေါင်ခေါင်မြည်တုန်းပဲ၊ ညည်းကိုညည်း ငယ်ငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ထင်နေလား၊ အခုခေတ်မှာ ၂၅နှစ်ဆိုတာ တော်တော်ဟိုင်းနေပြီ''

''မဟိုင်းသေးပါဘူး၊ အခုမှ ရည်းစားတောင် မထားဘူးသေးဘူး''

''တကယ့်သိုလ်တက်၊ ဘွဲ့ရ အခုလုပ်ပါ ရနေတာတောင် ရည်းစား မရသေးတာ ညည်းအသိုမကျလို့ပေါ့''

''အဘွားက သမီးကို သိပ်အထင်သေးတာကိုး သမီးကို ကြိုက်နေတဲ့သူတွေ အများကြီး၊ သမီးက တစ်ယောက်မှမကြိုက်ဘူး''

''ဟုတ်လား၊ ငါထင်ပါတယ်၊ ငါ့မြေးလေး ဒီလောက်ချောတာ၊ ကြိုက်တဲ့သူတော့ ရှိမယ်ထင်ပြီးသား၊ ဘာလဲ ငါ့မြေးက ရတာမလိုဖြစ်နေတာလား''

''ဟုတ်တယ်၊ သမီးမျက်စိထဲမှာ တစ်ယောက်မှသဘောမကျဘူး''

ထွတ်ထား ပြောပြီးမှ မနက်က တွေ့တဲ့တစ်ဖက်ခြံကကိုလူချောကို သွားသတိရသည်။ လူကို အထက်စီးကပြောတတ်တဲ့ ဘဝင်ရူးကြီး၊ ဟင်း… ဒါမျိုးများ ထွတ်ထားတို့က လုံးဝပဲ။

'မုန်းတယ်''

''ဟဲ့… ဘယ်သူ့ကိုမုန်းတာလဲ''

အခုမှ ထွတ်ထားယောင်ပြီး ပါးစပ်က ထွက်သွားတာ သတိရ ကာ





''အလကားပါ အဘွားရယ်၊ ထွတ်ထားကို ပိုးနေတဲ့လူတစ်ယောက်ကို သွားသတိရလို့ပါ''

''ဘယ်ကလဲ သမီး ပိုက်ဆံရှိလား''

''ဟာ… အဘွားကလည်း အလကားလူပါ၊ သမီး စိတ်မဝင်စားဘူး''

အဘွားမျက်နှာ ပြန်တင်းပြီး ထွတ်ထားကို မျက်စောင်းထိုးနေသည်။

''အဘွား… လာလေ၊ အိမ်ရှေ့သွားမယ်''

အဘွား စိတ်ဆိုးသွားပုံနဲ့ သူ့ကိုအတွဲမခံဘဲ ဆိုးဆိုးဆတ်ဆတ်နဲ့ ထမင်းစားခန်းက ထွက်သွားသည်။

ခေါင်းကုပ်နေတဲ့ ထွတ်ထားကိုကြည့်ပြီး ပိန်မ သဘောကျနေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ထွတ်ထား မီးပူတိုက်ရင်း အပြောင်းဆန့်လိုက်သည်။

''သမီးထွတ်ထား ထမင်းစားလိုက်ပါလား။ ပြီးမှ ဆက်တိုက်ပေါ့''

''ရတယ် အဘွား''

''ဘယ်ကရမှာလဲ၊ ဒီလောက်တစ်ပုံကြီးကို၊ ပိန်မကို ထည့်နိုင်းလိုက်မယ်လေ၊ ဖွန်းလေးနဲ့တပ်စားပါလား''

''သမီး မစာသေးပါဘူး အဘွားရဲ့၊ ပြီးမှ စားမယ်''

''အောင်မလေး သိပ်အဖြစ်သည်းမနေနဲ့ အဘွားရေ့ သူမဆာသေးလို့ မစားတာ''

''ဘယ်မဆာရှိမလဲအေ၊ တစ်နာရီပဲ ထိုးတော့မှာကို''





''အဲဒါဆိုလည်း စားပေါ့၊ ဘယ်သူက ရိုက်ပြီး ဒါလုပ်ပြီးမှ စားဆိုပြီးနိုင်းနေလို့လဲ''

အဘွားဆက်မပြောတော့ပေမယ့် မျက်နှာကြီးကို မှုန်တင်းထားသည်။

''ဒီမှာ မိထွတ်ထား။ ညည်းဆာရင် စားနော်၊ ညည်းကို ဘယ်သူမှ ရိုက်မနိုင်းဘူး၊ တစ်ခါတလေ လုပ်နိုင်းမိပါတယ် မှားပါတယ်''

ပိုပိုလင်းခေါ် ထွတ်ထားအစ်မဝမ်းကွဲတော်သူ ပါးစပ်က တဖျစ်ဖျစ်ပြောမဆုံးဖြစ်နေသည်။ အန်တီလင်းသည် ငုတ်တုတ်ကြီးထိုင်နေလျက်က သမီးဖြစ်သူ မမပိုကို တစ်ခွန်းမှ ဝင်မဟာန့်ဘဲ မသိဟန်ဆောင်ပြီး တီဗွီကြည့်နေသည်။

အဘွားကိုကြည့်ပြီး ထွတ်ထား ဆုံးဖြတ်လိုက်သည်။ မီးပူအလပ်ကိုဖြုတ်လိုက်ကာ...

''အဘွား ကော်ဖီသောက်မယ်လေ၊ သမီးလည်း တစ်ခါတည်း ထမင်းစားလိုက်တော့မယ်၊ လာ... ''

ထွတ်ထား အဘွားကို တွဲထူတော့ အဘွားအလိုက်သင့်ပင် ထလိုက်သည်။

''တစ်ခါတလေ လာမိပါတယ်၊ အကုသိုလ်ကိုများတယ်''

''အကုသိုလ်များရင်လည်း မလာနဲ့ မိပိုရယ်၊ ကြားထဲက ငါစိတ်ညစ်ရတယ်''



www.burmeseclassic.com

www.burmeseclassic.com



''မေမေက ဘာဆိုင်လို့ စိတ်ညစ်ရတာလဲ''

''စိတ်ညစ်တာပေါ့၊ မေမေကတစ်မျိုး၊ သမီးကတစ်မျိုးနဲ့''

''မေမေ ပိုပို့ကို လာဆွဲမထည့်နဲ့၊ မေမေ့အမေကိုသာ ပြော ထား၊ မြေးချင်းအတူတူတောင် သူက မိထွတ်ထားမှ မိထွတ်ထား''

''အဲဒီလိုလည်း မဟုတ်ပါဘူးအေ၊ ဟိုက မိဘမရှိလို့ အသနား ပိုတာပါ''

''မေမေ ဘာမှကာပြီးပြောမနေနဲ့၊ မေမေ့တူမလည်း မကောင်း ဘူး''

''မကောင်းရအောင် ဘာဖြစ်နေလို့လဲ''

''မေမေ့တူမကို ပိုပို ကြည့်လို့ကို မရဘူး''

''ဖြစ်မှဖြစ်ရလေ မိပိုရယ်၊ ထွတ်ထားက ညည်းညီမဝမ်းကွဲ လေးပါအေ၊ သူ့ခမျာ ညည်းတို့ကိစ္စဆိုလည်း ပျာနေအောင် လုပ်ပေး တာတောင် ဘယ်လိုဖြစ်လို့ ကြည့်မရဖြစ်နေတာလဲ''

''အဲဒီလို အားလုံးက အကဲပိုကြလို့ကို ကြည့်မရတာ''

''ဩော်… ဒုက္ခ၊ ဒုက္ခ''

ဒေါ်လင်းအေး သမီးဖြစ်သူကို ခပ်တည်တည်ကြည့်ပြီး…

''နေပါဦး၊ ညည်းတို့အိမ်က နိုင်းထားတဲ့ကောင်မတွေ တစ်ခါ ကြီးက ဘယ်ရောက်ကုန်လို့ ဒီအဝတ်အစားတစ်ပုံကြီး မချလာရတာလဲ''

''ယောက္ခမကြီး ဘုရားဖူးထွက်လို့ အားလုံးပါသွားကြတယ် လေ''





''ကျန်တဲ့အဝတ်တွေကို ပိန်မသာ တိုက်ခိုင်းလိုက်၊ ထွတ်ထား က တစ်ပတ်မှာတစ်ရက်နားရတာ၊ အမေ့ကိစ္စတွေလည်း သုပ်လုပ်ရတာ၊ မနေ့ကလည်း ညည်းအဘွားဗိုက်နာလို့ ရုံးတစ်ရက်ဖျက်လိုက်ရတယ်''

''ရတယ်၊ ရတယ်၊ ပိန်မကိုတော့ မတိုက်ခိုင်းဘူး၊ ပိုပို့ဘာသာ တိုက်မယ်''

''ပိန်မတိုက်တာလည်း ပြန့်ပါတယ်၊ ငါတို့အဝတ်အစားတွေ လည်း ပိန်မပဲ တိုက်ပေးတာ''

''အမေ့သားမက်က မီးပူတိုက်ရင် ကော့နေမှကြိုက်တာ၊ အကျႌ ခေါက်တာကအစဟိုဘက်ဒီဘက်ညီမှ''

ဒေါ်လင်းအေး သမီးဖြစ်သူကို မဲ့ပြီးကြည့်လိုက်သည်။

ထွတ်ထား အဘွားကို အခန်းထဲပို့ပြီး အဘွားအိပ်ပျော်မှ အသာလေးထွက်လာခဲ့သည်။ အန်တီလင်း ဒရင်ဘာတ်ပေါ်မှာ တီဗွီကြည့် ရင်း အိပ်ငိုက်နေသလို ပိန်မလည်း အန်တီလင်းဘေးမှာ ထိုင်ပြီးငိုက်နေ သည်။

မီးပူကို စောင့်ကြီးအောင့်ကြီးတိုက်နေတဲ့ မမပိုကိုကြည့်ပြီး ထွတ်ထား ရယ်ချင်သွားသည်။ ထွတ်ထားလိုက်ဖို့ စိတ်ကူးပေမယ့် ဘာ အလုပ်မှ မလုပ်တတ်တဲ့ မမပိုကို ကြည့်ပြီး ကြင်နာတတ်တဲ့ ထွတ်ထား စိတ်က မနေနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



''ပေး... ပေး... မမပို ထွတ်ထားတိုက်မယ်''

မမပို ဟန်ဆောင်ပြီးတောင် မငြင်းဘဲ တိုက်လက်စ အကျီကို ဒီအတိုင်းထားထလာသည်။

''ဟဲ့... ပိန်မ လက်ဖက်သွားသုတ်စမ်း၊ မင်န်စေနဲ့နော်''

''ဟုတ်ကဲ့''

ပိန်မ လှစ်ခနဲ ထသွားသည်။ မမပို ဆိုဖာကိုမှီပြီး မျက်စိမှိတ် ထားသည်။ ထွတ်ထား မပြီးဆုံးနိုင်သေးတဲ့ အဝတ်တွေကို မီးပူဆက် တိုက်ရင်း ကိုယ့်ဘဝအကြောင်း စဉ်းစားနေမိသည်။

ထွတ်ထားသည် ငယ်ငယ်လေးကတည်းက ကံဆိုးခဲ့သော မိန် ကလေးတစ်ယောက်ဖြစ်သည်။ ထွတ်ထားကို မွေးပြီးတစ်နှစ်အကြာမှ မေမေ ဒေါ်နှင်းအေး ကွယ်လွန်သွားသည်။ အဘွားဒေါ်အေးမိသည် ရောဝတီတိုင်း(ကျုံမငေး)မြို့ဇာတိဖြစ်ပြီး အဘိုး ရန်ကုန်သားနဲ့ အကြောင် ပါခဲ့သည်။

အန်တီလင်းက ရန်ကုန်သားနဲ့ ဖူးစာဆုံပြီး ထွတ်ထား အမေ ဒေါ်နှင်းအေးက ကျုံမငေးသားနဲ့ဘဲ ဖူးစာဆုံကာ ထွတ်ထားကို မွေး သည်။ အဘိုးဆုံးပြီးနောက် အဘွားကို အန်တီလင်းခေါ်ထားသလို မေမေ ဆုံးသွားတော့လည်း တစ်နှစ်အရွယ်လေး ထွတ်ထားကိုပါ ခေါ်ထားပြီ နို့ဗူးတိုက်မွေးခဲ့သည်။

အဘွားနဲ့ အန်တီလင်းသည် ထွတ်ထားကို တစ်နှစ်သမီးလေ





ကတည်းက ပိုးမွေးသလို မွေးခဲ့တဲ့အပြင် ဝတ်တာစားတာကိုလည်း အန်တီလင်းက သမီးဖြစ်သူ မမပိုနဲ့တန်းတူထားခဲ့သည်။ ဒါကို မမပိုက မကျေနပ်ချေ။

အစ်ကိုနှစ်ယောက်ဖြစ်တဲ့ ကိုကိုထူးနဲ့ ကိုကိုတူးကတော့ ယောကျ်ားလေးတွေဖြစ်တဲ့အတွက် ထွတ်ထားကို မမပိုလောက် မလိုလား ဟန်မပြသော်လည်း ထွတ်ထားကို အမွေတစ်စုခွဲပေးရမှာတော့ သူတို့မလို လားကြပါ။

အန်တီလင်းသည် ထွတ်ထားကို မိဘမဲ့ဘုမလေးမို့ သနားပြီး ချစ်သော်လည်း သမီးနဲ့သားတွေက မကြိုက်သဖြင့် ဟန်ဆောင်နေရ သည်။ ထွတ်ထားကို ပေးတာကျွေးတာတောင် သားသမီးတွေ ကွယ်ရာမှ သာ ပေးရကျွေးရတဲ့အတွက် အဘွား မကျေမနပ်ဖြစ်နေခြင်းဖြစ်သည်။

အန်တီလင်း ယောကျ်ားသည် ပိုက်ဆံချမ်းသာသော သူဌေး သားတစ်ယောက်ဖြစ်တဲ့အတွက် ကွယ်လွန်သွားချိန်တွင် မိန်းမနဲ့သားသမီး တွေအတွက် ပစ္စည်းနဲ့ငွေတွေ တော်တော်များများ ချန်ထားခဲ့သည်။

အန်တီလင်း သားနှစ်ယောက်နှင့်သမီးသည် အသုံးအဖြုန်း အလွန်ကြီးပြီး အိမ်ထောင်ကိုယ်စီကျသွားတော့လည်း အမေမှဆိုးမကို သွားဘဲ ရသမျှကို အပြိုင်အဆိုင် ဖျစ်ညှစ်ယူကြသည်။

သားသမီးကို သိပ်ချစ်တဲ့ အန်တီလင်းသည် သားသမီးတွေ အလုပ်လုပ် ဘာတောင်းတောင်း အပြုံးမပျက်ခဲ့ပေ။ အိမ်ထောင်အသီး



www.burmeseclassic.com

www.burmeseclassic.com



သီး ကိုယ်စီလုပ်ငန်းတွေနဲ့ ချမ်းသာနေကြသော်လည်း မတင်းတိမ်နိုင်သေးဘဲ ထွတ်ထားကို ကျောင်းထားတာ အဘွားကို ဆေးကုပေးတာတွေကို စောင်းချိတ်ပြောတတ်သည်။

အဘွားသည် အန်တီလင်းမွေးတဲ့ သားတွေနဲ့သမီးကို စိတ်နာပေမယ့် သမီးကိုချစ်တဲ့အတွက် မကျေနပ်တာတွေကို သူ့ရင်ထဲမှာ အောင့်အီးထားသည်။

အန်တီလင်းကိုယ်တိုင်က သားသမီးတွေကို မပြောရက် မဆိုရက် သိပ်ချစ်သဖြင့် အဘွားလည်း မပြောသာဘဲ ရှိနေသည်။ ဒါတောင် ထွတ်ထားကို အသလွတ် အံပြစ်မရှိ အပြစ်ရှာလာလျှင် ထွတ်ထားဘက်က မခံမရပ်နိုင် ပြန်ပြောတော့ မမပို အဘွားကို မကြည်ဖြစ်နေသည်။

မမပိုသည် ထွတ်ထားကို သူမ အပျိုကတည်းက အလိုလိုကြည့်မရဘဲ အလကားနေ အပြစ်ရှာနေတတ်သည်။ ဒါတောင် ကျောင်းတစ်ဖက်နဲ့ သူတို့မောင်နှမသုံးယောက်ရဲ့ ကိစ္စကို ထွတ်ထားလောက်လုပ်ပေးတာမရှိပါ။

မမပိုသဘောဆိုရင် ထွတ်ထားကို ကျောင်းမထားဘဲ အိမ်မှာပဲ သူတို့ရဲ့ ဝေယျာဝစ္စတွေနဲ့ မအားလပ်အောင် ရှိနေစေချင်သည်။

မအေညီအစ်မက မွေးထားတဲ့ ညီမဝမ်းကွဲလေး ထွတ်ထားကို မချစ်ရင်နေပါ။ နိုင်းချင်တာလည်း နိုင်းပါ။ အမြဲတမ်းအပြစ်မရှိအပြစ်ရှာပြောတာကိုလည်း ထွတ်ထား သည်းခံနိုင်ပါတယ်။





အခုဟာက လာသမျှ ဧည့်သည်အပေါင်းကို ထွတ်ထားက အိမ်ဖော်တစ်ယောက်လိုကို နှိမ့်ချပြောဆိုပြီး လူရှေ့သူရှေ့ဆို ပိုနိုင်းတတ်သည်၊

ထွတ်ထား ဘွဲ့ရတာကိုလည်း မကျေနပ်။ ကွန်ပျူတာစာရင်းကိုင်စသည့် သင်တန်းတွေတက်တာကိုလည်း မလိုလား။ နောက်ဆုံး သူငယ်ချင်းတစ်ယောက်အဆက်နဲ့ ဆေးကုမ္ပဏီတစ်ခုမှာ အလုပ်ရတော့လည်း အမျိုးမျိုးဖျက်သည်။

အဘွားကိုယ်တိုင် အမှန်းခံပြီး ရဲရဲတင်းတင်း ဝင်ပြောမှ အန်တီလင်းလည်း မနေနိုင်ဘဲ ထွတ်ထားအလုပ်လုပ်ဖို့ သဘောတူတော့ မမပို စိတ်ကောက်ပြီး အိမ်ကိုနှစ်ပတ်လောက်မလာဘဲ ဆန္ဒပြနေသည်။

နောက်ပြီး သူ့ဟာသူပြန်လာကာ ထွတ်ထားကိုလည်း လခတစ်ဝက် အန်တီလင်းကို အပ်ရမည့်အကြောင်းပြောသည်၊ တကယ်လည်း ထွတ်ထားရဲ့လခကို တစ်ဝက်တောင်မဟုတ်ပါ။ အပြည့်အပ်ခဲ့ပေမယ့် အန်တီလင်း မယူပါ။

ကိုယ့်ဟာကိုယ်စုထားနိုင်းသည်။ မမပိုမေးရင်တော့ ပေးတယ်ပြောဖို့ အန်တီလင်းပိတ်ထားသည်။ ဒါပေမဲ့ ထွတ်ထားက သိတတ်ပါတယ်။ အိမ်အတွက် လိုအပ်တဲ့ပစ္စည်းအပြင် အဘွားအာဟာရတို့ အားဆေးတို့ပါ ကိုယ့်ဟာကိုယ်ဝယ်သည်။

အဘွားက မဝယ်ဖို့ ပိုက်ဆံကိုပဲ ကျစ်ကျစ်လစ်လစ်စုထားဖို့



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးတိတ်တိတ်ကြိတ်ဆူသည်။ အစ်ကိုနှစ်ယောက်ကလည်း မိန်းမနဲ့သားသမီးတွေအကြိုက် ဟိုဟင်းချက်ခိုင်း ဒီဟင်းချက်ခိုင်းတာကတစ်မျိုး တနင်္ဂနွေလိုနေ့မျိုးမှာ ထမင်းလာစားကြတာတဖုံ စသည့်အမျိုးမျိုး အဖုံဖုံတွေကြားမှာ ထွတ်ထားဘဝက အဘွားနဲ့အန်တီလင်းရှိလို့သာ တော်တော့တယ်။

ဒါကြောင့်လည်း အဘွားက သူမသေခင် ထွတ်ထားကို ပိုက်ဆံချမ်းသာပြီး ကြင်နာတတ်တဲ့သူတစ်ယောက်နဲ့ မြန်မြန်နီးစပ်စေချင်တာဖြစ်သည်။

ထွတ်ထားကလည်း ဒါတွေစိတ်မဝင်စားတော့ အဘွားဒေါ်တွေ့ပွနေသည်။ နောက်ပြီး မမပိုစိတ်ထဲမှာ စိတ္တဇဖြစ်နေတာတစ်ခုသည် ထွတ်ထားကို ယောကျာ်းကောင်းကောင်းနဲ့ ရသွားမှာကို အလွန်တရာစိုးရိမ်နေခြင်းဖြစ်သည်။

သူ့ထက်သာသွားမှာ အရမ်းကြောက်ပြီး သူတို့မိသားစုအတွက်ပဲ တစ်သက်လုံးအလုပ်အကျွေး ပြုစေချင်သည်။ ထိုကိစ္စကို အဘွားကမကျေလယ်ဆုံးဖြစ်သည်။

သူ့ယောကျာ်း အသိုင်းအဝိုင်းဘက်မှ ကိုယ့်ညီမကို ကောင်းစားစေချင်လျှင် လုပ်ပေးလို့ရလျက်သားနဲ့ ဖြစ်သွားမှာကိုတောင် စိုးရိမ်နေတော့ အဘွားတော်တော်ကြီးတင်းကာ သမီးဖြစ်သူ အန်တီလင်းကိုပဲ တူမလေးအတွက် နေနိုင်လွှန်းတဲ့သူအဖြစ် ထွတ်ထားကို မကြာခဏ ရင်ဖွင့်သည်။





ထွတ်ထားကတော့ အားလုံးကို အပြည့်အဝနားလည်ထားပါတယ်။ အခုလည်း ကြည့်လေ။ သူတို့အိမ်က ကောင်မလေးတွေမရှိလို့ မီးပူတိုက်စရာတွေ တစ်ပုံကြီးယူလာတဲ့အပြင် ထွတ်ထားပဲတိုက်ပေးပါဆိုတော့ ဘယ်ငြင်းလို့ကောင်းတော့မှာလဲ။

ထွတ်ထားက သူတို့ဝင်္ကြေးတွေ မကုန်သေးဘူးဘဲ သဘောထားလိုက်ပါတယ်လေ။ ထွတ်ထား မမပိုတို့အတွက် အကျႌတွေ ခုံပေါ်တင်ပေးထားကာ အိမ်ကအကျႌတွေကို ယူပြီး အိမ်ထဲဝင်ဖို့ပြင်တော့...

"ထွတ်ထား လက်ဖက်လာစားလေ"

"မစားတော့ဘူး အန်တီလင်း၊ ဗိုက်ပြည့်နေလို့"

ထွတ်ထားလှည့်ပြောပြီး အိမ်ထဲပြန်ဝင်လာခဲ့သည်။ မမပိုသည် ဟန်ဆောင်ပန်ဆောင်တောင် မခေါ်ဘဲ သူ့ဟာသူ လက်ဖက်စားရင်း ဘိုဗီကြည့်နေသည်။

မမပို ထွတ်ထားကို ဘာဖြစ်လို့ မုန်းတာလဲဆိုတာ စဉ်းစားတိုင်း အဖြေမရဘူး၊ ညီအစ်မဝမ်းကွဲပေမယ့် ထွတ်ထား သူ့အပေါ်ထားတဲ့ စိတ်ဓာတ်နဲ့ သူ ထွတ်ထားအပေါ်ထားတဲ့ စိတ်ဓာတ် ပတူညီပုံကို အံ့သြနေမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ထွတ်ထား ဒီနေ့ လခထုတ်တဲ့နေ့ဖြစ်လို့ အဘွားအတွက် အားဆေး အဘွားကြိုက်တဲ့ ရေခဲမုန့်၊ အန်တီလင်းကြိုက်တဲ့ ငှက်ပျောသီးရွှေကြည်နဲ့ နွားနို့ဗူးအပြင် မနက်ဖြန် ရုံးပိတ်ရက် မုန့်ဟင်းခါးချက်စားဖို့လည်း ငါးတွေ ငါးဖယ်တွေနဲ့ ဘဲဥ ပဲကြော်တွေ စုံနေအောင် ဝယ်ခဲ့သည်။

အဘွား တိုးတိုးတိတ်တိတ် ကြိတ်ဆူထားလို့ အခုလောက်ပဲ ဝယ်ခြင်းဖြစ်သည်။ အခုဆို ထွတ်ထားအလုပ်လုပ်တာ တစ်နှစ်ပြည့်တော့မည်။ စုထားတဲ့ လခလေးတွေထုတ်ကြည့်ပြီး ကျေနပ်ပီတိတွေဖြစ်နေသည်။





ဒါဟာလည်း အန်တီလင်း ကျေးဇူးတွေပါ။ ထွတ်ထားအပေါ်ကောင်းတဲ့ အန်တီလင်းကို ကောင်းကောင်းကျေးဇူးပြန်ဆပ်ဖို့ ဆုံးဖြတ်ထားသည်။ ထွတ်ထား စိတ်ကူးယဉ်ပြီး လျှောက်လာစဉ် နောက်ကကားဟွန်းသံကြောင့် တစ်ဖက်ကို ကပ်ပေးလိုက်သည်။

ဟုတ်လည်းဟုတ်တာပဲ။ ထွတ်ထား လမ်းလယ်ခေါင်က လျှောက်ပြီး စိတ်ကူးယဉ်နေမိတာကို။ အဆက်မပြတ် ထပ်တီးနေတဲ့ဟွန်းသံကြောင့် ဘာရယ်မဟုတ် လှည့်ကြည့်လိုက်သည်။

''ဟော့… မင်း နားကန်းနေလား၊ ဒီမှာ ဟွန်းတီးနေတာ မကြားဘူးလား''

ဒီအသံနဲ့ ဒီရုပ်ကို ဘယ်မှာမြင်ဖူးလဲ ထွတ်ထားစဉ်းစားနေမိသည်။

''ဟား… ဘယ်လိုလဲကွ၊ ဟော့… မင်းကို ကြည့်နိုင်းနေတာ မဟုတ်ဘူး၊ လမ်းဖယ်ခိုင်းနေတာ''

''ဖယ်ထားတာ မတွေ့ဘူးလား''

''ဖယ်တာကလည်း မလွတ်မလပ်နဲ့၊ လမ်းဘေးကို နည်းနည်းလောက် ထပ်တိုးတော့ ဘာဖြစ်မှာမို့လဲ''

''ရှင် ကားမမောင်းတတ်ဘူးလား''

''ဘာပြောတယ်''

''ရှင် နားပါကန်းနေတယ်ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဘာ… ဘာ… မိုက်ရိုင်းလှချည်လား''

''ဩော်… သူများကိုတော့ ချိုးချိုးဖွဲ့ဖွဲ့ ကန့်နေလားမေးပြီး ရှင့် ကန်းနေလားမေးတော့ ရိုင်းတယ် ဟုတ်လား''

''ရိုင်းတာပေါ့၊ ငါ မင်းထက် အသက်အများကြီးကြီးတယ်''

ရှင်းသန့်ဘုံ ဆက်ပြောနေလည်း ထူးမှာမဟုတ်တဲ့အတွက် တက် တစ်ချက်ခေါက်ပြီး သူမနားက ပွတ်ကာသီကာလုပ်ကာ ကားမောင်း လာခဲ့သည်။

နန်းထွတ်ထား လန့်သွားပြီး…

''အောင်မလေး ဘုရား ဘယ်လိုလူစားလဲ မသိဘူး၊ သူ့အမေ ပိုင်တဲ့လမ်းကျနေတာပဲ''

ထွတ်ထား မကျေမနပ် ပွစိပွစိပြောနေစဉ်မှာပဲ ထိုကားလေး သည် ထွတ်ထားတို့ဘောကခြံထဲသို့ မောင်းဝင်သွားသည်။

''ဩော်… ဘယ်သူများလဲလို့၊ သင်းကို ဒါကြောင့်မြင်ဖူးတယ် ထင်နေတာ၊ ရုပ်လေးချောသလောက် တော်တော်ဘဝင်မြင့်ပြီး လူတစ် ဖက်သားကို နှိမ့်ချတတ်တာပဲ''

ထွတ်ထား ခြံထဲမဝင်သေးဘဲ ခြံဝမှာ ခါးထောက်ရပ်ပြီးတစ် ယောက်တည်းပြောနေခြင်းဖြစ်သည်။

''မမထွတ်ထား… ပြန်လာပြီ၊ ပေး၊ ကျွန်မကို ပေး''

''ဘာတွေဝယ်လာပြန်တာလဲ ထွတ်ထားရယ်''





ပိန်မ ပစ္စည်းတွေ ကူသယ်ပေးတော့ ညှော်ခန်းမှာ ထိုင်နေတဲ့ အန်တီလင်း လှမ်းမေးခြင်းဖြစ်သည်။

''အဘွားအတွက် ဆေးနဲ့ အန်တီလင်းအတွက် နွားနို့နဲ့ ငှက် ပျောသီးရွှေကြည်''

''မဝယ်ပါနဲ့အေ၊ ကိုယ့်ဟာကိုယ် စုထားစမ်းပါ''

''သမီး လခထုတ်ရက်ကိုတော့ အဘွားနဲ့အန်တီလင်းအတွက် ကြိုက်တတ်တာလေးတွေ ဝယ်ပါရစေ၊ ကျန်တာတွေကို သမီးစုထားပါ တယ်''

''အေးပါ၊ အန်တီက ညည်းအတွက်ပြောတာပါ''

''ထွတ်ထား အန်တီလင်းစေတနာကို နားလည်ပါတယ်''

''ကဲ… ကဲ… သမီးနားပြီး ရေချိုး''

''ဟုတ်ကဲ့ အဘွား''

အဘွားနဲ့ အန်တီလင်းကို နှုတ်ဆက်ပြီး ထွတ်ထားအိမ်ထဲဝင် ခဲ့သည်။

''ပိန်မရေ… ရေခဲမုန့်နဲ့ နွားနို့ပူး ရေခဲသေတ္တာထဲထည့်လိုက် နော်''

''ထည့်လိုက်ပြီ''

''နင့်အတွက် ထမိန်တစ်ထည်ဝယ်လာတယ်''

''ဟုတ်လား၊ ပြစမ်း မမထွတ်ထား''



www.burmeseclassic.com

www.burmeseclassic.com



''တို့ ထမင်းစားမယ် ပိန်မရေ၊ ထမင်းပွဲပြင်တော့''

အန်တီလင်းဝင်လာရင်းပြောလိုက်တော့ ထွတ်ထား ပိန်မက် မျက်စပစ်ပြပြီး ထမင်းစားခန်းထဲက လစ်ထွက်ခဲ့သည်။ ထွတ်ထား ရော ကမန်းကတန်းချိုးပြီး အပေါ်မှ အပြေးကလေးဆင်လာခဲ့သည်။ ထမင်းစား ခန်းထဲအရောက် အခုထိ ထိုင်နေတဲ့အဘွားကိုတွေ့တော့ အံ့သြသွားပြီး

''ဟာ... အဘွား အခုထိ မပြီးသေးဘူးလား''

''ပြီးပါပြီအေ၊ သမီးကိုပြောစရာရှိလို့ စောင့်နေတာ''

''ကဲ... ပြော၊ ပိန်မ ထမင်းစားမယ်ဟာ၊ ဗိုက်အရမ်းဆာနေ ပြီ၊ အဘွား ထမင်းစားရင်းနဲ့ နားထောင်လို့ရတယ် မဟုတ်လား''

''ရတယ်၊ ဘယ်လိုနားထောင် နားထောင်''

အဘွားမျက်နှာသည် ပြုံးစိစိဖြစ်နေတယ်လို့ ထွတ်ထားထင် တယ်၊

''မနက်ဖြန် သမီး ရုံးပိတ်တယ်နော်''

''ပိတ်တယ်၊ တနင်္ဂနွေနေ့လေ အဘွားရဲ့၊ ဘာဖြစ်လို့လဲ''

''အဟင်း... အဟင်း... မဖြစ်ပါဘူး သမီးရယ်၊ မနက်ဖြန် ကိုလေ ဟိုဘက်အိမ်သစ်က အိမ်သစ်တက်ပွဲနဲ့ ဘုရားအနေကဇာတင် ပွဲကို လာဖိတ်ထားတယ် သမီးရဲ့''

''ဟုတ်လား။ အဘွား သွားမလို့လား''

''သွားရမှာပေါ့၊ အဘွားတင်မဟုတ်ဘူး အန်တီလင်းရော





သမီးရော အားလုံးကို ဖိတ်ထားတာ''

''ဟင်... သမီးနဲ့မှ မသိတာ''

''သမီးရယ် အခုမသိလည်း နောက်တော့ သိရမှာပေါ့၊ ခြံနီး နှင်တွေပဲ အရင်တရက်တွေလို မဟုတ်ဘူး သမီးရဲ့၊ ကောင်လေးရုပ်လေး က ချောချောသန့်သန့်လေးအပြင် သဘောကလည်း ကောင်းလိုက်တာ ပိန်မ မေးကြည့်ပါလား''

ထွတ်ထား ထမင်းစားရင်း ပိန်မဘက်လှည့်ကြည့်တော့ ပိန်မ ထမင်းပလုပ်ပလောင်းစားနေရင်း ခေါင်းညိတ်ပြသည်၊

''အဲဒါလေ သိလား သမီး၊ တစ်အိမ်လုံးလာပါတဲ့၊ မိဘတွေက ည်း ငယ်ငယ်ကတည်းက ဆုံးသွားတဲ့အတွက် သူနဲ့သူ့ညီမလေး နှစ်ယောက်ပဲရှိတာတဲ့၊ အဘွားကိုရော အန်တီလင်းကိုရော သူတို့ကို ားသမီးတွေလိုပဲ သဘောထားပြီး မတော်တာတွေ့ရင် ဆုံးမပါတဲ့၊ ဒို့ထဲမှာ မီနီမတ်ကတ်ကြီးဖွင့်ထားတာ၊ မောင်နှမနှစ်ယောက်လုံး ဘွဲ့ရပြီး ကိုယ်တိုင်ဦးစီးလုပ်ကိုင်နေကြတာလေ၊ အခု လုပ်ငန်းချဲ့ဖို့အတွက် ဒီခြံ ဲတိုက်ကိုနေဖို့ဝယ်လိုက်တာ၊ အားကျဖို့ကောင်းလိုက်တာ သမီးရယ်''

အဘွားသည် ရေပတ်မဝင်အောင်ပင် တရစပ်ပြောသွားပြီး နောက် ထွတ်ထားမျက်နှာကို အကဲခတ်နေသည်၊ အဘွားကသာ သဘော ကောင်းတယ်ပြောတာ။ သမီးနဲ့တော့ အပေါက်ဆိုးကြီးပါ။

ငယ်ငယ်လေးကတည်းက မိဘမရှိရှာဘူးဆိုတာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ထွတ်ထားဘဝနဲ့ကိုယ်ချင်းစာပြီး သနားသွားသည်။ ဒါတောင် သူတို့က မောင်နှမနှစ်ယောက်ရှိတဲ့အပြင် ပိုက်ဆံလည်း ချမ်းသာသည်။

"ဟဲ့... ထွတ်ထား"

"ရှင် အဘွား"

"ငါ့ကိုလည်း ပြန်ပြောပါဦးဟယ်"

"ဘာပြန်ပြောရမှာလဲ အဘွားရဲ့"

"တစ်ခုခုလောက်တော့ ပြန်ပြောပေါ့အေ၊ ဘွားအေလုပ်တဲ့သ က အမြုပ်တစီစီထွက်အောင်ပြောနေတာတောင် တစ်ခွန်းပြန်မပြောဘူး"

"သမီးမှ သူတို့ကိုမသိတာ ဘာပြောရမှာလဲ"

"အခုမသိလည်း နောက်သိမှာပဲ၊ ဒါကြောင့် မနက်ဖြန် လိုက်ခဲ့ရမယ်"

"မလိုက်ချင်ပါဘူး။ အဘွားနဲ့ အန်တီလင်းပဲ သွားပါ"

"မိထွတ်ထား မရှည်နဲ့၊ ညည်းလိုက်ကို လိုက်ရမယ်၊ လိုက်မှ ဖြစ်မယ်"

"ဟင်း... ဒွတ်ကြီးပဲ"

ထွတ်ထား ဘာပြောပြော ခေါင်းမညိတ်ဘူးဆိုတဲ့ ပုံစံနဲ့ ခြေသ ပြင်းပြင်းနင်းပြီး အဘွားထွက်သွားသည်။

"အဘွားတစ်ယောက်နဲ့တော့ စိတ်ညစ်ပါတယ်"

"စိတ်မညစ်နဲ့ မမထွတ်ထားရေ၊ အဘွားက အကြံအစည်း မမကို ခေါ်တာ"





"ဘာအကြံအစည်လဲ"

"အဲဒီ ရှင်းသန့်ဘုံဆိုတဲ့လူကြီးနဲ့ နီးစပ်အောင် တမင်ခေါ်တာ"

"ဘယ်က ရှင်းသန့်ဘုံလဲ"

"ဟိုဘက်အိမ်က ခြံပိုင်ရှင်ကြီးလေ"

"မဟုတ်တာဟယ်"

ထွတ်ထား စားခါနီး ထမင်းလုတ်တောင် ပြုတ်ကျသွားသည်။ မျက်နှာကြောတင်းတင်းနဲ့ ဘဝင်ခပ်မြင့်မြင့်ကိုလူချောကို မျက်စိထဲ ပြန်မြင်တော့ စိတ်ထဲလည်း တင်းသွားသည်။

ဒီလိုလူမျိုးက ထွတ်ထားကို ကြိုက်ပါလိမ့်မယ်။ ထွတ်ထားက လည်း ဘယ်လောက် ပိုက်ဆံရှိရှိ ဘယ်လောက်ချောနေပါစေ ယောကျာ်း ဘန်မှဲ ဘဝင်မြင့်တဲ့သူကို မကြိုက်ရေးချ မကြိုက်ဘဲ၊

"အေးပါ၊ အခုနေတော့ ပြောထားပေါ့၊ လူမြင်မှ မမ အပြတ် ကြွေသွားလိမ့်မယ်"

"အောင်မာ ငါ့များ ယောကျာ်းချောချောလှလှမမြင်ဖူးတာ ကျနေတာပဲ၊ ဒီမှာ ပိန်မ ငါ့ကို ကျောင်းတုန်းကရော သင်တန်းတက် တုန်းကရော အခုအလုပ်မှာရော စိတ်ဝင်စားနေတဲ့ ယောကျာ်းတွေ ကမှချော ချမ်းသာမှချမ်းသာပဲ၊ ငါကိုယ်တိုင်က လုံးဝဖိတ်ပဝင်စားတာ နော်"

"ဘာဖြစ်လို့ စိတ်မဝင်စားရတာလဲ၊ အဘွားပြောသလို ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာဆို ဆွဲစီထား မမရဲ့''

''ငါ့မှာ အဘွားရှိတယ်၊ အဒေါ်ရှိတယ်၊ နောက်ဆုံး နင်ရှိတယ် ဘာလုပ်မှာလဲ''

''မမက သိပ်ခက်တာပဲ လူတိုင်းဟာ အချိန်တန် အရွယ်ရောက် ရင် အိမ်ထောင်ပြုရမှာပဲ၊ အခုမမက မိဘလည်းရှိတာ မဟုတ်ဘူ အဘွားနဲ့ အန်တီကသာ တစ်ခုခုဖြစ်သွားရင် မမ အစ်ကိုတွေ အစ်မတွေ အနားတောင် ကပ်လို့ရမှာမဟုတ်ဘူး''

''နင်ကလည်းဟယ်၊ ငါ့အဒေါ်နဲ့အဘွားက အခုထိ ကျန်းမာ တုန်းပါ၊ ဘာမှမဖြစ်နိုင်သေးပါဘူး''

''သခ်ၤါရတရားဆိုတာ ကြီးတယ် ငယ်တယ်ပြောလို့ရမလား မမ ကျွန်မထက် ပိုသိပါတယ်၊ မပြောကောင်း မဆိုကောင်း အန်တီလင် သာ အရင်လျှောလို့က အဘွားနဲ့မမကို ဒေါ်ပိုပိုလင်းတို့က ခေါ်ထားမ များ ထင်နေလား''

''ငါကရော နေမယ့်ရုပ်လား၊ မပူပါနဲ့ဟာ၊ ငါ့မှာစုထား ပိုက်ဆံလေးတွေရှိပါတယ်''

''ဟင်း... သူ့ပိုက်ဆံလေး ခြောက်ပြားတစ်ပဲကို လာပြော တယ်''

''နင် ငါ့ကို တော်တော်အထင်သေးတာပဲ ပိန်မရယ်''

''အထင်သေးတာ မဟုတ်ဘူး၊ မမဘက်က မခံချင်လို့ပြော





တာ၊ အဘွားကလည်း အဲဒါတွေ စိတ်မချဖြစ်နေတာ''

''အဲဒါ ငါက ဘာလုပ်ရမှာလဲ''

''အဟဲ... ရင်သန့်ဘုံဆိုတဲ့လူကြီးက တော်တော်ချမ်းသာတာ မမရဲ့၊ အဲဒီလူကြီးနဲ့သာ မမနဲ့ငြိသွားရင်လေ မမ ဘဝတစ်သက်စာ အတွက် ဘာမှကို ပူစရာမလိုတော့ဘူး၊ ဘာပဲဖြစ်ဖြစ် အန်တီလင်း အတွက်ကတော့ သူ့သားတွေနဲ့ သမီးတွေရှိသေးတယ်၊ အဘွားနဲ့ ကျွန်မ အတွက်က မမ အဲဒီလို တင့်တင့်တယ်တယ်ဖြစ်သွားမှ အားကိုးအား ထားရမှာလေ၊ ဒါကြောင့် မနက်ဖြန်ကို အလှဆုံးပြင်ပြီး အဘွားတို့နဲ့ ဟိုဘက်အိမ်လိုက်သွားနော်''

''နင်က ငါ့ကိုသာ စွတ်ပြောနေတာ၊ ဟိုက ဘာမှန်းညာမှန်း သိ''

''မမရယ်... အရမ်းသဘောကောင်းပါတယ် ဆိုမှ၊ အဘွားတို့ နဲ့ စကားပြောနေတာ အဆင်ကိုချောနေတာပဲ၊ ကျွန်မ ချောင်းကြည့်နေ တာ''

''ကော်ပီတွေဘာတွေ မတိုက်ဘူးလား''

''ဘာမှမသောက်ဘူး၊ အခုမှ ထမင်းစားလာလို့တဲ့''

''အဲဒီလူက သဘောကောင်းမကောင်းတော့ မသိဘူး၊ ဒါပေမဲ့ သောက်ပြားတန်မဲ့ ဘဝင်မြင့်ပြီး လူတစ်ဖက်သားကို နှိမ့်ချပြောတတ်တာ တော့ အမှန်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



''မဟုတ်တာ''

''ဘာကိုမဟုတ်ရမှာလဲ၊ ငါ အဲဒီလူနဲ့တွေ့တာ နှစ်ခါရှိပြီ''

''မဟုတ်တာ၊ ရောက်တာတောင် တစ်ပတ်လောက်ပဲ ရှိသေး တာကို''

''ဩော်... ဟုတ်ပါတယ်ဆိုမှ၊ ဒီမှာ ငါပြောပြမယ် နားထောင်''

ထွတ်ထား သူနဲ့ နှစ်ခါတိတိ ဘုကျခဲ့ပုံကို ပိန်မ ပြောပြလိုက် သည်။

''အဟော်... ဟော်... ဒီလိုကို''

''အေး... အဲဒီလိုပဲ၊ ငါ့ကို ကောင်းကောင်းမွန်မွန်သာပြော ရင် ငါကျေကျေနပ်နပ်နဲ့ အလျှော့ပေးလိုက်မှာ၊ အခုတော့ သူက အတ ကြီးနဲ့''

''သူက မသိလို့ပါ မမရယ်''

''သိသိ မသိသိ ဒီလိုပြောစရာလားဟဲ့''

''တကယ်တော့ မမတို့နှစ်ယောက်က သေသေချာချာတွေ့ ကြည့်မယ်ဆို ဖူးစာဆုံချင်လို့ ကြံဖန်ဖြစ်ကြတာပဲ''

''ဘာ''

''ဟုတ်တယ်၊ ရုပ်ရှင်တွေထဲမှာ မတွေ့ဘူးလား''

''ဟင်း... ဝေးပါသေးတယ်''

''စိတ်ကူးမလွဲနဲ့နော် မမ၊ ကိုယ်တွေကသာ အပိုင်တွက်ေ





တာ၊ ဒီလောက်ချောပြီး ချမ်းသာနေတဲ့လူမှာ ရည်းစားတောင်ရှိချင်ရှိနေ မှာ''

ပိန်မ တွေးတွေးဆဆပြောတော့ ထွတ်ထားရင်ထဲမှာ တစ်မျိုး ကြီးဖြစ်သွားတာတော့ အမှန်ပဲ။ မသိမသာ အကဲခတ်နေတဲ့ ပိန်မကို ခပ်တည်တည်ကြည့်ပြီး

''မှန်တာပေါ့၊ ပိန်မတောင် ရှိချင်ရှိနေမှာ''

''ဟာ... ပိန်မတော့ မရှိပါဘူး၊ သူနဲ့ညီမ နှယ်ယောက်တည်းဆို တဲ့ အကြောင်း အဘွားတို့ကို ပြောနေတယ်''

''ပြောလို့ရမလား၊ အခုခေတ်ယောကျ်ားတွေက လူပျို လူအို ခွဲခြားသိတာ မဟုတ်ဘူး''

''မမ လုံးဝ စိတ်မဝင်စားဘူးပေါ့''

ထွတ်ထား ပခုံးနှစ်ဖက်တွန့် လက်ခါပြီး ပိန်မနားက ခပ်မြန် မြန်ပဲ ထွက်လာခဲ့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

''ညီမလေး ဒါ ဟိုဘက်ခြံက အဘွား ဒေါ်အေးမိနော် အဘွား''

''ဟုတ်ပါတယ်ကွယ်၊ အဘွားက ဒေါ်အေးမိ ဒီက အဘွားသမီး ဒေါ်လင်းအေးပါ''

''တွေ့ရတာ ဝမ်းသာပါတယ် အဘွားနဲ့ အန်တီ၊ မနေ့က အဘွားနဲ့အန်တီ သိပ်ဖော်ရွေကြောင်းကို ကိုကိုက ပြောပြပါတယ်၊ သမီး နာမည် နှုးညံ့ဘုံပါ၊ သမီးတို့မောင်နှမကို ကိုယ့်မြေးသားတွေလိုပဲ သဘော ထားပြီး မတော်တာရှိရင် ဆုံးမပါ''

''ဒီလောက် လိမ္မာရေးခြားရှိတဲ့ မောင်နှမမှာ ဘာမတော်တာ မှ တွေ့မှာမဟုတ်ပါဘူးကွယ်''





''သမီးလေးက နူးညံ့ဆိုတဲ့အတိုင်း နူးနူးညံ့ညံ့လေးနဲ့ သိပ်ချစ် ရောကောင်းတာပဲ၊ အဘွားမှာလည်း သမီးတို့အရွယ် မြေးလေးတစ် ယောက်ရှိတယ်''

''ဟုတ်လား အဘွား၊ ခေါ်ခဲ့ပြီးရော၊ တစ်အိမ်လုံးလာခဲ့ပါလို့ မနေ့က ကိုကို ဖိတ်တယ် မဟုတ်လား''

''ဖိတ်တယ်လေ ညီမလေးရဲ့၊ ဟုတ်သားပဲ အဘွားမြေးဆိုတာ ကို ဘာလို့ခေါ်မလာတာလဲ''

''ရှင်းသန့်ဘုံက ဖိတ်ပါတယ် သမီးရဲ့၊ အန်တီ့တူမက ဒီကို သာခါနီးမှ သူ့တူတွေ တူမတွေရောက်လာလို့''

''ဟုတ်တယ်၊ အဘွားမြေးနဲ့ သားတို့သမီးတို့ကို မိတ်ဆက်ပေး ထားရဦးမယ်''

''ဟုတ်ကဲ့ အဘွား၊ နူးညံ့လည်း သူငယ်ချင်းအသစ်ရတာပေါ့''

''အဘွားနဲ့အန်တီ စားကြနော်၊ အိမ်မှာရှိတဲ့လူတွေအတွက် လည်း ထည့်ပေးဦးမှာ၊ ကျွန်တော်တို့ ဟိုဘက်မှာ သွားဧည့်ခံလိုက်ဦး မယ်''

''သွား... သွား... သားလေး''

''အေးကွယ်၊ အန်တီတို့ ခြံနီးချင်းတွေပဲ ရပါတယ်''

ရှင်းသန့်ဘုံနဲ့ နူးညံ့ဘုံတို့ မောင်နှမ တခြားဝိုင်းတွေ လိုက် ဧည့်ခံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်နှမနှစ်ယောက်က သိပ်ချစ်ကြတာပဲနော် သမီး"

"ဟုတ်ပါ့ အမေရယ်၊ အမေ့မြေးတွေနဲ့တော့ ကွာပါ့"

"ဟေဟေ့… ညည်းသားသမီးတွေပဲ"

ဒေါ်လင်းအေး သက်ပြင်းတစ်ချက်ချလိုက်ပြီး ရှေ့က ကြက်သားပလာတာကို အာရုံစိုက်လိုက်သည်။

"အမေ စားကောင်းတိုင်း သိပ်မစားနဲ့၊ ရင်ပြည့်မယ်"

"အေးပါ သမီးရဲ့ ကောင်းတယ်နော်"

"ကောင်းတယ် အမေ တော်တော်ကိုကောင်းတယ်"

ဒေါ်အေးမိ လက်စသတ်ပြီး ပါးစပ်သုတ်ရင်း ရှင်းသန့်ဘုံတို့မောင်နှမ ညှိသည့်တွေ လိုက်ညှိခံနေတာကိုကြည့်ပြီး မြေးလေး နန်းထွတ်ထားကို သတိရနေသည်။

အားလုံးသွားဖို့ ပြင်ဆင်ပြီးမှ မြေးလေးနန်းထွတ်ထားအပေါ် တစ်ခါဖူးမှ ကောင်းကျိုးမပေးတဲ့ မိပိုပိုလင်း ကလေးနှစ်ကောင်နဲ့ ရောက်လာပြီး သူ့ယောက်ျားရဲ့ အထက်အရာရှိကတော် ချော့လဲပြီး လက်ကျိုးလို့ မသွားမဖြစ်သွားဖို့အရေး သူ့ကလေးနှစ်ကောင် လာထိုးထားသည်။

အငယ်မလေးကလည်း ရာပူသလို အကြီးကောင်ကလည်း ထွတ်ထားကို အတင်းဖက်တွယ်ထားတော့ ဘယ်လိုမှ လိုက်လို့မဖြစ်သွားသည်။

အစကတည်းက မလိုက်ချင်တဲ့ မိထွတ်ထား အတော်ဖြစ်သွား





သမယ့် ဒေါ်အေးမိကတော့ အံတကြိတ်ကြိတ်ဖြစ်နေသည်။ မိပိုပိုဆိုတဲ့ ကောင်မကိုလည်း ပြောချင်လိုက်တာ လျှာကိုယားနေပေမယ့် သမီးဖြစ်သူ ဒေါ်လင်းအေးမျက်နှာ သွေးမရှိတော့လောက်အောင် ဖြစ်နေတဲ့ အတွက် ပါးစပ်ကို ပိတ်ပြီး လာခဲ့ရခြင်းဖြစ်သည်။

ဒေါ်အေးမိ မသိမသာ သက်ပြင်းချရင်း တစ်ပက်ကို အလှည့် ရှင်းသန့်ဘုံတို့မောင်နှမနဲ့ ရင်းရင်းနှီးနှီး စကားပြောနေကြတဲ့ ဝိုင်းက သူတွေကို မျက်မှောင်ကုပ်ကြည့်ပြီး…

"ဟဲ့… သမီး ရှင်းသန့်ဘုံတို့ မောင်နှမနဲ့ စကားပြောနေတာ ကြေးယ်တို့ သားအမိမဟုတ်လား"

"ဟုတ်တယ်လေ အမေရဲ့"

"မြချယ်ဘေးက အနီနဲ့က သူ့သမီးအငယ်မ ဟုတ်ပါတယ်နော်"

"ဟုတ်တယ်လေ၊ ရတီလေ အမေရဲ့"

"ဒီဆောင်မလေး ပိုလှလာတယ်နော်"

"အစကတည်းကလည်း လှတာပါပဲ"

"အေး မမြင်တာကြာလို့လား မသိဘူး တော်တော်ကိုလှတယ်"

ဒေါ်အေးမိပါးစပ်ကသာ ချီးမွမ်းနေတာ ရင်ထဲမှာတော့ ကလိသိဖြစ်နေသည်။ မိပိုကိုပဲ စိတ်တိုရမလား၊ မိထွတ်ထားကိုပဲ စိတ်တိုရမလားမသိအောင် ရှင်းသန့်ဘုံနဲ့ ရတီတို့ စကားပြောနေတာကို မချင့်



www.burmeseclassic.com

www.burmeseclassic.com



မရဲကြည့်ပြီး အကြည့်မလွှဲနိုင် ဖြစ်နေသည်။

ကိုယ့်မြေးလောက်ရှိတဲ့ ရတီကို မလိုတမာဖြစ်တာမဟုတ်ပေမယ့် မြေးလေးနန်းထွတ်ထားအတွက် အားငယ်သွားမိသည်။ ရတီကိုယ်တိုင်က ပညာတတ်တစ်ယောက်ဖြစ်သည့်အပြင် မိဘတွေကလည်း တော်တော်ချမ်းသာကြသည်။

နဂိုကတည်းက ပြင်တတ် ဆင်တတ်တဲ့အပြင် လှလည်းလှသည့် ရတီသည် မျက်စိထဲမှာ တော်တော်ကို ချောလှနေသည်။

ရုပ်အကျီဖို့ရို့ဖားလျားနဲ့ ဖိုသီဖတ်သီနေတဲ့ မြေးဖြစ်သူ နန်းထွတ်ထားနဲ့ ယှဉ်ပြီး ဒေါ်အေးမိ သေချင်စော်နံအောင် စိတ်ညစ်သွားမိသည်။

''အမေ ပြန်ရအောင်လေ''

''ဩော်... အေး... အေး... ကလေးတွေ နှုတ်ဆက်လိုက်ဦးမယ်လေ သမီး''

ထိုအချိန်မှာပဲ ရှင်းသန့်ဘုံ အနားရောက်လာပြီ...

''အဘွားတို့ အန်တီတို့ ပြန်တော့မလို့လား''

''အေးကွယ်''

''အိမ်က အဝေးကြီးဆိုတော့ အဟင်း... ဟင်း''

''သားရေ... အဘွားတို့ အိမ်လည်း မကြာမကြာ လာလည်ပါဦးကွယ်''





''ဟုတ်ကဲ့ပါ အဘွား''

ကောင်မလေးတစ်ယောက် ငါးဆင့်ချိုင့်လေးကိုင်ပြီး လာရပ်တော့ ရှင်းသန့်ဘုံ ချိုင့်လှမ်းယူပြီး...

''အဘွားတို့ ကားပါတယ် မဟုတ်လား၊ လာ... ကျွန်တော် ကားနားအထိ လိုက်ပို့မယ်''

ရှင်းသန့်ဘုံ ချိုင့်တစ်ဖက် အဘွားကိုတစ်ဖက် တွဲပြီး ကားနားထိ လိုက်ပို့လိုက်သည်။ ဒါရိုင်ဘာလေး ရှင်းသန့်ဘုံ လက်ထဲက ချိုင့်ကို အပြေးအလွှားလာယူသည်။

''ခင်ဗျား စားပြီးပြီလား''

''ဟုတ်ကဲ့ စားပြီးပြီ အစ်ကို''

''အဘွားနဲ့ အန်တီ ကျေးဇူးတင်တယ်နော်၊ ကျွန်တော်တို့ အိမ်ကိုလည်းလာလည်ပါ၊ ဟိုမှာ ချိုင့်နဲ့ထည့်ပေးလိုက်တယ်နော်''

''ကျေးဇူးတင်ပါတယ် သားရယ်၊ နုညှို့ကိုလည်း ပြောလိုက်ပါဦး အန်တီတို့အိမ်ကိုလည်း အချိန်မရွေး ဝင်ပါ ထွက်ပါ၊ ချိုင့်ကိုတော့ ညနေမှ မောင်ပါကို ပို့ခိုင်းလိုက်မယ်နော်''

''ရပါတယ်၊ အရေးမကြီးပါဘူး''

''ချိုင့်ကော မပါဘူးလား ရှင်းသန့်ဘုံရဲ့''

''အဟား... ဟား... အဘွားက နောက်တတ်သားပဲ၊ ရပါတယ် အဘွားရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… သွားမယ်"

"ဟုတ်ကဲ့"

"အမေ ဗိုလ်ချုပ်ဈေးလိုက်ဦးမလား"

"မလိုက်တော့ဘူး သမီးရယ်၊ အမေ ခေါင်းတွေကိုက်လာလို့"

"ရင်ပြည့်တာဖြစ်မယ်၊ အဲဒါကြောင့် အမေ့ကို သိပ်မစားနဲ့လို့ပြောတာ၊ အိမ်ကျရင် ဆေးသောက်ပြီး လှဲနေလိုက်"

"အေးပါ"

ဒေါ်အေးမိ ကိုယ့်အပြစ်နဲ့ကိုယ် ငြိမ်နေလိုက်သည်။ ကားလေး ပေါ်တီကိုအောက်ကိုရပ်တာနဲ့…

"ပိန်မရေ… ထွတ် ဘား၊ ဘယ်သူရှိလဲ မသိဘူး၊ လာပါဦး ဟဲ့"

ထွတ်ထားနဲ့ပိန်မ အန်တီလင်းခေါ်သံကြောင့် မီးဖိုချောင်က လုပ်လက်စအလုပ်တွေကို ထားကာ အိမ်ရှေ့ကို အပြေးထွက်လာခဲ့သည်။

"ဒီမှာ အဘွားခေါင်းကိုက်လို့တဲ့၊ ဆေးတိုက်ပြီး ခဏလှဲခိုင်းထား၊ ချိုင့်ထဲမှာ ကြက်သားနဲ့ပလာတာတွေပါတယ်၊ ညည်းတို့နှစ်ယောက်အတွက်ထားပြီး မိပိုတို့ကို ထည့်ပေးလိုက်၊ ဒါနဲ့ကလေးတွေကော"

"အခုလေးပဲ မမပို ပြန်လာခေါ်သွားတယ်"

"ဟေ… ဘယ်လိုဖြစ်လို့လဲ၊ လူနာ ဘယ်လိုနေသေးလဲ"

"သူတို့အမျိုးတွေနဲ့ လူတွေများနေလို့ ညနေမှ သီးသန့်သွားမလို့တဲ့"





"အဲဒါပဲ ဒီမှာနေလည်း ရသားနဲ့၊ ဘယ်နှယ် ကလေးတွေပါ ခေါ်သွားရတာလဲ၊ ဒီမှာ ကြက်သားနဲ့ပလာတာတွေက တစ်ပုံကြီးကို …ကိုက် မကြုံတော့လည်း ဝေပေါ့၊ အန်တီ ဗိုလ်ချုပ်ဈေးသွားဦးမယ်၊ …သိတစ်ယောက်နဲ့လည်း ချိန်းထားတယ်၊ ဒီမနက် ထမင်းမစားတော့ … ကြက်သား ပလာတာတွေ နွေးထားဦး၊ အဘွားကိုလည်း ဆေးတိုက် …မေ့နဲ့၊ ထမင်းစားချိန်အထိ ခေါင်းကိုက်နေသေးရင် ထမင်းမကျွေး … ကြက်သားပြုတ်စွပ်ပြုတ်လေးပဲတိုက်၊ ကဲ… ကဲ… သွားမယ်၊ အမေ …ယ်နော်"

ထွတ်ထား ခေါင်းညိတ်ရလွန်းလို့ ခေါင်းတွေတောင် မူးလာ…ည်၊ အန်တီလင်း အဆက်မပြတ် ပြောပြီး ကားပေါ်တက်တော့ ကား…ထွက်သွားသည်။

"ပိန်မရေ ငါ့သမီးကို ရေလေးဘာလေး ခက်တိုက်လိုက်တာ …တ်ဘူး"

"အဟိ"

ပိန်မ သဘောကျသွားသလို ထွတ်ထားလည်း ရယ်လိုက်သည်။

"ညည်းက ဘာရယ်တာလဲ၊ ညည်းကိုလည်း ကြည့်လို့မရဘူး … မိထွတ်ထား"

"အဘွားကလည်း ဘလိုင်းကြီး"

"ဘာမှ ဘလိုင်းတွေ၊ ဘလက်တွေ လာမပြောနဲ့၊ အခုကြည့်



www.burmeseclassic.com

www.burmeseclassic.com



စမ်း၊ တစ်ခြံကျော်က ရတီနဲ့ ရှင်းသန့်ဘုံတို့မောင်နှမ ရင်းနှီးသွားပြီ"

"အဲဒါ သမီးနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်၊ ညည်းနဲ့ ရင်းနှီးရမှာကို အခုတော့ ရတီနဲ့အရမ်းကို ရင်းနှီးသွားပြီ ဟိုက ချောကလေးကတဲ့ကြားထဲ ပြင်တတ်ဆင်တတ် ဝတ်တတ်စားတတ်လိုက်တာ၊ ပိုက်ဆံကလည်း ချမ်းသာလိုက်တာ၊ ကျက်ကိုတက်နေတာပဲ၊ နောက်ပြီးဘွဲ့တွေကလည်း ဘယ်နှစ်ခုလောက်ရထားလဲ မသိဘူး"

"အဲဒါဘာဖြစ်လဲ"

"ဘာ… အဲဒါ ဘာဖြစ်လဲ ဟုတ်လား မိထွတ်ထား၊ ညည်း ဒါတောင် သဘောမပေါက်သေး ဟုတ်လား၊ လာစမ်း ညည်းကိုလေ ငါ အရမ်းဒေါသဖြစ်နေတယ် ကဲဟာ"

"အား… နာလိုက်တာ အဘွားကလည်း"

ထွတ်ထား အဘွားလိမ်ဆွဲတဲ့ ဗိုက်ခေါက်ကို ပွတ်နေတော့ ပိန်မ ချိုင့်ကြီးကိုင်ပြီး အူတက်မတက်ရယ်နေသည်။

"အခုကြည့် ဟိုက ပြင်ဆင်တတ်လိုက်တာ၊ ညည်းနဲ့ တခြားစီပဲ၊ ရှင်းသန့်ဘုံ ရတီ့ကို စိတ်ဝင်စားသွားရင် ဘယ်လိုလုပ်မလဲ"

"သူ့ဟာသူ ဝင်စားတော့လဲ ဘာဖြစ်လဲ၊ သမီးမှာ အပြစ်ရှိလို့လား၊ အခုလည်း သမီးလိုက်မယ့်ဟာကို အဘွားမြေးလာရှုပ်တာ ထည့်ပြောဦးလေ"





"ဒါတော့ ဟုတ်တယ် အဘွား၊ မမထွတ်ထား လိုက်ဖို့ပြင်ဆင်တောင် ပြီးပြီပဲ၊ မမပို ချီးထုပ်လာလုပ်လို့ မလိုက်ဖြစ်တာ"

"ဟုတ်ပါ့အေ၊ ဒီကောင်မ တော်တော်မကောင်းဘူး၊ သူ့ကြောင့် မြေးလေး နစ်နာရတာများပြီ၊ မေတ္တာကိုမရှိဘူး"

"သူလည်း အဘွားမြေးပဲ"

"အေး… မြေးမို့၊ ငါ့သမီးမျက်နှာကလည်းရှိလို့ အတော်ကို သည်းခံနေတာ"

"ကဲပါ အဘွားရယ်၊ စိတ်ကိုလျှော့လိုက်ပါ၊ အန်တီလင်း ကြားသွားရင်လည်း စိတ်မကောင်းဖြစ်နေပါ့မယ်"

"စိတ်မကောင်းရင်လည်း လဲသာသေလိုက်၊ သွားမှာတောင် ဖြောင့်ဖြောင့်မသွားနိုင်ဘူး၊ သမီးတွေ သားတွေအတွက် ပလာတာက အလျှောချင်သေးတယ်၊ သူ့သမီက သူ့အပေါ် သိများသိတတ်ရင် မိလင်းတို့ ခေါင်းပေါ်တင်ထားမလားတောင် မသိဘူး"

"ကဲပါ အဘွားရယ် ဒေါသတွေ ဖြစ်မနေပါနဲ့တော့၊ အန်တီ ကြီးက သနားဖို့ကောင်းပါတယ်၊ မအေအတွက်လည်း သူ့မှာပူရှာတယ်၊ ဆေးသောက်မယ်နော် အဘွား"

"ဘာဖြစ်လို့ ဆေးသောက်ရမှာလဲ"

အဘွား ပြူးတူးပြဲတဲ ပြန်ကြည့်ပြီး မေးတော့ ထွတ်ထားတောင် ငြိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''လန့်လိုက်တာ၊ အဘွား ခေါင်းကိုက်လို့ဆို''

''ဘာခေါင်းမှမကိုက်ဘူး''

''စောစောက အန်တီလင်းပြောတော့ အဘွား ခေါင်းကိုက်တယ်ဆို''

''ညာတာဟ၊ တမင်ညာပြောတာ''

''အဘွားကလည်း အသက်ကြီးမှ ဘာလို့မုသာဝါဒတွေပြောတာလဲ''

''အေး... မုသာဝါဒတင်မဟုတ်ဘူး၊ ငါ့အသက် ၈၀ နီးနီး ရှင်းသန့်ဘုံနဲ့ ရင်းရင်းနှီးနှီး စကားပြောနေတဲ့ ရတီ့ကိုကြည့်ပြီး ငါ့ပြေ အတွက် မနာလိုတိုရှည်တွေဖြစ်လာတာ''

''ဖွားစာဆိုတာ လုပ်ယူလို့မရပါဘူး အဘွားရယ်''

''အိုအေ... ရှင်းသန့်ဘုံလို လူမျိုးကိုတော့ လုပ်ကိုယူရမှာ''

''ဟုတ်တယ်၊ အဘွားပြောတာ ဟုတ်တယ်၊ ဟာ... မမတွေ့ထား၊ တူးဇော်နံတယ်၊ ဘုံလုံသီးအိုးကြီး ကပ်ပြီထင်တယ်''

''ဟုတ်တယ်... တူးဇော်နံတယ်''

''ကောင်မတွေကိုကလေ''

နှစ်ယောက်သား အပြေးအလွှား နောက်ဖက်ပြေးဝင်လာတော့ အဘွား ပွစိ ပွစိ ပြောကျန်ခဲ့သည်။

❀ ❀ ❀



အခန်း(၆)

''ကိုကို... ညက အဘွားဖုန်းဆက်တယ်''

''ဘာတဲ့လဲ ညီမလေး''

ရှင်းသန့်ဘုံတို့ ကားလေး အဘွားဒေါ်အေးမိတို့ခြံရှေ့က အဖြတ် ညီမလေးပြောလိုက်ခြင်း ဖြစ်သည်။

''သတိရလို့ ဆက်တာတဲ့ ညီမလေးနဲ့ကိုကို့ကို နေမှကောင်းရဲ့လားလို့ ဆက်တာ၊ ခြံချင်းသာ ကပ်နေတယ် မတွေ့တာ ကြာလို့လေ''

''ဟုတ်ပါ့နော်၊ ကိုကိုတို့ကလည်း ကိုယ့်အလုပ်နဲ့ကိုယ် မအားတော့ ခြံချင်းကပ်နေပေမယ့် မဆုံဖြစ်ဘူးပေါ့''

''အောင်မလေး ကိုကို ဆုံချင်တဲ့လူနဲ့ကျတော့ ဆုံနေတာပဲ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ညီမလေးရဲ့"

"အခုမှ မသိဟန်ဆောင်နေပြန်ပြီ၊ အေးပေါ့လေ၊ အဘွား
အန်တီတို့က မရတီမောင်မောင်တို့လို ကိုကိုနဲ့ ရှယ်တူတန်းတူမှမဟု
တာ"

"ဟာ… ညီမလေးကလည်းကွာ"

"အခုမှ ရှက်မနေပါနဲ့၊ ကိုကိုတို့ ဖုန်းဆက်ပြီး အလွ
သလ္လာပတွေ ပြောနေကြတာ သိသားပဲ"

ရှင်းသန့်ဘုံ မျက်နှာရဲခနဲဖြစ်သွားသည်။ အလှူမှာ ရင်းနှီးပြ
သည့်နောက် ရတီနဲ့ သူမအမေ အန်တီမြ ဆိုင်မှာလာအားပေးသ
စားကောင်းသောက်ဖွယ်တွေ ချက်ရင်လည်း လာပေးပြီး စားကော
မကောင်းဖုန်းဆက်မေးတတ်သည်။

အန်တီမြနဲ့ ရတီတို့သည် မာနကြီးပုံရသော်လည်း ရှင်းသန့်
တို့ မောင်နှမကိုတော့ တော်တော်ခင်ပုံရပါသည်။ ရတီသည် ရုပ်ရေ
သလို ပညာလည်းတတ်သည့် ဣန္ဒြေရှင် မိန်းကလေးတစ်ယောက်
တာကိုတော့ ငြင်းလို့မရပါ။

ဘယ်မိန်းမနဲ့မှ ခင်မင်တဲ့ အဆင့်ထိတောင် မရှိတဲ့အတွ
ညီမလေး ထူးဆန်းနေပုံရသည်။

"အဟိ"

ညီမလေး ရယ်လိုက်တော့ ရှင်းသန့်ဘုံ စိတ်ကူးယဉ်နေရ





မလုံမလဲဖြစ်သွားသည်။

"ဘာရယ်တာလဲ"

"ဟောတော့… မလုံမလဲနဲ့"

"ကိုကိုနဲ့ ရတီက ရှိုးရိုးသားသား စကားပြောကြတာပါ"

"မမရတီကတော့ ဟုတ်တယ်၊ သူ့အမေကြီးကတော့ ကိုကို့ကို သူ့သမီးနဲ့ တော်တော်သဘောတူနေပုံရတယ်နော်"

"အေး… ဟုတ်တယ်"

"ကိုကို မမရတီကို မကြိုက်ဘူးလား"

"ညီမလေး သဘောတူလို့လား"

"ညီမလေး သဘောမတူရင် ကိုကိုက မကြိုက်ဘူးလား"

"ဟင့်အင်း"

"အလကားနောက်တာပါ ကိုကိုရယ်၊ မမရတီလို မိန်းကလေး မျိုးကို ဘာသဘောမတူစရာရှိလဲ"

ညီမလေး စကားကြောင့် ရင်ထဲမှာ ကျေနပ်သလိုတော့ ဖြစ်သွားသည်။

"ကိုကိုက စိတ်ဝင်စားနေပြီပေါ့"

"စိတ်ဝင်စားတယ်လို့တော့ မဟုတ်ပါဘူး၊ တစ်မျိုးတော့ တစ် မျိုးပဲ"

"ကိုကိုက မိန်းကလေးတွေနဲ့မှ ရင်းရင်းနှီးနှီးမနေဘူးတာ၊



www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့ အချိန်က ခဏလေးရှိပါသေးတယ် ကိုကိုရယ်''

ညီမလေးပြောတာ ဟုတ်နေတော့ ရှင်းသန့်ဘုံ ခေါင်းတညိတ်ညိတ်လုပ်နေလိုက်သည်။ ညီမလေး သူ့အတွေးနဲ့သူ ငြိမ်ကျက်သွားကောင်းနေသလို ရှင်းသန့်ဘုံလည်း တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေမိသည်။

✲

အန်တီလင်း သူ့သူငယ်ချင်းတွေနဲ့ ဘုရားဖူးထွက်သွားတော့ ဈေးဝယ်ဖို့ကို ထွတ်ထားတာဝန်ယူရသည်။ အိမ်မှာလည်း အဘွားနဲ့ပိန်မနှစ်ယောက်တည်းမို့ ထွတ်ထားက အရေးအကြောင်းဆို အားကိုးအားထားရအောင် ကားနဲ့မသွားဘဲ လမ်းထိပ်ရောက်မှ ဆိုက်ကားနဲ့သွားသည်။

အိမ်မှာ ယောကျ်ားဆိုလို့ ဒရိုင်ဘာ မောင်ပါပဲရှိသည်။ ကိုကိုတူတို့ ကိုကိုထူးတို့သည် မိန်းမသားတွေချည်းပဲနေတဲ့ အမေနဲ့အဘွားအတွက်လည်း ဘာမှပူပန်မှုမရှိအောင် ဘာတစ်ခွန်းမှလည်း မေးဖော်မရပေ။

သူတို့လိုချင်တာမရှိရင် တစ်နေ့ကို ဖုန်းတစ်ခါတောင် ဆက်တဲ့သားတွေမဟုတ်ပါ။ အန်တီလင်းသည် ပိုက်ဆံရှိလို့သာ တော်တော့တယ်။ ထွတ်ထား ဂုဏ်းစီးနေကျ ဖောက်သည် ဆိုက်ကားသမားလေးကို ရပ်စောင့်နေစဉ် ရှင်းသန့်ဘုံကားလာနေတာ မြင်နေရသည်။





ကားမောင်းရင်းက ခပ်တည်တည်တစ်ချက်ကြည့်ပြီး မျက်နှာလွှဲသွားတဲ့ သူ့ပုံစံသည် ထွတ်ထားကို မတူမတန်သလို လုပ်သွားတာ သိသာသည်။ သူ့ဘေးမှာ ထိုင်နေတဲ့ အမျိုးသမီးသည် အဘွားတို့ပြောတဲ့ ရှင်းသန့်ဘုံရဲ့ညီမ နုညံ့ဘုံဆိုတာပဲဖြစ်မယ်လို့ ထင်လိုက်သည်။

ဒီလောက် ပိုက်ဆံတွေ ချမ်းသာနေမှတော့ ဘဝင်မြင့်နိုင်ပြီပေါ့သေး။ ဒါပေမဲ့ ယောကျ်ားဖြစ်ပြီး ဘဝင်မြင့်တာကိုတော့ ထွတ်ထားမုန်းတယ်။

အဘွားရယ်... အဘွားမြေးကို ဒီလိုလူမျိုးနဲ့မှ မှန်းတယ်နော်။ ထွတ်ထား Landcruiser (လင်ခရူဆာ)ကားကြီး၏ နောက်မြီးကိုကြည့်ပြီး ငေးယ်သွားတာတော့အမှန်ပဲ။

✲

ထွတ်ထား အန်တီလင်းဆီးသွားတဲ့ရက်တွေမှာ အရမ်းခင်မင်ပြီးဖြစ်တဲ့ မန်နေဂျာကို ညာတာပါတေးလုပ်ပြီး ရုံးစောစောဆင်းသည်။ နေ့လည်း ရုံးကပြန်ရောက်တာနဲ့ ရေချိုးပြီး အဘွားကျန်းမာရေးအတွက် လမ်းလျှောက်ဖို့ ထွတ်ထားနဲ့ အဘွား ထွက်လာခဲ့သည်။

ကိုယ့်လမ်းထဲမှာပဲ ဟိုဘက်ထိပ် ဒီဘက်ထိပ် လျှောက်ပြီး အဘွား ရှင်းသန့်ဘုံတို့ခြံရှေ့က အဖြတ် ရှင်းသန့်ဘုံခုတ်ပြားမွှာနေသည်။ ဟိုဘက်ထိပ်အရောက်တွင် လမ်းထဲကို ကွေ့ဝင်လာတဲ့ ကားတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



ထွတ်ထားတို့နားတွင် ရပ်သွားပြီး ကားခေါင်းခန်းမှ ရှင်းသန့်ဘုံခေါင် ထွက်လာကာ…

''အဘွား… လမ်းလျှောက်တာလား''

''အေး… ဟာ… ရှင်းသန့်ဘုံပါလား''

အဘွားမျက်နှာကြီး ပြုံးဖြီးဖြီးဖြစ်သွားသလို ရှင်းသန့်ဘုံဆိုတဲ့ လူလည်း ရှိသမျှသွားအကုန်လုံးပေါ်အောင် ရယ်ပြနေသည်။ ထွတ်ထား မျက်နှာ တင်းလိုက်ပြီး တစ်ဖက်ကိုလှည့်ထားသည်။

''နေကောင်းတယ်နော် အဘွား မတွေ့ရတာ တော်တော်ကြာ ပြီ''

''ဟုတ်ပါ့သားရယ်၊ မင်းတို့က အလုပ်တွေအရမ်းများတဲ့ လု ငန်းရှင်တွေကို''

''ဟုတ်ကဲ့ အဘွား၊ စိတ်ထဲမှာတော့ သတိရနေပါတယ်၊ အန်တ ရော နေကောင်းလား''

''ကောင်းတယ်၊ သမီးတောင် ဘုရားဖူးသွားတယ်၊ အိမ်မှ အဘွားရယ်၊ ဒီမြေးလေးရယ်၊ ပိန်မဆိုတဲ့ ကောင်မလေးပဲရှိတယ်၊ သာ ဒါ အဘွားမြေးလေလေ၊ နန်းထွတ်ထားတဲ့၊ မြေးလေးက ဘွဲ့လည်းရပြ ပြီ၊ ဟိုလေကွယ် ဘာသင်းတန်းတွေလဲ သမီး၊ အဲဒါလည်း အောင်ပြီးပြ အခုလည်း ဆေးတွေလုပ်တဲ့ ကုမ္ပဏီမှာ အလုပ်လုပ်နေတာ''

အဘွား သူထင်တာတွေ လျှောက်ပြောနေတော့ ထွတ်ထာ





စိတ်ညစ်သွားသည်။ ရှင်းသန့်ဘုံဆိုတဲ့ လူသည် ထွတ်ထားကို မျက်မှောင် ကုတ်ကြည့်ပြီး…

''ဒါ… အဘွားမြေး''

''အေးလေကွယ်၊ သမီးလေးက သူ့အဒေါ်မရှိတော့ ဈေးလည်း ရယ်ရတယ်၊ အလုပ်မအားတဲ့ကြားက မီးဖိုချောင်လည်း သူပါမှလေ၊ အဟင်း… ဟင်း!''

သူ ထွတ်ထားကို မထီတထီနဲ့ ကြည့်ပြီး မပြုံးချင့် ပြုံးချင် ပြုံးနေသည်။ သဘောကတော့ အဘွားမြေးဖြစ်လည်း အထင်မကြီးဘူး ဆိုတဲ့ ပုံစံမျိုးဆိုတာ ထွတ်ထား မသိဘဲနေမလား။

ထွတ်ထားကလည်း ပေစောင်းစောင်းတစ်ချက်ကြည့်ပြီး မျက်နှာကို မော့လိုက်သည်။

''သူက အဘွားမြေးကို၊ ကျွန်တော်က သူ့ကို အိမ်မှာခိုင်းထား တဲ့ ကောင်မလေးမှတ်လို့''

သူ့အပြောကြောင့် ထွတ်ထား ဒေါသဖြစ်ပြီး တစ်ခုခုပြောဖို့ ပြင်တုန်း အဘွား ဒေါသကိုထိန်းထားတဲ့အသံကြီးနဲ့…

''အောင်မလေး ပြောရက်လိုက်တာ ရှင်းသန့်ဘုံရယ်၊ ဒါ အဘွားမြေးမှ အဘွားမြေးအစစ်ပါ၊ ဘယ်ကခိုင်းထားတဲ့ ကောင်မလေး မှတ်မှာလဲ၊ ထင်မှထင်ရက်ပါပေ့ကွယ်''

''စိတ်မဆိုးပါနဲ့ အဘွားရယ်၊ နန်းထွတ်ထားက တွေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသမီးပုံမှ မပေါက်တာ၊ ဒီကြားထဲ ပိုသီပတ်သီနဲ့ဆိုတော့ နိုင်းဖို့ခေါ်ထားတဲ့ကောင်မလေး ထင်တာပေါ့''

''ကျွန်မ သူဌေးသမီးလည်းမဟုတ်ဘူး''

''နေပါဦး၊ မင်းက ငါ့မြေးကို ဘယ်စာနှုန်းက မြင်ဖူးလို့လဲ''

အဘွား သူ့ကိုကြည့်လိုက်၊ ထွတ်ထားကိုကြည့်လိုက်နဲ့ တအံ့တသြဖြစ်နေသည်။

''အဘွားမြေးကိုပဲ မေးကြည့်လိုက်လေ၊ အဘွား... ကျွန်တော့်ကို ခွင့်ပြုပါဦးနော်''

''အေးကွယ်''

အဘွား လိုက်လိုက်လှဲလှဲမဟုတ်တဲ့ 'အေးကွယ်'တော့ ရှင်းသန့်ဘုံ စပ်ဖြဲဖြဲလုပ်ပြီး ကားမောင်းသွားသည်။

''ပြောစမ်းပါဦး၊ ပြောစမ်းပါဦး၊ ဘယ်တုန်းက ညည်းရဲ့စုတ်တီးစုတ်ဖတ်ပုံကို မြင်လို့ နိုင်းဖို့ခေါ်ထားတဲ့သူလို့ ထင်ရတာလဲ''

''သူ့ဟာသူ ဘယ်တုန်းက မြင်လဲဆိုတာ သမီးတောင် မသိဘူး''

ထွတ်ထား ပြောင်ပင် ငြင်းပစ်လိုက်သည်။

''အေး... ဘယ်မှာပဲ မြင်မြင်၊ လုလုပပပုံကို မမြင်ဘဲ ပိုသီပတ်သီပုံကိုမြင်ပြီး ဟိုက အထင်သေးသွားပြီ၊ ငါသေသာသေလိုက်ချင်တော့တယ် မိထွတ်ထားရယ်၊ စမြင်ကတည်းက ရုတ်နဲ့ယှဉ်ရင် ညည်းအပြစ်အသတ် ရှုံးသွားပြီ''





''ဂရုမစိုက်ပါဘူး''

ထိုစကားကိုတော့ ထွတ်ထားစိတ်ထဲကပဲ ပြောလိုက်သည်။

''အဟင်း... ဟင်း... သင်းမို့လို့နော်၊ တခြားသူသာဆို ငါ့ပါးစပ်နဲ့တွေ့သွားမယ်၊ ငါ့မြေးကိုများ အိမ်မှာနိုင်းတဲ့ ကောင်မလေးလို့ ထင်ရက်ပါပေ့ ရှင်းသန့်ဘုံရယ်''

''ကဲပါ၊ အဘွားရယ် သူ့ဟာသူ ဘယ်လိုထင်ထင် ဂရုစိုက်မနေစမ်းပါနဲ့၊ ဟိုဘက်ဆက်လျှောက်ဦးမှာလား''

''ဂရုစိုက်ရမယ်အေ့၊ ဒီလိုလူမျိုးကို ဂရုစိုက်ကို စိုက်ရမယ်၊ ညည်းမနက်ဖြန်ကစပြီး ကပိုကရိုနေလို့ကတော့ ငါ့အကြောင်းသိမယ်သာမှတ်၊ လာ... ပြန်မယ်''

အဘွား ဒေါသဖြစ်ပြီး ၁၆ နှစ်သမီးလေးလို ရှေ့က လျှောက်သွားတော့ ထွတ်ထား စိတ်ရှုပ်ရှုပ်နဲ့ အနောက်က အပြေးလိုက်ခဲ့ရသည်။ အိမ်ရောက်တော့လည်း ပိန့်မ ဘာဖြစ်လို့လဲဆိုတဲ့ ပုံစံနဲ့ မေးငေါ့ပြသည်။

ထွတ်ထား မျက်နှာကို ရှုံ့မဲ့ပြီး ခေါင်းခါပြမှ ပိန့်မစိတ်မဖြောင့်စွာ ထမင်းပွဲပြင်နေသည်။ အဘွား ထမင်းစားပြီး အိမ်ရှေ့ထွက်သွားမှ ထွတ်ထား တိုးတိုးတိတ်တိတ် ပိန့်မကို ရှင်းပြလိုက်သည်။

''ဩော်... ဒီလိုကို''

ပိန့်မ ပြောလည်းပြောပြီး သဘောကျကာ အော်ရယ်နေသည်။

''အေး... ရယ်၊ သေအောင်သာရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ရယ်ချင်လို့ပါ၊ မထွတ်ထားအဖြစ်က အဘွားရှေ့ကျမှ ကျားရှေ့မှောက်လျက်လဲသလို ဖြစ်မနေဘူးလား"

"အေးဟာ၊ သူက ငါ့ကိုတကယ်ထင်လို့ ပြောတာဟဲ့"

"ကျွန်မ မပြောဘူးလား။ အဲဒါ ဇာတ်လမ်းလို့"

"ပေါက်ကရ လျှောက်မပြောစမ်းပါနဲ့ ပိန်မရယ်၊ မရတီနဲ့ ယှဉ်ရင် ငါလိုကောင်မကို သူ့စိတ်ကူးထဲတောင် ထည့်မှာမဟုတ်ဘူး"

"မရတီက ပိုလှ ပိုချမ်းသာလို့လား"

"အဘွားပြောသလို ပြောရရင် ယှဉ်လို့တောင် မရပါဘူးဟာ"

"ကိုယ့်ကိုယ်ကိုယ် ဒီလောက် မနှိမ့်ချစမ်းပါနဲ့၊ မထွတ်ထား မရတီကို မမှီပေမယ့် ရှင်းသန့်ဘုံက မမကိုပဲ ချစ်ချင်ချစ်မှာ"

"အဲဒါမျိုးတွေက ဇာတ်လမ်းတွေထဲမှာသာရှိတာ၊ အပြင်မှာ မရှိနိုင်ပါဘူးဟာ"

"ဘာပဲဖြစ်ဖြစ် ဦးရှင်းသန့်ဘုံလို လူမျိုးကိုတော့ ဘယ်မိန်းမမှ ငြင်းမှာမဟုတ်ဘူးနော်"

"အဘွားက သူ့ရှေ့မှာ ငါ့ကိုစွတ်တင်နေတာ ငါမျက်နှာပူတာယ်"

"ဘာလို့ပူရမှာလဲ၊ အမှန်အတိုင်းပြောတာပဲ"

"ရေလာမြောင်းပေးလုပ်တယ် ထင်မှာပေါ့ဟဲ့"

ထိုအချိန်မှာပဲ အဘွားအသံကျယ်ကြီးနဲ့ ထွတ်ထားကို လှမ်းခေါ်နေသည်။





"ဟော… ဟော… အဘွားခေါ်နေပြီ"

ထွတ်ထား အသင့်လုပ်ထားတဲ့ ဆေးပုလင်းနဲ့ ရေထည့်ထားဒန်ခွက်ကိုယူပြီး ကမန်းကတန်းထွက်လာခဲ့သည်။

* * *

www.burmeseclassic.com

## အခန်း(၇)

ရှင်းသန့်ဘုံ ဖျတ်ခနဲ အိပ်ရာက လန့်နိုးတော့ သန်းခေါ
ကျော်ပြီး တစ်နာရီတောင် မထိုးသေးပါ။ မက်နေတဲ့ အိပ်မက်အကြော
ကို ပြန်စဉ်းစားမိတော့ စိတ်ထဲတစ်မျိုးဖြစ်နေသည်။

ဟိုဘက်ခြံက နန်းထွတ်ထားဆိုတဲ့ ကောင်မလေးနဲ့ အိပ်မ
ထဲမှာ ရန်ဖြစ်နေသည်။ လုံးဝကို မစွဲလမ်းတဲ့အပြင် သတိတောင်မရဖေ
ပါ။ ဒီနေ့မှ မတွေ့တာကြာပြီဖြစ်တဲ့ အဘွားကိုတွေ့ပြီး သူမဟာ ရှင်းသ
ဘုံထင်သလို နိုးဖို့ခေါ်ထားတဲ့ ကောင်မလေးမဟုတ်ဘဲ အဘွားဒေါ်ဒေ
မိရဲ့ မြေးဖြစ်နေတယ်ဆိုတော့ အံ့သြသွားမိသည်။

ဒီနေ့ကျတော့လည်း ဟိုအခါတွေတုန်းကလို ရှပ်အင်္ကျီဖား
နဲ့ မဟုတ်ဘဲ ကိုယ်ကြပ်လက်ပြတ်လေးကို ဂျင်းဘောင်းဘီနဲ့တွဲဝတ်ထ





သည်။ ရှင်းသန့်ဘုံက သူနဲ့ဘုကျခဲ့တဲ့ ကောင်မလေးလို့မထင်ဘဲ အဘွား
ကို နှုတ်ဆက်တော့ သူမ တစ်ချက်ကြည့်ပြီး မျက်နှာထားကို တင်းကာ
အသိမှတ်လှည့်သွားသည်။

ဒီမျက်နှာကို မြင်ဖူးပါတယ် စဉ်းစားလိုက်တော့ အိမ်ပြောင်းတဲ့
နေ့က သစ်ရွက်တွေမီးရှို့တုန်းက တစ်ကြိမ်၊ ဟိုနေ့က ဈေးဆွဲခြင်းကြီး
ကိုင်ပြီး လမ်းထိပ်က ဆိုက်ကားဂိတ်မှာတစ်ကြိမ်အပြင် မှတ်မှတ်ရရ
အိမ်တက်ပွဲမလုပ်ခင်နေ့က၊ ပစ္စည်းတွေဝယ်ပြီးအပြန် လမ်းလယ်ခေါင်မှာ
ကို ရိုကားယားလျှောက်နေတဲ့ မိန်းကလေး ရှင်းသန့်ဘုံဘုကျခဲ့တဲ့ မိန်း
ကလေးသည် အတူတူပဲဆိုတာကို ဒီညနေ အဘွားမိတ်ဆက်ပေးတဲ့
နန်းထွတ်ထားကို မြင်မှ သွားဆက်စပ်မိသည်။

အဘွားသည် ရှေးလူကြီးပီပီ သူမမြေးတော်ကြောင်းကို ခပ်ကြွား
ကြွားလေးပြောတော့ ရှင်းသန့်ဘုံ သဘောပေါက်လိုက်ပါသည်။ သူမသည်
အဘွားဒေါ်ဒေးမိမြေးအရင်းဆိုတော့ အန်တီဒေါ်လင်းအေး သမီးလား။
နန်းထွတ်ထားကလည်း သူ့ကိုယ်သူ သူဌေးသမီးမဟုတ်ဘူးလည်း ပြော
တယ်။ ဘာတွေလဲ ရှုပ်နေတာပဲ။

ရှင်းသန့်ဘုံ ပြန်အိပ်လို့မရဘဲ မျက်စိကြောင်နေသည်။ ဟို
ဘက်ခြံက ရတီမိခင် ဒေါ်မြချယ်ကလည်း အဘွားဒေါ်ဒေးမိလို သိသိ
သာသာကြီးမဟုတ်ပေမယ့် မသိမသာလေး သူမသမီးနဲ့ သဘောတူနေ
တာ သိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်ဘုံဘဝမှာ ဒါမျိုးတွေ ကြုံတွေ့နေရတာ များနေပြီ ရှင်းသန့်ဘုံက ဒါတွေကို စိတ်လည်းမဝင်စား၊ တုန်လည်း မတုန်လှုပ်ခဲ့ပါ ယောကျ်ားတည်းက ယောကျ်ားတစ်ယောက်ဖြစ်တဲ့အတွက်တော့ လှတာ မြင်ရင် ကြည့်မိပေမယ့် ဘယ်မိန်းမကိုမှ စွဲစွဲလမ်းလမ်း မရှိခဲ့ဖူးပါ။

အိပ်မက်မက်ဖို့ဆိုတာတော့ ဝေးရော။ ရှင်းသန့်ဘုံ အိပ်မ တော့ ခေါင်းတွေ နောက်လာသည်။ သွေးဆေးနဲ့ ရေတစ်ခွက် ထသောက် ပြီး ဇွတ်ပင် မျက်စိမှိတ်ထားလိုက်သည်။

✲

ခါတိုင်း ၇ နာရီထိုးအောင်တောင် မအိပ်တတ်တဲ့ ရှင်းသန့်ဘုံ သည် ၈ နာရီထိုးခါနီးအထိ မျက်စိတွေ ကျိန်းစပ်ပြီး ဖွင့်မရဖြစ်နေသည်

“ကိုကို... ကိုကို”

ဟော... ညီမလေး တံခါးလာခေါက်နေပြီ။

“ကိုကို”

“ဒုန်း... ဒုန်း”

“လာပြီ... ညီမလေး”

မျက်စိမပွင့်တစ်ပွင့်နဲ့ ရှုံ့မဲ့ပြီး တံခါးလာဖွင့်တဲ့ ရှင်းသန့်ဘုံ ကို နည့်ဘုံ မျက်မှောင်ကုပ်ကြည့်ပြီး...





“နေမကောင်းဘူးလား ကိုကို၊ ၈ နာရီထိုးခါနီးအထိ မနိုးသေး တော့ စိတ်ပူပြီး လာနှိုးတာ”

“ညက တစ်ညလုံး အိပ်လို့မရဘူး၊ ဒီမနက် ခေါင်းတွေကိုက် ပြီး မူးချင်သလို ဖြစ်နေတယ်”

“ဒါဆို ဆေးသောက်၊ တစ်ခုခုစားပြီးမှ ပြန်အိပ်လိုက်ပါလား”

“မျက်စိကို မဖွင့်ချင်သေးတာ ညီမလေးရဲ့”

“ကဲ... ဒါဆိုလည်း အိပ်လိုက်လေ၊ ညီမလေး ဘာသာပဲ ဆိုင်သွားလိုက်မယ်၊ မိဆွေးကို ခေါ်သွားလိုက်မယ်၊ ကိုကိုနိုးရင် ဆေး သောက်ပြီး တစ်ခုခုစားလိုက်၊ မသက်သာရင်လည်း ညီမလေးကို ဖုန်း ဆက်လိုက်”

“အိပ်ရာနိုးရင်တော့ သက်သာသွားမှာပါ၊ ကိုကို နေ့လည် သောက်မှ လိုက်လာခဲ့မယ်”

“မလာပါနဲ့တော့၊ ကိုကိုသာ နေကောင်းအောင်နေပါ၊ ညီမလေး သွားမယ်နော်”

“သွား... သွား... ညီမလေး”

ရှင်းသန့်ဘုံ တံခါးပြန်ပိတ်ပြီး မှိန်းနေလိုက်သည်။ နောက်ထပ် လာလို့ နာရီကြည့်တော့ ၉ နာရီပဲ ရှိသေးသည်။ မျက်နှာသစ်ပြီး အောက်ဆင်းလာခဲ့သည်။

“အစ်ကိုကြီး မမနူးက အစ်ကိုကြီးနိုးရင် ဆေးသောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



သေးသေးကို စောင့်နိုင်းထားတယ်၊ ကော်ဖီသောက်မှာလား၊ နွားနို
သောက်မှာလား''

''အဲဒါတွေမသောက်ချင်ဘူး ခေါက်ဆွဲပြုတ်ပေး''

''ခဏစောင့်နော်၊ သေးသေးသွားလုပ်လိုက်မယ်''

ရှင်းသန့်ဘုံ ခေါင်းညိတ်ပြလိုက်ပြီး စားပွဲပေါ်က သတင်းစာ
ကို ကောက်ကိုင်လိုက်သည်။ ညီမလေးကို ဖုန်းဆက်ဖို့ သတိရတော့
ဖုန်းက အပေါ်မှာကျန်ခဲ့ပြီ၊ အိမ်ကဖုန်းနဲ့ပဲ နေကောင်းကြောင်းနဲ့ စိတ်
မပူဖို့ ဖုန်းဆက်ပြောလိုက်သည်။

ညီမလေးဆီက ဖုန်းပိတ်သွားပေမယ့် ရှင်းသန့်ဘုံ ဖုန်းမချသေး
ဘဲ တစ်ဖက်အိမ်က ဖုန်းနံပါတ်ကို နှိပ်နေမိသည်။ ဖုန်းခေါ်နေပြီ၊ လေး
လောက်ခေါ်နေမှ တစ်ဖက်က ဖုန်းလာကိုင်သည်။

''ဟဲလို''

အဘွား ဒေါ်အေးမိအသံဆိုတာ ချက်ချင်းမှတ်မိလိုက်သည်

''အဘွားလား၊ ကျွန်တော် ရှင်းသန့်ဘုံပါ''

''ဩော်... ငအေး... မြေး၊ ဘယ်ကဆက်တာလဲ''

''အိမ်က ဆက်တာပါ အဘွား''

''ဆိုင်မထွက်ဘူးလား''

''သိပ်နေမကောင်းချင်တာနဲ့ ညီမလေးပဲ သွားထွက်တယ်''

''ဆေးခန်း သွားမပြဘူးလား''

''ဒီလောက်အထိမဟုတ်ပါဘူး အဘွားရဲ့၊ ခေါင်းနည်းနည်း
ကိုက်တာပါ''

''ဒါဆိုလည်း ဆေးသောက်လိုက်လေ၊ ဘာစားချင်လဲ အဘွား
ချက်ပို့ခိုင်းလိုက်မယ်လေ''

''ရတယ် အဘွား၊ ဒီမှာ ကောင်မလေးကို ခေါက်ဆွဲပြုတ်ခိုင်း
ထားတယ်၊ အဘွားကို တောင်းပန်စရာရှိလို့''

''ဘာများတုန်းသားရဲ့''

''မနေ့က ကိစ္စလေ၊ နန်းထွတ်ထားကို မှားပြောမိတာလေ''

''ဩော်... အဟော်... ဟော်... ရပါတယ်၊ အိမ်ကမြေးလေး
လည်း မြေးပဲလေ၊ ရတယ်၊ ရတယ်၊ စိတ်ထဲဘာမှမထားနဲ့''

''အဘွားစိတ်ဆိုးသွားတော့ ကျွန်တော် စိတ်မကောင်းဖြစ်နေ
တာ''

''မဆိုးပါဘူး သားရဲ့၊ ရုတ်တရက်ကြီး ကြားလိုက်ရတော့
ထဲ တစ်မျိုးဖြစ်သွားတာလောက်ပဲ၊ မြေးလေးကိုလည်း ဆူရတယ်လေ၊
အဲဒီလိုပဲ၊ ဘွဲ့ရပြီး ကုမ္ပဏီမှာ အလုပ်လုပ်နေတာတောင် ပြင်ပြင်
ဆင်ဆင်ဘယ်တော့မှ မနေဘူး၊ အဘွား အဲဒါကိုပဲ အမြဲဆူနေရတယ်''

''ဟုတ်ကဲ့... အဘွား စိတ်မဆိုးဘူးဆိုတော့ ကျွန်တော် ဝမ်း
သာပါတယ်''

''အေးပါကွယ်၊ မဆိုးပါဘူး ဒါနဲ့ အခုဘာလုပ်နေလဲ''





www.burmeseclassic.com

www.burmeseclassic.com



"ခေါက်ဆွဲပြုတ်စားဖို့ စောင့်နေတာပါ အဘွား"

"တစ်ယောက်တည်းလား။ ပျင်းရင် လာခဲ့ပါလား"

"အဘွားလည်း ပျင်းနေပြီထင်တယ်"

"အင်းပေါ့၊ သမီးကလည်း ခရီးသွား။ မြေးလေးကလည် အလုပ်သွားတော့ နေ့လည်ဘက်ဆို အဘွားနဲ့ပိန့်မဆိုတဲ့ ကောင်မ နှစ်ယောက်တည်းရှိတယ်"

"ခဏကြာရင် ကျွန်တော် လာခဲ့မယ် အဘွား"

"အေး... အေး... အဘွားစောင့်နေမယ်နော်"

အဘွား ဖုန်းချသွားတော့ ရှင်းသန့်ဘုံ ဖုန်းကိုကိုင်ပြီး ငိုင မိသည်။ ကိုယ့်ကိုယ်ကိုယ် ဘာလုပ်လို့ လုပ်မိမှန်းတောင် မသိတော့ သေးသေး ခေါက်ဆွဲပန်းကန်နဲ့ ရောက်လာသည်။

အဘွားသည် ရှင်းသန့်ဘုံကို လိုလိုလားလားကို ဖိတ်ခေါ် သည်။ သွားလည်တဲ့အတွက် သင့်တော်ပါ့မလားဆိုတာ ရှင်းသန့် ခေါက်ဆွဲစားရင်း တွေးနေမိသည်။

အဘွားက ဘယ်လိုထင်မှာလဲ၊ နန်းထွတ်ထားကရော ဘယ် ထင်မှာလဲ။ နောက်ဆုံးတော့ ရှင်းသန့်ဘုံ လမ်းလျှောက်ပြီးတော့ တစ် ခြံကို ရောက်လာခဲ့သည်။

အဘွားဒေါ်အေးမိ ကျေနပ်သောအပြုံးတွေနဲ့ အပေါက် မှားမှားကြီး ကြိုဆိုနေသည်။

"လာ... သား"

ရှင်းသန့်ဘုံ အဘွားလက်ကိုတွဲပြီး အိမ်ထဲဝင်ခဲ့သည်။

"ထိုင်... သား။ ဘာစားမလဲပြော"

"မစားတော့ပါဘူး အဘွားရယ်၊ အခုလေးတင် ခေါက်ဆွဲပြုတ် တွေစားလာတယ်"

"ဟာ... မစားဘဲနဲ့တော့ မရဘူးဟေ့"

"အဘွားကလည်း ကျွန်တော် မပြန်သေးပါဘူး။ ဗိုက်ချောင် သွားတော့ စားမှာပေါ့"

အဘွားမျက်နှာသည် ပန်ထားတဲ့ စိန်နားကပ်ကြီးနဲ့အပြိုင် င်းထိန်ပြီး စကားသံတွေကလည်း ချိုမြနေသည်။

"ဒါဆို ဆာရင်ပြောနော်၊ အဟင်း... ဟင်း"

အဘွားနဲ့ တော်တော်ကြာကြာ စကားပြောပြီးတော့ အဘွားနဲ့ မ အတင်းထမင်းကျွေးလို့ စားပြီး နှုတ်ဆက်ကာ ပြန်လာခဲ့သည်။ င်းသန့်ဘုံ အဘွားနဲ့ စကားပြောကာ ပြန်လာပြီးကတည်းက ရင်ထဲမှာ ဒနာတစ်ခု စွဲကပ်သွားသည်။

ထိုဝေဒနာသည် နန်းထွတ်ထားဆိုတဲ့ မိန်းကလေးကို သနား းတဲ့ ဝေဒနာပင်ဖြစ်သည်။ ငယ်ငယ်လေးကတည်းက မိဘနှစ်ပါးလုံး တော့တဲ့ နန်းထွတ်ထားသည် မကြည်ဖြူတဲ့ အစ်ကိုတွေနဲ့ အစ်မ ကြားမှာ အဘွားနဲ့အဒေါ်ကြောင့် ဘွဲ့ရအောင်ယူပြီး မအားတဲ့ကြားက လုပ်လုပ်နေတာတဲ့။





www.burmeseclassic.com

www.burmeseclassic.com



အခုမှသိတဲ့အဘွားသည် အားကိုးတကြီး ရင်ဖွင့်နေတဲ့ ဘာ
ကြောင့်လဲလို့ ရှင်းသန့်ဘုံမသိဘဲနေမလား။ အဘွားကို အားနာတာထက်
နန်းထွတ်ထားကို ပိုပြီး သနားကာ ရင်ထဲမှာလည်း နင့်နင့်သည်းသည်းကြီး
ခံစားသွားရသည်။

ခါတိုင်း ဘာအကြောင်းကိုစွဖြစ်ဖြစ် ညီမလေးကို ပြောပြ
မယ့် နန်းထွတ်ထားအကြောင်းနဲ့ နန်းထွတ်ထားအိမ်သွားခဲ့တဲ့အကြောင်း
ကိုတော့ ပြောမပြဖြစ်တော့ပါ။

"ကိုကို နေမကောင်းရဲလားလို့ ညီမလေးတစ်နေကုန်စိတ်ပူနေ
တာ"

လို့ ညီမလေးပြန်လာလာချင်း ပြောတော့ ရှင်းသန့်ဘုံ စိတ်
မကောင်းဖြစ်သွားသည်။

* * *



အခန်း(၈)

နန်းထွတ်ထား အလုပ်သွားတဲ့အချိန်သည် ၈ နာရီလို့ အဘွား
ပြောသည်။ သူမအခေါ် အန်တီဒေါ်လင်းအေးမရှိတဲ့ရက်တွေမှာ နန်းထွတ်
ထားဈေးသွားဝယ်ကြောင်းလည်း အဘွားပြောသလို ဟိုတစ်နေ့က ညီမ
လေးနဲ့ မိတ်ဆွေတစ်ယောက်ရဲ့ အလှူကိုသွားတော့ ဈေးဆွဲခြင်းကြီး
ကားကားနဲ့ ဆိုက်ကားဂိတ်မှာ ရပ်နေတာတွေ့ထားသည်၊

ရှင်းသန့်ဘုံ ဒီနေ့ အစောကြီးထပြီး အောက်ဆင်းလာတော့
အောက်ဖက်မှာ မိဆွေးနဲ့ သေးသေး အလုပ်ရှုပ်နေသည်၊

"ဟာ... ဆရာ အစောကြီးနိုးနေလား"

"အေးဟာ ငါ လမ်းလျှောက်မလားလို့"

"ဆရာကလည်း ဆောင်းတွင်းလည်းမဟုတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ်ပေါ့ဟာ၊ တစ်နေကုန်အညောင်းထိုင်ရစေတော့ ဆရာဝန်က လမ်းတွေဘာတွေလျှောက်ပေးရမယ်ဆိုလို့"

"ဪ… အင်း… အင်း…"

"ကော်ဖီသောက်သွားဦးမှာလား ဆရာ၊ မုန့်ဟင်းခါးဟင်းရည်ကတော့ ချက်တုန်း"

"အေးဟာ ကော်ဖီနည်းနည်းသောက်သွားမယ်"

မိဆွေး ကမန်းကတန်းဖျော်ပေးတဲ့ ကော်ဖီကို ရှင်းသန့်ဘုံလည်း တဖူးဖူးမှုတ်ပြီး ကမန်းကတန်း သောက်ချလိုက်သည်။

"သွားပြီ၊ ညီမလေး နိုးရင် ပြောလိုက်"

ရှင်းသန့်ဘုံ လမ်းလျှောက်မယ်ပြောပြီးမှ ကားယူလို့ကောင်း မလား စဉ်းစားနေစဉ်…

"ဆရာ"

"အောင်မလေး လန့်လိုက်တာကွာ"

"ကျွန်တော် တိုးတိုးလေးခေါ်တာပါ ဆရာရဲ့"

မောင်ထိန် သူ့အပြစ်မရှိကြောင်း ရှင်းပြတော့ ရှင်းသန့်ဘုံ ပြုံးလိုက်ပြီး…

"ဟုတ်ပါတယ်၊ ငါ အတွေးလွန်သွားလို့ပါ"

"ဘာတွေတွေးနေတာလဲ ဆရာ၊ တပည့်ကော မသိရဘူးလား"

"ဪ… ကျန်းမာရေးအတွက် လမ်းလျှောက်ဖို့ ဆရာဝန်က





ပြောထားတယ်လေ၊ အဲဒါ ငါ လမ်းလျှောက်ဖို့ ထွက်လာပြီးမှ ကားယူရင်ကောင်းမလား မယူရင်ကောင်းမလား စဉ်းစားနေတုန်း မင်းက ငါမမြင်တဲ့နေရာက ခေါ်လိုက်တော့ လန့်သွားတာပေါ့"

"ဒီလိုလား။ မသိပါဘူး။ ဟိုတက်အိမ်က မမရာဇီအကြောင်းများ တွေးနေလားလို့"

"ပေါက်ကရကွာ"

"ဘယ်ကပေါက်ကရကမှာလဲ ဆရာရဲ့၊ ရေလည်မိုက်တယ်နော်၊ ဆရာနဲ့လည်း အရမ်းလိုက်တယ်"

"ကြားသွားပါဦးမယ်ကွာ"

"ဆရာကလည်း သမီးတင်မဟုတ်ဘူး၊ အမေကပါ အရမ်းသဘောကျနေတာနော်၊ စိတ်ကူးမလွဲနဲ့၊ ဆရာ့ကို တပည့်ကျော် လူပျိုကြီးဘဝက အမြန်ကျွတ်စေချင်ပြီ"

"ဟာကွာ မင်းပြောရတာနဲ့ အချိန်မရှိတော့ဘူး၊ သွားမယ်"

"ဆရာ ကားယူသွားဦးလေ"

"လမ်းလျှောက်ပါတယ်ဆိုမှ ဘာလို့ကားယူသွားရမှာလဲ"

"ဆရာကလည်း ကန်တော်ကြီးဘက်သွား၊ ကားထားပြီး ကန်တော်ကြီးကို ပတ်လျှောက်ပေါ့ ဆရာရဲ့၊ အဲဒီမှာ လေကောင်းလေသန့်ရတယ်လေ"

"မယူတော့ဘူးကွာ"

www.burmeseclassic.com



ရှင်းသန့်ဘုံ လှည့်မကြည့်ဘဲပြောပြီး ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ လမ်းထဲကထွက်ပြီး လမ်းထိပ်ဆိုက်ကားဂိတ်နားမှာ မယောင်မလည်နဲ့ ရပ်နေလိုက်သည်။

ရှင်းသန့်ဘုံစိတ်ထဲမှာ တစ်ခါမှမှ ထိုသို့မလုပ်ဘူးတဲ့အတွက် တစ်မျိုးကြီးဖြစ်နေသည်။ နာရီကြည့်လိုက် လမ်းထဲက ထွက်လာမယ့်သူကို ကြည့်လိုက်နဲ့ တစ်ယောက်တည်း အလုပ်ရှုပ်နေပြီး မလုံမလဲဖြစ်ကာ ဘေးဘီဝဲယာကိုလည်း ကြည့်ရသေးသည်။

ဒီအားလုံးဟာ အလုပ်ကိုယ်ဆီနဲ့ ရှုပ်နေကြတာကြောင့် ရှင်းသန့်ဘုံကို အရေးတောင်မလုပ်ပေ။ အခုမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး လမ်းထဲကို မျက်စိအကြည့်တွင် ဆွဲခြင်းလေးကိုင်ပြီး လျှောက်လာတာ နန်းထွတ်ထားမှ နန်းထွတ်ထား အစစ်ပါ။

သူမအကြောင်းတွေသာ မသိခဲ့သေးရင် ရှင်းသန့်ဘုံစိတ်ထဲ ဘယ်လိုမှနေမှာမဟုတ်ပါ။ အခု သူမအကြောင်းတွေ သိပြီးခဲ့တဲ့အတွက် သူ့အလိုလို ဖြစ်လာတဲ့အကြင်နာတွေကြောင့် ဒီနေရာကို ရောက်နေတဲ့ အပြင် သတိလက်လွတ် ငေးကြည့်နေမိသည်။

အဘွားဆူထားလို့ပဲလားတော့ မသိဘူး။ နန်းထွတ်ထားသည် အရင်လို ရှုပ်အကျီဖြားဖား ဖိုသီပတ်သီနဲ့မဟုတ်တော့ဘဲ တီးရှပ်နဲ့ကွာကားဘောင်းဘီကို ဝတ်ထားကာ့ သူမသည် ညီမလေးနဲ့ရွယ်တူပေမယ့်





ညီမလေးထက်ပင် ပိုနုနေသည်။

ကိုယ့်အလုပ်ကိုသာ အာရုံစိုက်နေတဲ့ နန်းထွတ်ထားသည် အခြားဘယ်ကိုမှ မကြည့်ဘဲ သူမစီးနေကျ ဖြစ်ပုံရတဲ့ ဆိုက်ကားသမား အရုံသင့်ရှေ့ထားတဲ့ ဆိုက်ကားပေါ် တက်လိုက်တာနဲ့ ဆိုက်ကား နင်းသွားသည်။

ဘာလုပ်ရမှန်းမသိသလို ဘာလုပ်လို့ လုပ်မိမှန်းလည်းမသိအောင် အလှည့်ရောက်တော့မယ့် ဆိုက်ကားတစ်စီးပေါ် တက်ကာ ဈေးကို သွားမယ်လို့ ပြောလိုက်တော့ ဆိုက်ကားဆရာ အလိုက်သိစွာ ခေါင်းညိတ်ပြီး နင်းသွားသည်။

ဈေးရှေ့ဆိုက်ကားဂိတ်မှာ ဆိုက်ကားရပ်တော့ ကျသင့်ငွေပေးပြီး နန်းထွတ်ထားနောက်မှ မယောင်မလည် လိုက်သွားလိုက်သည်။ နန်းထွတ်ထားတို့ ဆိုက်ကားကို ကျော်မတက်ဘဲ နောက်မှသာ ဖြည်းဖြည်းမှန်မှန်နင်းနေတဲ့ ဆိုက်ကားသမားကိုတော့ ရှင်းသန့်ဘုံ ကျေးဇူးတင်နေမိသည်။

နန်းထွတ်ထား ဈေးဝယ်တဲ့အခါဆို မယောင်မလည်ချပ်နေပြီး သူမ မတွေ့အောင် ကွယ်နေရတာလည်း ခက်ခက်ဖြစ်သည်။ တွေ့သွားမှာစိုးလို့ တထိတ်ထိတ်ခုန်နေတဲ့ ရင်ဘတ်ကို ဖိပြီး သူမနဲ့ခပ်လှမ်းလှမ်းကနေ တကောက်ကောက်လျှောက်လိုက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သားငါးတန်းအရောက်တွင် ရှင်းသန့်ဘုံ ပိုအလုပ်များသွားသည်။ ခြေချင်းလိမ်နေတဲ့ ဈေးဝယ်သူတွေကို ရှောင်ရတာက တစ်မျိုး။ အောက်မှာညစ်ပေနေတဲ့ ငါးညှီရေချော်ချော်တွေကို ချော်လဲမှာစိုးလို့ ဖွနင်းနေရတာတစ်ဖုံ၊ နန်းထွတ်ထား ဈေးဝယ်နေလား၊ လမ်းလျှောက်နေလားဆိုတာကို မျက်ခြေပြတ်သွားမှာစိုးလို့ရော တွေ့သွားမှာစိုးတာရော တသွယ်နဲ့ ချွေးတောင် ပျံလာသည်။

ဒီကြားထဲ တချို့ဈေးသည်တွေက သူတို့ရဲ့ငါး သို့မဟုတ် ပစ္စည်းတစ်မျိုးမျိုးကို ဘယ်သူလျှောက်လာလာ ဂရုမစိုက်ဘဲ ရေနဲ့ဖျန်းထည့်လိုက်လို့ ရှောင်ရတာကတစ်မျိုးနဲ့ ရှင်းသန့်ဘုံ ဒုက္ခတွေရောက်နေသည်။

ဒီလိုတွေ ကြုံတွေ့ရတော့ မိန်းမတွေ ဈေးဝယ်ရတဲ့ဘဝကို သနားသွားမိသည်။ အိမ်က မိခွေးတို့ သေးသေးတို့လည်း ဒီလိုပဲ ဝယ်ရမှာပဲ။ ဒါကြောင့်ထင်တယ်။ တစ်ပတ်ကိုတစ်ကြိမ်ပဲ ဈေးဝယ်ထွက်ပြီး လိုသမျှအားလုံး ဝယ်ထားသည်။

နန်းထွတ်ထားတို့ကော ဘာဖြစ်လို့ တစ်ပတ်စာလောက် မဝယ်ထားဘဲ နေ့တိုင်းဈေးဝယ်ထွက်ရတာလဲ။

ရှင်းသန့်ဘုံ စဉ်းစားရင်း ညှီနံ့တွေကြောင့် ခေါင်းတွေနောက်လာသည်။ မလှမ်းမကမ်းက နန်းထွတ်ထားကို ကြည့်တော့ ငါးဆိုင်တစ်ဆိုင်ရှေ့မှာ ငါးဝယ်နေသည်။





''မြန်မြန်ပြီးပါစေ''လို့ ဆုတောင်းပြီး မလှမ်းမကမ်းကနေ အဓိပ္ပာယ်မရှိ လျှောက်လိုက်နေမိသည်။

နန်းထွတ်ထား ဈေးဝယ်ပြီးသွားလို့ ဆိုက်ကားဂိတ်ပြန်လျှောက်သွားတော့ သူမ လာတုန်းက စီးလာတဲ့ဆိုက်ကားသမားလေးသည် နန်းထွတ်ထားဖောက်သည်ဖြစ်ပုံရအောင် သူမကို တွေ့တာနဲ့ အပြေးအလွှားခြင်းပိုင်းဆွဲပေးသည်။

နန်းထွတ်ထားတော့ မသိပါ။ ရှင်းသန့်ဘုံကတော့ ဗိုက်တွေ ဆာတော်ဆာလောင်လာပြီ။ သူမစီးသွားတဲ့ ဆိုက်ကားလေးနောက်ကျောကို စိတ်မချစွာလှမ်းကြည့်ပြီး လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်သည်။

ရှင်းသန့်ဘုံဆိုက်ကားနဲ့ပဲ ပြန်ရင်ကောင်းမလား။ ဒီတိုင်း ဖြည်းဖြည်းလမ်းလျှောက်သွားရင်ကောင်းမလား စဉ်းစားနေစဉ် အနားလာရပ်တဲ့ ကားတစ်စီးကြောင့် ရုတ်တရက် လန့်သွားပြီး ကားထဲကို ကြည့်လိုက်တော့...

''ဟာ... အန်တီနဲ့ ရတီပါလား''

''မောင်ရှင်းသန့်ဘုံ ဈေးထဲမှာ ဘာလာဝယ်တာလဲ၊ ကားကော ပါဘူးလား''

''မဝယ်ပါဘူး အန်တီ၊ ကျန်းမာရေးအတွက် လမ်းလျှောက်ရင်း ဗိုက်ဆာလာတာနဲ့ လက်ဖက်ရည်ဝင်သောက်တာပါ''

www.burmeseclassic.com



''အိုကွယ် လမ်းဘေးကဆိုင်တွေ မသောက်ပါနဲ့လား''

''ကျွန်တော်လည်း အရမ်းဆာလာတာနဲ့ တွေ့တဲ့ဆိုင်ဝင်လို
တာ၊ အန်တီတို့ ဘယ်ကပြန်လာတာလဲ''

''သမီးကြီးလင်မယားလေကွယ်၊ အလှူလုပ်လို့ ပြန်လာတာ
ကဲပါ၊ ကားနဲ့ပဲ လိုက်ခဲ့ပါတော့''

ရှင်းသန့်ဘုံ ငြင်းမရအောင် အန်တီမြ အပိုင်ခေါ်တော့ ထ
စဉ်းစားမနေတော့ဘဲ ကားပေါ်တက်လိုက်သည်။ ရတီသည် ကျွန
မိန်းကလေးပီသစွာ ယခုအချိန်ထိ ရှင်းသန့်ဘုံကို ပြုံးပြရုံကလွဲလို့ စကား
တစ်လုံးမှမပြောပါ။

''တစ်ယောက်တည်း လမ်းလျှောက်ရတာ မပျင်းဘူးလာ
မောင်ရှင်းသန့်ဘုံရဲ့''

''အဟင်း... ကျန်းမာရေးအတွက်ဆိုတော့ ပျင်းတယ်လို့တော
မဟုတ်ဘူးပေါ့ အန်တီရယ်''

''ဘယ်တုန်းကတည်းက လျှောက်နေတာလဲ''

''ဒီနေ့မှ စလျှောက်တာပါ''

''ဪ... အိမ်လိုက်ခဲ့ပါဦးလား''

''မလိုက်တော့ပါဘူး အန်တီ၊ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးပဲ
နော်၊ ရတီ''





''ရပါတယ်''

ရှင်းသန့်ဘုံ အားလုံးကိုနှုတ်ဆက်ပြီး ခြံထဲဝင်ဖို့ ပြင်တော့
ခြံတံခါးပေါက်တံခါးပွင့်သွားကာ ဘွားခနဲ မောင်ထိန့်မျက်နှာကြီး ထွက်လာ
သည်။

''အောင်မလေးဗျာ၊ ဟာ... လန့်လိုက်တာ မောင်ထိန်ရယ်''

ရှင်းသန့်ဘုံ ကိုယ့်ရင်ဘတ်ကိုယ်ဖိထားလိုက်သည်။ ရုတ်တရက်
ဆိုတော့ တကယ်ကို လန့်သွားတာပါ။ မောင်ထိန်ကတော့ သဘောတကျ
ရယ်နေသည်။

''ဒါကြောင့် ဆရာက ကားမယူတာကို''

''ဟော့ကောင်... ဘာတွေလျှောက်ပြောနေတာလဲ၊ ဘာမှမဆိုင်
နော်၊ လမ်းမှာဆုံပြီး အတင်းခေါ်လို့ လိုက်လာတာ''

''ဆုံအောင် ဖန်တီးတော့လည်း ဆုံတာ ဘာဆန်းလဲ ဆရာ
''

''ဟော့ကောင် ပြောလေကဲလေပါလား၊ ငါတကယ်ပြောတာ မယုံ
ည်း မတတ်နိုင်ဘူး''

ရှင်းသန့်ဘုံ ဆက်ပြောမနေတော့ဘဲ အိမ်ထဲဝင်လာတော့
င်ထိန် ရယ်ပြီးကျန်ခဲ့သည်။

''ပြန်လာပြီလား ကိုကို''



www.burmeseclassic.com

www.burmeseclassic.com



''အင်း... ပြန်လာပြီ ညီမလေး''

''ဘယ်တွေလျှောက်ခဲ့လဲ ကိုကိုရဲ့''

''ဟို... ဒီနားတစ်ဝိုက်ပါပဲ''

ရှင်းသန့်ဘုံ ကိုယ့်ကိုယ်ကိုယ် မလုံလို့လားမသိဘူး။ ညီမလေး မျက်နှာ စပ်ဖြဲဖြဲဖြစ်နေသည်။

''မသိပါဘူး။ ညီမလေးက မရတီတို့နဲ့ အလျှုအိမ်များ လိုက် သွားလှားလို့''

''ဟာ... မလိုက်ပါဘူး ညီမလေးကလည်း''

နွဲ့ညဲ့ဘုံ စပ်ဖြဲဖြဲလုပ်နေတော့ ရှင်းသန့်ဘုံ မလုံမလဲဖြစ်ပြီ

''အခု သူတို့ကားနဲ့လိုက်လာတာလည်း သူတို့ခေါ်လို့ပါ''

''အင်းပါ ကိုကိုရယ်၊ ဘယ်သူက ဘာပြောနေလို့လဲ၊ မရတီ တို့အိမ်ကို မုန့်ဟင်းခါးသွားပို့တော့ သူတို့အိမ်က ကိုကို မရတီတို့နဲ့ အလျှုလိုက်သွားလားမေးလို့ မေးမိတာပါ''

ရှင်းသန့်ဘုံ ဘာပြောရမှန်းမသိအောင် ခေါင်းကုပ်နေမိသည် နှင်းလေရှုပ်လေဖြစ်မှာမို့ ထပ်လည်းရှင်းပြမနေချင်တော့ပါ။

''ကိုကို ဆိုင်ထွက်မှာလား''

''ထွက်မှာပေါ့''

''မသိပါဘူး၊ ညီမလေးက မထွက်တော့ဘူးလားလို့''

''ဘာဆိုင်လို့ မထွက်ရမှာလဲ၊ ဘာမှန်းလဲမသိဘူး''





''အဟား... ဟား... ဟား''

ညီမလေးရယ်သံ အပေါ်ထိကပ်ပါလာသည်။ ရှင်းသန့်ဘုံ ...ရာထဲ ပစ်လှဲလိုက်သည်။ ကိုယ်ဖြစ်နေတာက တခြား သူတို့ထင်နေ ကြတာက တခြားဖြစ်နေတော့ ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား ...သိဖြစ်နေသည်။

''ဟူး... နှန်းထွတ်ထားရယ်၊ မင်းကတော့ ငါ့အဖြစ်ကို ဘာမှ ...သိမှာမဟုတ်ပါဘူး''

ရှင်းသန့်ဘုံ တိုးတိုးလေးငြီးလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ရှင်းသန့်ဘုံ မနက်တိုင်း လမ်းလျှောက်သည်ဟု ခပ်တည်တည်နဲ့ အကြောင်းပြနေတာ ဒီနေ့ဆို တစ်ပတ်တိတိရှိပြီ။

စစချင်းနေ့ကသာ တိုက်ဆိုင်လို့ဖြစ်သွားပြီး ခါတိုင်းနေ့တွေ ရှင်းသန့်ဘုံတစ်ယောက်တည်း တကာယ်လမ်းလျှောက်တယ်ဆိုတာ အ လုံးယုံသွားကြသည်။

ယုံသွားလောက်အောင်လည်း ညီမလေးရဲ့ အစီအမံနဲ့ မော ထိန် တစ္ဆေတစောင်းနောက်ကလိုက်ချောင်းသလို မိဆွေးကိုလည်း စရာတစ်ခုမဟုတ်တစ်ခု ရတီတို့အိမ်သွားပို့ခိုင်းပြီး စုံစမ်းသည်။

သူတို့ဒီလိုလုပ်မယ်ဆိုတာသိနေတဲ့ ရှင်းသန့်ဘုံသည် တကာ ကို လမ်းလျှောက်တဲ့ဟန်ပန်နဲ့ ကိုယ့်အလုပ်ကိုယ်လုပ်ကာ ညီမလေး လုပ်နေတာတွေကို ဘာမှမသိတဲ့ပုံစံနဲ့ မသိဟန်ဆောင်နေလိုက်သည်





နှစ်ရက်လောက် လိုက်ချောင်းကြည့်ပြီးသွားတော့ အားလုံးက ယုံကြည်သွားကြသည်။ ရှင်းသန့်ဘုံ သူတို့ထက်လည်တဲ့ ကိုယ့်ကိုယ်ကိုယ် စိတ်ထဲက ချီးကျူးနေမိသည်။

ရှင်းသန့်ဘုံသည် ဆိုက်ကားသမားတွေလည်း ရိုပ်မိသွားမှာစိုး ဘာ တစ်နေ့ကို တစ်နေရာပြောင်းစောင့်နေသည်။ ဒီနေ့ ဈေးထိပ်ဆိုက် ကားဂိတ်နားက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်နေစဉ် နန်းထွတ်ထားဖောက်သည် ဆိုက်ကားသမားလေးရဲ့ ဆိုက်ကားထိုးရပ် လိုက်တော့ ရှင်းသန့်ဘုံ မျက်လုံးပြူးသွားသည်။

ရှင်းသန့်ဘုံ မျက်လုံးပြူးသွားရသည့်အကြောင်းမှာ ဆိုက်ကား ပေါ်မှ ဆင်းလာသူသည် နန်းထွတ်ထားမဟုတ်ဘဲ သူမ အဒေါ်ကြီးဖြစ်နေ သောကြောင့်ဖြစ်သည်။

ငိုချင်စိတ်ပေါက်အောင် စိတ်ညစ်သွားပြီး ဘာဆက်လုပ်ရမှန်း အောင် မသိတော့ပါ။ ဟုတ်သားပဲ၊ အဘွားပြောထားတာ မေ့နေမိသည်။ နန်းတီ ဒေါ်လင်းအေးခရီးသွားတာ ၁၀ ရက်လောက်လို့ ပြောထားသည်။

လက်ဖက်ရည်ဖိုး ပိုက်ဆံရှင်းကာ ဘာမှစဉ်းစားမနေတော့ဘဲ နန်းထွတ်ထားတို့စီးနေကျ ဆိုက်ကားသမားလေးထံ လျှောက်သွားပြီး…

"ညီလေး… ဆိုက်ကား အားလား"

"မအားဘူး အစ်ကိုရဲ့"

"ခဏလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"စီးနေကျဖောက်သည် စောင့်နေရလို့ပါ အစ်ကိုရဲ့ တခြား ဆိုက်ကား ငှားစီးလိုက်ပါနော်"

ဘယ်လိုခေါ်ခေါ် လိုက်မယ့်ပုံမပေါ်တဲ့ ဆိုက်ကားဆရာကို စိတ် တိုသွားသော်လည်း ရှေ့ဆက်ရမယ့်ခရီးအတွက် သင်းသည် အရေးပါ ပါလာနိုင်မှာမို့ သည်းခံပြီး တခြားဆိုက်ကားတစ်စီး ငှားလာခဲ့သည်

"ဆရာ စောလှချည်လား"

မောင်ထိန် ပန်းပင်တွေရေလောင်းရင်း လှမ်းမေးနေသည်

"မင်းတို့ဟာက စောတော့လည်းတစ်မျိုး၊ နောက်ကျတော့ လည်းတစ်မျိုးနဲ့ ငါ ဘယ်လိုနေရမှန်းကို မသိတော့ဘူး"

ရှင်းသန့်ဘုံ စိတ်တိုတိုနဲ့ပြောပြီး အိမ်ထဲဝင်ခဲ့သည်။

"အကောင်းပြောလည်း အကောင်းမထင်ဘူး၊ သူ့စိတ်ကြီးနဲ

မောင်ထိန် မကြားတကြား ပြောကျန်ခဲ့သည်။ အခန်းတံခါး သေသေချာချာပိတ်ပြီး ဖြစ်ချင်တာဖြစ် သဘောထားကာ ဟန်းဖုန်းလေ ကို နှိပ်လိုက်သည်။

"ဟဲလို"

တစ်ဖက်က ဖုန်းကိုင်သူသည် နန်းထွတ်ထားဆိုတာ သေသေ ချာချာသိနေသည်။

"ဟဲလို ဘယ်သူလဲမသိဘူး"

ရှင်းသန့်ဘုံ ဘာပြောရရင် ကောင်းမလဲ စဉ်းစားနေစဉ် တ





ဖက်က မေးနေပြီ။

"အဟင်း… ဟို… ရှင်းသန့်ဘုံပါ"

"ပြောပါ"

"အဘွားကို ခဏလောက်ခေါ်ပေးပါလား"

"ခဏကိုင်ထားပါနော်"

ရှင်းသန့်ဘုံ ရင်တွေခုန်နေသည်။ အဘွားကို ခေါ်ခိုင်းလိုက် ပြီးမှ မှားမှန်းသိသွားသည်။

"ဟဲလို… ရှင်းသန့်ဘုံလား"

"ဟုတ်ကဲ့ အဘွား"

"နေနိုင်လိုက်တာကွယ်၊ လူကိုယ်တိုင်မလာတောင် ဖုန်းများ ဆက်မလားလို့ အဘွားမျှော်နေတာ"

"ဘာဖြစ်လို့မျှော်တာလဲ အဘွားရဲ့"

"ဟေ… ဘာရယ်လို့တော့ မဟုတ်ပါဘူး"

"အလကားပြောတာပါ အဘွားရယ်၊ အဘွားကို ပြောစရာရှိ လို့"

"ပြောလေ"

"အန့်တီ ပြန်လာပြီနော်"

"ညက ပြန်ရောက်တယ်"

"ကျွန်တော်ပြောရင် အဘွား အံ့ဩသွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမို့လို့လဲ"

"ကျွန်တော်လေ… အဘွား စိတ်မဆိုးနဲ့နော်"

"ပြောပါကွယ်၊ ဒီကလေးကလည်း… "

ရှင်းသန့်ဘုံ အဘွားနဲ့ စကားပြောပြီး နောက်နေ့ကစ၍ နန်းထွတ်ထားရှေးသွားတဲ့နောက်ကို လိုက်ခဲ့တာ ဒီနေ့ အန်တီဒေါ်လင်းအေးနဲ့တွေ့ခဲ့တဲ့အကြောင်း ပြောပြလိုက်တော့ အဘွား တအံ့တသြလေသံကြီးနဲ့…

"တကယ်ပြောတာလား ရှင်းသန့်ဘုံ၊ ဘာသဘောနဲ့ ဒီလိုတကောက်ကောက်လျှောက်လိုက်နေတာလဲ"

"ကျွန်တော် ပြောရင် အဘွား စိတ်မဆိုးရဘူးနော်"

"လာပြန်ပြီ ပြောပါကွယ်၊ စောစောကလည်း တစ်ခါပြောပြီးပြီ"

"ကျွန်တော် နန်းထွတ်ထားကိုချစ်လို့ အဘွား"

"ဟေ"

ဖုန်းထဲမှာ မဟုတ်ဘဲ အပြင်မှာသာဆို အဘွားမျက်လုံးကြီးပြူးပြီး နောက်မှာ ပြူးပြူးကြီး ဖြစ်နေမှာ မြင်ယောင်နေမိသည်။

"မင်း… မင်းဟာက ဟုတ်ရော ဟုတ်လို့လားကွယ်၊ မမြန်ဘူးလား"

"အဘွားက မယုံလို့လား"

"သိပ်မြန်နေသလားလို့ပါ၊ နောက်ပြီး တကယ်မချစ်ဘဲ အားနာ





ပါးနာနဲ့တော့ အဘွားမြေးလေးကို မကျီစားပါနဲ့ကွယ်"

"ကျွန်တော် နန်းထွတ်ထားကို သနားတာမှန်ပေမယ့် ကျီစားတာမဟုတ်ပါဘူး အဘွား၊ ကိုယ့်ကိုယ်ကိုယ်လည်း စမ်းစစ်ပြီးပါပြီ၊ ကျွန်တော် နန်းထွတ်ထားကို သိပ်သနားရာက သိပ်ကိုချစ်သွားမိတာပါ။ ဒါကြောင့်လည်း တစ်ခါမှမလုပ်ဖူးတဲ့အလုပ်တွေကို လျှောက်လုပ်နေမိတယ်လေ၊ နန်းထွတ်ထားအဘွားကို ဒီလိုပြောပြနေတဲ့အတွက် အားတော့နာပါတယ်၊ မခန့်လေးစားလုပ်တာမဟုတ်ရပါဘူးနော် အဘွား"

"ဘယ်သူက ဘာတွေပြောနေလို့လဲ"

"အဘွား တစ်မျိုးထင်မှာစိုးလို့ပါ"

"ဒါနဲ့နေပါဦး၊ ထွတ်ထားနောက်ကိုလျှောက်လိုက်ပြီး ဘာမှပြောဘူးလား"

"ကျွန်တော် ဘာပြောရမှန်းမသိဘူး အဘွား၊ ဒီလိုလျှောက်လိုက်နေရတာကိုလည်း ကျေနပ်နေမိတယ်၊ ဒီနေ့ အန်တီ့ကိုတွေ့လိုက်တော့ မောသွားတာပဲ"

အဘွားဖုန်းထဲကနေ ဟက်ဟက်ပက်ပက်ရယ်ပြီး…

"မောတာပေါ့ကွယ်၊ မင်းတွေ့ချင်တာ တူမတွေ့ချင်တာ၊ ဒေါ်တွေ့ချင်တာမှ မဟုတ်တာ အဟား… ဟား… ဟား"

"အဘွားကို တစ်ခုပြောရဦးမယ်"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"နန်းထွတ်ထားနဲ့ ကျွန်တော့်ကို သဘောတူလား"

"အရမ်းသဘောတူတယ်၊ အဘွားက ဖွင့်ဖွင့်လင်းလင်းပဲ ပြော တတ်တယ်၊ မင်းလိုအဖက်ဖက်က ပြည့်စုံတဲ့ လူတစ်ယောက်ကို အဘွား မြေးလေးနဲ့ အရမ်းကိုဖြစ်စေချင်ပါတယ်၊ ဒါမှလည်း အဘွားမြေးလေး အနိမ့်ဘဝကနေ မမြင်မတွေ့ရတော့မှာ"

"နောက်တစ်ခု ပြောဦးမယ်၊ ကျွန်တော် နန်းထွတ်ထားနော ကို တကောက်ကောက်လိုက်တဲ့အကြောင်း သူ့ကို မပြောပါနဲ့နော် အဘွား"

"ဘာဖြစ်လို့လဲ"

"မပြောပါနဲ့ဦး အဘွားရယ်၊ ကျွန်တော့် သူ့ဘဝကိုသနား ကယ်တင်ချင်လို့ချစ်တာလို့ သူ့ကိုမထင်စေချင်ဘူး"

"အေးပါ... အေးပါ၊ သားသဘောပါပဲ၊ အဘွား သား တွေ့ချင်သေးတယ်"

"ကျွန်တော်လည်း အဘွားနဲ့ စကားပြောချင်ပါတယ်"

"ဒီလိုလုပ်လေ၊ ညနေ ငါးနာရီကျော်လောက် အဘွားပိန် လမ်းလျှောက်ထွက်တယ်၊ သား လာခဲ့လို့ရမလား"

"ရတာပေါ့ အဘွားရဲ့"

"ဒါဆို ဒါပဲနော် သား၊ ဟိုမှာ မြေးလေးအလုပ်သွားတော့ စကားပြောဦးမလား"





အဘွားအသံနိမ့်ပြီးပြောတော့ ရှင်းသန့်ဘုံ ပြုံးလိုက်ပြီး...

"မပြောတော့ပါဘူး အဘွားရယ်"

"ဒါဆို ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့"

ရှင်းသန့်ဘုံ ဖုန်းလေးကိုမပိတ်သေးဘဲ ရင်ဘတ်မှာ ကပ်ထား လိုက်သည်။

✲

"အဘွား... လာ ကားပေါ်တက်"

အဘွားနဲ့ ပိန်မကိုတွေ့တော့ ရှင်းသန့်ဘုံ ကားလေးထိုးရပ် ခေါ်လိုက်သည်။

"ဘယ်သွားမလို့လဲ"

"တက်ပါ အဘွားရဲ့၊ တစ်ခုခုသွားစားရအောင်"

"မစားတော့ဘူး၊ ထမင်းစားခါနီးနေပြီ"

"လာစမ်းပါ အဘွားရယ်၊ အချိုရည်တစ်ခုခုသောက်ရင်း စကား ပြောကြတာပေါ့"

ရှင်းသန့်ဘုံ ဖွင့်ထားတဲ့ ကားတံခါးပေါက်မှ အဘွားလက်ကို တော့မှ အဘွားဝင်ထိုင်သည်။

"နောက်ကတက်လေ ပိန်"



www.burmeseclassic.com

www.burmeseclassic.com



ပိန်မ ကားနောက်ခန်းမှ တက်ပြီးတာနဲ့ ရှင်းသန့်ဘုံ ကား
လေးမောင်းထွက်ခဲ့သည်။ လူရှင်းတဲ့ အအေးဆိုင်လေးတစ်ဆိုင်ရှေ့
အရောက်တွင်…

''ဆင်း အဘွား''

ရှင်းသန့်ဘုံ အဘွားကိုတွဲပြီး ဆိုင်ရှေ့မျက်နှာစာက စားပွဲဝိုင်း
မှာ ထိုင်လိုက်သည်။

''အဘွား… ဘာသောက်မလဲ''

''လိမ္မော်ရည်လေးပဲ သောက်မယ်''

''ပိန်မကော''

''ကျွန်မလည်း လိမ္မော်ရည်ပဲ သောက်မယ်''

ရှင်းသန့်ဘုံ လိမ္မော်ရည်သုံးခွက်မှာလိုက်သည်။ ရှင်းသန့်ဘုံ
အဘွားကိုကြည့်ပြီး ပိန်မကို မျက်စပစ်ပြလိုက်သည်။ အဘွား ခေါင်း
တစ်ချက်ညိတ်ပြီး…

'ရတယ် ရှင်းသန့်ဘုံ၊ ပိန်မက အဘွားလူအပြင် မြေးလေး
ထွက်ထားအကျိုးကိုလည်း လိုလားတဲ့သူဖြစ်တယ်၊ ဒါကြောင့် ရဲရဲသာ
ပြော၊ သူကတောင် အကြံကောင်း ဉာဏ်ကောင်း ပေးနိုင်ရင် ပေးနိုင်မှာ'

အဘွား၏အသံသည် တက်ကြွနေတယ်လို့ ရှင်းသန့်ဘုံထင်
တယ်၊

''ကဲ… ပြော ရှင်းသန့်ဘုံ''





''ကျွန်တော် ဘာပြောရမှန်းမသိလို့ ဘာမှလည်း မပြောတတ်
ဘူး အဘွားရယ်၊ နန်းထွတ်ထားဘဝကို သိပြီး ကယ်တင်ချင်တာ သက်
သက်မဟုတ်ပါဘူး။ ကျွန်တော့်ရင်ထဲမှာ တကယ့်ကို လေးလေးနက်နက်
ချစ်သွားတာပါ၊ နားနဲ့မနာပါနဲ့ အဘွား''

''ရတယ် ရှင်းသန့်ဘုံ၊ အဘွားကိုယ်တိုင် သဘောတူပါတယ်
ပြောထားသားပဲ၊ ဘာမှ အားမနာနဲ့ ဆက်ပြော''

ပိန်မ ခစ်ခနဲရယ်တော့ အဘွား မျက်စောင်းလှမ်းထိုးနေသည်။

''နန်းထွတ်ထားကို ကိုယ်တိုင်ဖွင့်ပြောချင်ပါတယ်၊ သူ အလုပ်
သွားနေတဲ့အချိန်နဲ့ ကျွန်တော် ဆိုင်ထွက်နေတဲ့အချိန် ဘယ်လိုမှမဆုံနိုင်
ဘူးဖြစ်နေတယ်''

''ဒါက လွယ်ပါတယ် အစ်ကို၊ မမ ရုံးပိတ်ရက် တနင်္ဂနွေနေ့ဆို
အနတိလင်းက အပြင်ထွက်တာများတယ်၊ တနင်္ဂနွေနေ့ကျ အစ်ကို
သစ်ခုခုအကြောင်းပြပြီး လာခဲ့ပါလား''

''အေး… ပိန်မပြောတာ ဟုတ်တယ်၊ ဘယ်လိုလဲ ရှင်းသန့်ဘုံ
ဘာမှာလား''

''လာရမှာပေါ့ အဘွားရယ်''

''ဒါနဲ့ သားက မိတ်တွေမရှိတော့ပေမယ့် ညီမလေး ရှိသေးတယ်
နော်၊ နှုးညွှံဘုံက မြေးလေးနဲ့ သူ့အစ်ကို သဘောတူပါ့မလား''

ညီမလေးက အရမ်းဖြူစင်သလို သဘောမတူဘူး ဘာညာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိမှာမဟုတ်ပါဘူး အဘွား။ ညီမလေးနဲ့အိမ်ကလူတွေက ရတီနဲ့ ထင်နေကြတာ''

''ဩော်… အေးပေါ့လေ၊ ရတီက ဘာတစ်ခုမှပြောစရာမရှိတဲ့ မိန်းကလေးဆိုတော့ သားနဲ့အရမ်းရှေ့သွားနောက်လိုက် ညီပါတယ်၊ ရတီလို လူမျိုးနဲ့ နူးညံ့ဘုံက သဘောတူမှာပေါ့နော်''

''ဟုတ်ကဲ့ အဘွား။ ဒါပေမဲ့ ရတီနဲ့ ကျွန်တော်က စကားတောင် သေသေချာချာမပြောဖူးသေးပါဘူး''

''ရတီနဲ့ယှဉ်ရင်တော့ ထွတ်ထားအတွက် စိတ်ပူတာ အမှန်ပဲ''

''ကာယကံရှင်က ကျွန်တော်ပါ အဘွားရယ်''

''ဟုတ်သားပဲ အဘွားကလည်း အစ်ကိုချစ်တာ မမထွတ်ထား ပါဆိုမှ ဘာလိုသေးလို့လဲ''

အဘွား ခေါင်းညိတ်နေပေမယ့် မျက်နှာကတော့ ပြုံးပြုံးရွှင်ရွှင် မရှိချေ။

''အဘွား… တနင်္ဂနွေကျ ထမင်းပါစားမှာနော်''

''စားရမှာပေါ့၊ စားစရာတစ်ခုခုလာပေးတဲ့အနေနဲ့လာနော်''

''စိတ်ချပါ အဘွားရဲ့''

လိမ္မော်ညည်သောက်ရင်း တစ်ခုခုကို စဉ်းစားနေတဲ့ အဘွားကို ကြည့်ပြီး ရှင်းသန့်ဘုံ ပြုံးလိုက်သည်။

''အဘွားက ကျွန်တော့်ကိုတော့ မေးတယ်၊ ကျွန်တော်ကလည်း





မေးဦးမယ်၊ အန်တီ ဒေါ်လင်းအေးကရော သဘောတူပါ့မလား''

''အို… ဒီလိုလူမျိုးနဲ့ ဘာသဘောမတူစရာရှိလဲ၊ ဒီအတွက်း ဘာမှမစိုးရိမ်နဲ့''

''အဘွားနဲ့ အစ်ကိုကလည်း ကာယကံရှင် မမထွတ်ထား ောင် ဘာမှဖွင့်မပြောရသေးတဲ့ကိစ္စကို ဟိုလူသဘောတူပါ့မလား။ ဒီလူ သဘောတူပါ့မလားနဲ့ အစိုးရိမ်ပိုနေကြတယ်''

''ဟုတ်သားပဲနော် အဘွား''

ဒီတော့မှ အဘွားလည်း ရယ်ပြုံးပြုံးနေသည်၊

''သွားကြမယ်လေကွယ်''

အဘွားစပြီးလောတော့ ရှင်းသန့်ဘုံ ခေါင်းညိတ်ပြီး ပိုက်ဆံ ပေးလိုက်သည်။ အဘွားတို့ကို ပြန်ပို့ပြီး ညီမလေးခေါ်ဖို့ ဆိုင်ကိုတစ် ကြက်ပြန်ရဦးမည်။ ဒီရက်တွေမှာ အပြင်ထွက်လွန်းလို့ ညီမလေး ကတော့ဖြစ်မှာလည်း စိုးရသေးသည်။

တနင်္ဂနွေသည် ကံကောင်းတဲ့နေ့ဖြစ်ပါစေ ဆုတောင်းရင်း ဂ်နွေနေ့ မြန်မြန်ရောက်ပါစေ ဆုတောင်းနေမိသည်။

ဆိုင်ရောက်တော့ ညီမလေးနဲ့ စကားပြောနေတဲ့ ရတီတို့ အမိကို တွေ့တော့ အံ့သြသွားသည်၊ သူတို့ဆိုင်ကို ခဏခဏလာတာ ဘို့ စားစရာတစ်ခုမဟုတ် တစ်ခုလာပေးနေတာတွေသည် ရိုးရိုးသား ဖြစ်နိုင်ဘူးဆိုတာ သိနေတော့ အားနာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတီကတော့ သူမမိခင် အတင်းခေါ်လို့သာ လိုက်လာ
အောင် သူမမျက်နှာသည် မရွှင်မပြဖြစ်နေသည်။ ရတီလို ကြ
မိန်းကလေးအတွက် ဘာကိုမှ လွန်လွန်ကဲကဲဖြစ်မသွားစေချင်တ
ရှင်းသန့်ဘုံရဲ့ စေတနာဖြစ်သည်။

နန်းထွတ်ထားကိုပဲ ဘဝတစ်သက်တာလုံးအတွက် ရွေးချယ်
ဆုံးဖြတ်ထားပြီးပြီမို့ ရင်ထဲက နှလုံးသားကိုရော အပြင်က ကိုယ်က
သိက္ခာကိုပါ မနာကျင်စေချင်ပါ။

''ဟော... ဟိုမှာ လာပါပြီ''

ညီမလေးပြောလိုက်တော့ သားအမိနှစ်ယောက်လုံး ပြုံးကြ
နေသည်။

''ညီမလေးကလည်း ညွှန့်သည်တွေကို တစ်ခုခုမကျွေးဘူးလာ

''ညွှန့်သည်မှမဟုတ်ဘဲ မောင်ရှင်းသန့်ဘုံရယ်''

''ဈေးလာဝယ်တာလား အန်တီ''

''ဆိုပါတော့ကွယ်၊ လမ်းလည်းကြုံနေတာနဲ့ ဝယ်စရာရှိတ
လေးတွေ ဝယ်ရင်း နှုးညံ့က မောင်ရှင်းသန့်ဘုံလာတာနဲ့ ပြန်မယ်ဆို
စောင့်ရင်း စကားပြောနေကြတာလေ''

''ဟုတ်လား ဒါဆို ဆိုင်သိမ်းကြမယ်လေ ညီမလေး''

''ရပါတယ်၊ အန်တီတို့လည်း အားတာနဲ့ ထိုင်နေကြတ
အပျင်းလည်းပြေပါတယ်''





''မဟုတ်ပါဘူး အန်တီ၊ ဆိုင်က ဒီအချိန်ပိတ်နေကျဆိုတော့
ယ်သူ့စောင် နည်းသွားပါပြီ''

''ရောင်းရတယ်နော်၊ သမီးလေးရတီတောင် အားကျနေတယ်''

''အားကျရင် မမရတီ နှုးညံ့တို့ကို ကူပြီး ဆိုင်ထိုင်ပေးပါလား''

''ရပါတယ် နှုးညံ့ရယ်''

''ရတယ် သမီးနှုးညံ့ရေ၊ နင့်အစ်ကို ခေါ်ထား''

ရှင်းသန့်ဘုံ သူတို့ဟာနဲ့သူတို့ ဟုတ်နေကြတဲ့ ရတီတို့သားအမိ
နဲ့ ညီမလေးတို့နားက လှည့်ထွက်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)

"ဟယ်... ရှင်းသန့်ဘုံပါလား။ တစ်ယောက်တည်းလား သား လား... ထိုင် သား"

အဘွားဒေါ်အေးမိသည် ရုပ်ရှင်ထဲကဆို အကယ်ဒမီတောင် ရလောက်သည့် သရုပ်ဆောင်ပုံမျိုး ဝမ်းသာအဲလဲ အသံကြီးနဲ့ ထကြို တော့ ရှင်းသန့်ဘုံစိတ်ထဲက ရယ်ချင်နေမိသည်။

လက်ထဲက ဟာလဝါမှုန့်တွေထည့်ထားသည့် အိတ်ကို စားပွဲပေါ် တင်ပြီး အဘွားညွှန်ပြတဲ့နေရာမှာ ထိုင်ကာ မလှမ်းမကမ်းမှာ ကြက်မွေး တစ်ချောင်းနဲ့ အလုပ်ရှုပ်နေတဲ့ နန်းထွတ်ထားကို လှမ်းကြည့်လိုက်သည်။

နန်းထွတ်ထားလည်း တစ်ချက်လှမ်းကြည့်ပြီး သူ့အလုပ်သူ ဆက်လုပ်နေသည်။





"ဘာတွေလဲ သားရဲ့"

"ဟာလဝါပါ အဘွား။ အသိတစ်ယောက် ပုသိမ်က အပြန် လက်ဆောင်ပေးတော့ အဘွားတို့ အန်တီတို့ကို သတိရပြီး လာပေးတာ ပါ"

"အားနာစရာကြီးကွယ်၊ ဆိုင်မထွက်ဘူးလား"

"ကိစ္စလေးရှိလို့ ပြန်လာရင်း အဘွားတို့အတွက် ဟာလဝါ ဝင်ပေးတာလေ"

"အဘွားက ဟာလဝါဆို သိပ်ကြိုက်တာ၊ သမီးရေ ထွတ်ထား။ ဒီမှာ ဟာလဝါမှုန့်တွေ လာသိမ်းပါဦးကွဲ့၊ ရှင်းသန့်ဘုံအတွက်လည်း တစ်ခုခုလုပ်ပေးပါဦး"

"အဘွား... ကျွန်တော်ဗိုက်ပြည့်နေပြီ"

"ဟယ်... ဘယ်ရမှာလဲ၊ တစ်ခုခုတော့ စားရမှာပေါ့"

"တကယ်မစားနိုင်တော့လို့ပါ အဘွားရယ်"

"မရဘူး မရဘူး ကော်ဖီတော့သောက်ရမယ်"

"တကယ် ဗိုက်ပြည့်နေလို့ပါ၊ ကဲ... အဘွားကျေနပ်အောင် နေ့လည်စာ ထမင်းစားမယ်လေ"

"တကယ်ပြောတာလား"

"တကယ်ပေါ့ အဘွားရဲ့၊ တစ်ခါတစ်ခါတော့ ဆိုင်မှာနေရတာ ငြီးငွေ့လာပြီ၊ အခုလို ရင်းနှီးတဲ့သူတွေနဲ့ စကားတွေပြောချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး အဘွားက အမြဲတမ်း ဖိတ်ခေါ်ပါတယ်"

"ကျေးဇူးတင်ပါတယ် အဘွား"

"ကဲ... သမီးရေ အိမ်မှာဘာချက်လဲ၊ ရှင်းသန့်ဘုံထမင်းစား မယ်တဲ့၊ တစ်ခုခုထပ်ချက်ဦး"

"ရှိတာနဲ့ပဲ စားမယ် အဘွား။ ဘာမှထပ်မချက်ပါနဲ့"

"ရပါတယ်ကွယ်၊ မြေးလေးလည်း ဒီနေ့ အလုပ်ပိတ်တယ်"

"ရှိတာနဲ့ပဲ စားပါရစေ အဘွားရယ်၊ ထပ်ချက်မယ်ဆို မစား တော့ဘူး"

"အေးပါ၊ အေးပါ၊ ရှိတာနဲ့ပဲ စားပါတော့"

ထွတ်ထား ဟာလဝါဖူးတွေထည့်ထားတဲ့ အိတ်ကို လှမ်းယူရင် စေတနာတွေပိုနေတဲ့အဘွားကိုရော သဘောတွေစွတ်ကောင်းနေတဲ့ ရှ သန့်ဘုံဆိုတဲ့လူကိုပါ အရမ်းကြီးကို အံ့ဩနေမိသည်။

သူ့ကိုမြင်ဖူးတဲ့အကြိမ်သည် စဉ်းစားပြီးရေတွက်မယ်ဆိုရ ရေတွက်လို့ရနိုင်ပေမယ့် လောလောဆယ်တော့ မရေတွက်အားပါ။ မရေတွက်ခဲ့တဲ့ အကြိမ်တွေအတွင်း သူ့ကိုတွေ့ခဲ့တာသည် ကားထဲ ထိုင်နေတာနဲ့၊ ပထမအကြိမ်လည်း တစ်ကိုယ်လုံးရဲ့ သုံးပုံတစ်ပုံသ တွေ့ရတော့ သူ့အရပ်အမောင်းကို ထွတ်ထား မခန့်မှန်းတတ်ပါ။

တွေ့ခဲ့တဲ့အကြိမ်တွေသည် ဘုကျရန်ဖြစ်ခဲ့တာတွေချည်းပဲ ကြ ခဲ့တာကြောင့် သူ့မျက်နှာချောချောကြီးကိုတောင် ကြည့်မရအောင် မျ





းတဲ့အတွက် သူ့ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းကိုလည်း ကို စိတ်မဝင်စားတော့တာ မဆန်းဘူးလို့ ထွတ်ထားထင်တယ်။

အခု ရုတ်တရက်မြင်လိုက်ရတဲ့ သူ့ကိုယ်လုံးနဲ့ အရပ်အမောင်း ကြည့်ပြီး ထွတ်ထားရင်တွေဘာတွေခုန်သွားသည်။

ဒီကြားထဲ သူဝင်လာစဉ် အဘွားလှမ်းနှုတ်ဆက်တော့ တ်ထား လှည့်အကြည့်နဲ့မျက်လုံးချင်းဆုံသွားပြီး နေလို့ထိုင်လို့မရ င် စိတ်တွေလှုပ်ရှားနေမိသည်။

အဘွား ဘာတွေပြောထားလဲမသိစွာ ရှင်းသန့်ဘုံဆိုတဲ့လူကြီး ကြည့်တွေသည် အရင်လို အထက်စီးကပုံစံမျိုးမဟုတ်တော့ဘဲ နူးညံ့ ပြောင်းနေသည်။ ဟာလဝါဖူးထည့်ထားသည့်အိတ်ကို ဆွဲပြီးနောက် ဝင်လာတော့ ကျောမလုံသလို ခံစားရသည်။

အဘွားနဲ့ ဒီလူကြီး ဘာတွေပြောပြီး သဘောကျနေလဲ မသိဘူး၊ တစ်ခါလည်း ဒီမှာထမင်းစားကြောင်း အဘွားနဲ့ပိန်မ ပြောသေးသည်။

"အန်တီ့မတွေ့ပါလား အဘွား"

"သမီးက အလုပ်ခပ်ရှုပ်ရှုပ်လေ၊ သူ့တူမအလုပ်ပိတ်ရက်ဆို မှာမရှိတာများတယ်"

သူနဲ့အဘွား စကားပြောကျန်ခဲ့သည်။ နန်းထွတ်ထား အိမ်ထဲ သွားတော့ ရှင်းသန့်ဘုံ ပြုံးကြည့်ပြီး အဘွားဘက်လှည့်ကာ...

"ဒီလိုကျတော့လည်း နန်းထွတ်ထားက ချောသားပဲနော် ဘွား"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လား။ အဘွားမြေးက အစကတည်းက ချောပါတယ်

''ဟုတ်ပါတယ်၊ ကျွန်တော် မှားပါတယ်လို့ အဘွားကို ပြီးပြီပဲ''

အဘွားပြုံးပြုံးကြည့်နေတော့ ရှင်းသန့်ဘုံ မလုံမလဲဖြစ်နေသည် ထွတ်ထား ဟာလဝါပူးထုတ်ကို စားပွဲပေါ် ပစ်တင်လိုက်တော့ ဟင်းအို စိတ်ဝင်တစား နူးမနူးကြည့်နေတဲ့ ပိန်မ လန့်သွားသည်။

''လန့်လိုက်တာ မမထွတ်ထားရယ်၊ ဘာဖြစ်တာလဲ၊ အဲဒါ ကရော ဘာတွေလဲ''

''ဟိုဘက်အိမ်ကပုဂ္ဂိုလ်ကြီးလာပေးတဲ့ ဟာလဝါပူးတွေ ဟွန်း… ဘာတွေခါတ်ကျလို့လဲမသိဘူး၊ ဒီမှာထမင်းစားမလို့တဲ့''

''စားပစေပေါ့ မမထွတ်ထားရယ်''

''တော်တော်စေတနာပိုနေတယ်ပေါ့ ဟုတ်လား။ အဘွားလ ဒီအတိုင်းပဲ''

''ကုသိုလ်ရပါတယ် မမရယ်''

ထွတ်ထား မျက်စောင်းထိုးလိုက်ပေမယ့် ကိုယ်တိုင်ကလ ထိုလူကြီးအတွက် စေတနာတွေပိုပြီး ဘာတွေထပ်လုပ်ရင်ကောင်း စဉ်းစားနေမိသည်။

''မမထွတ်ထား''

''ဘာလဲဟဲ့''





''ဘာလုပ်မလို့လဲ၊ ရှေ့မှာ သွားညှော်ခံလေ''

''ငါ့ညှော်သည်မှမဟုတ်တာ၊ ညှော်မခံနိုင်ပါဘူး။ ဘာထပ်လုပ်ရင် ကောင်းမလဲ''

''ဘာလုပ်ချင်လဲ ပြော၊ ကျွန်မ လုပ်ပေးမယ်၊ ဦးရှင်းသန့်ဘုံကို သာ သွားညှော်ခံပါ''

''ညှော်မခံချင်ပါဘူး။ အဘွား ညှော်ခံနေတယ်၊ မပူနဲ့''

''မမကလည်း ဘာမှန်းကို မသိဘူး။ ဒါကြောင့် သူ့ကို ဟိုက အိမ်မှာခိုင်းတဲ့သူလို့ထင်တာ''

''ဂရုမစိုက်ပါဘူး''

ထွတ်ထား ပြောပြောဆိုဆို ရေခဲသေတ္တာဖွင့်ပြီး ဘာလုပ်ရင် ကောင်းမလဲစဉ်းစားနေစဉ် အိမ်ရှေ့က အဘွားအသံကြီး ထွက်လာသည်။

''ထွတ်ထားရေ သမီး''

''အဘွားကလည်း ဘာလုပ်မလို့လဲ မသိဘူး''

''ကောင်းတယ်၊ ကောင်းတယ်''

''ဘာကောင်းတာလဲ''

''ထွတ်ထား''

ပိန်မကို လှည့်ရန်တွေ့နေတုန်း အဘွားထပ်ခေါ်ပြန်သည်။

''ရှင်… အဘွား''

''ခဏလောက်လာပါဦး သမီးရယ်''



www.burmeseclassic.com

www.burmeseclassic.com



ထွတ်ထား ပွစိပွစိပြောပြီး အပြင်ထွက်ခဲ့တော့ ပိန်မ ရယ်ကျန်ခဲ့သည်။

"အဘွား... ဘာလဲ"

ထွတ်ထား ကျေနပ်သလိုလို မကျေနပ်သလိုလိုနဲ့ ရှင်းသန့်ဘုံဆိုတဲ့လူကြီးကို မကြည့်ဘဲ ခပ်စူစူနဲ့ အဘွားကို မေးလိုက်သည်။

"အဘွား... ရေအိမ်ခဏသွားချင်လို့ သမီး ရှင်းသန့်ဘုံကို ခဏလောက် ဧည့်ခံလိုက်ဦး"

"သမီး ဟင်းချက်စရာရှိသေးတယ် အဘွား"

"ဘာမှထပ်မချက်နဲ့တော့လေ၊ ရှင်းသန့်ဘုံက ရှိတာနဲ့ပဲ စားမယ်တဲ့၊ လုပ်စရာရှိတာ ပိန်မလုပ်လိမ့်မယ်"

အဘွားပါးစပ်ကသာ ချိုချိုသာသာပြောပေမယ့် ဟိုလူကြီး မမြင်အောင်တော့ မျက်လုံးကြီးပြူးပြီး အံကြိတ်ပြနေသည်။

"ဟဲ့... ထိုင်လေ"

အဘွား စိတ်မဖြောင့်ဘဲ လှည့်ကြည့်တော့ မတ်တပ်ရပ်နေတဲ့ ထွတ်ထားကို ကြည့်ကာ မာန်လိုက်သည်။ ထွတ်ထား ရှုရှုစောင့်စောင့် ထိုင်ချလိုက်ပြီး မျက်နှာကိုတစ်ဖက်လွှဲထားလိုက်သည်။

"နေပါစေ အဘွားရယ်၊ သူလုပ်စရာရှိတာလုပ်ပါစေ၊ ကျွန်တော်က ဧည့်သည်မှမဟုတ်တာ"

"ဘယ်ဟုတ်မလဲ ရှင်းသန့်ဘုံရဲ့၊ မိထွတ်ထား စကားကို ယဉ်ကျေးကျေးပြောနော်"





အဘွားပြောပြီးတာနဲ့ လှည့်ထွက်သွားတော့ အဘွားနောက်ကျောကို ကြည့်ပြီး ထွတ်ထား မဲ့လိုက်သည်။

ထွတ်ထားစိတ်တွေ အရမ်းကိုလှုပ်ရှားနေသည်။ ဘာပြောရမှန်းမသိသလို သူကလည်း ဘာမှမပြောဘဲ ငုတ်တုတ်ထိုင်နေသည်။ တကယ့်အကယ်မှာတော့ ရှင်းသန့်ဘုံ ဘာပြောရမှန်းမသိအောင်ကို ဆွံ့အနေမိသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုအပြည့်ရှိပြီး ဘာမဆိုပြောရဲဆိုရဲတဲ့ ရှင်းသန့်ဘုံသည် ဘာမှမဟုတ်တဲ့ နန်းထွတ်ထားဆိုတဲ့ ကောင်မလေးရှေ့မှာ ဘာဖြစ်လို့ ဒူးတွေတုန် ရင်တွေခုန်နေရတာလဲ။

ဘဝတစ်သက်တာမှာ တစ်ခါဆို တစ်ခါမှမဖြစ်ဖူးတဲ့အတွက် ထူးဆန်းဆန်းဖြစ်နေတာတွေသည် နန်းထွတ်ထားကို ရင်ဘတ်ထဲက ချစ်နေပြီဆိုတာ သေသေချာချာကို သက်သေပြနေသည်။

အဘွားဒေါ်အေးမိ ပြောပြတဲ့ သူမဘဝလေးကို သနားပြီးချစ်တာ မှန်ပေမယ့် သူမတစ်မျိုးထင်သွားမှာကိုတော့ ကြောက်တာအမှန်ပဲ၊ ရှင်းသန့်ဘုံစိတ်ကို လျှော့ချလိုက်ကာ သူမကို ကြည့်တော့ မသိဟန်ဆောင်ပြီး မျက်နှာလွှဲထားတဲ့ သူမနှာတံ ဖြောင့်ဖြောင့်စင်းစင်းလေးကို ငေးကြည့်နေမိသည်။

"ဧည့်သည်ကို စကားမပြောတော့ဘူးလား နန်းထွတ်ထား"

"အဘွားကို စောစောကပြောတော့ ဧည့်သည်မဟုတ်ဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်ဘုံ လှိုက်လှိုက်လှဲလှဲပြုံးလိုက်ပြီး…

''ညှို့သည်မဟုတ်လို့ တို့က အိမ်ရှင်လား''

''အိမ်ရှင်ဖြစ်ချင်လို့လဲ မရဘူး။ ဘာလို့လဲဆိုတော့ အန်တီမှာ သမီးကအပျိုမရှိလို့ဘဲ''

''သမီးမရှိပေမယ့် တူမရှိသေးတာပဲ''

လို့ ပြောချင်နေတဲ့ စကားကိုတော့ ရှင်းသန့်ဘုံ ရင်ထဲကပဲ ပြောလိုက်သည်။

''ဒီမှာ လူကြီး''

''ဟမ်… မင်း တို့ကို ဘယ်လိုခေါ်လိုက်တယ်''

''လူကြီးလို့လေ''

''ဘာလူကြီးလဲကွ''

''လူကြီးမဟုတ်လို့ ဦးရှင်းသန့်ဘုံက ကလေးလား''

''ဒါတော့ နန်းထွတ်ထားက ကပ်ပြောတာပဲ၊ ဒါဆို နန်းထွတ်ထားက ကလေးပေါ့''

''ထွတ်ထားက ကလေးမဟုတ်ပါဘူး''

''လူကြီးပေါ့''

''ဟုတ်တယ်''

ရှင်းသန့်ဘုံ သူမရဲ့ ကလေးဆန်ပုံလေးကို ကြည့်ပြီး မချင့်မရဲ ဖြစ်လာသည်။





''တို့မျက်စိထဲမှာတော့ မင်းက ကလေးပါပဲ၊ စောစောက ဘာ ပြောမလို့ ခေါ်တာလဲ''

''ဟို… ဘာပြောမလို့လဲတောင် မသိပါဘူး''

သူမ စဉ်းစားသလို လက်ညှိုးလေးကိုကိုက်ပြီး ငေးနေတော့ ရှင်းသန့်ဘုံ ငေးကြည့်နေမိသည်။

''သြော်… သတိရပြီ သတိရပြီ၊ လူကြီးကို ထွတ်ထားပြော ချင်တာက ထွတ်ထားဟာ ဒီအိမ်မှာနိုင်းဖို့ခေါ်ထားတဲ့ မိန်းမမဟုတ်ပေ မယ့် အန်တီလင်းရဲ့ သမီးလည်းမဟုတ်ပါဘူး။ ဒီတော့ ထွတ်ထားကို အရေးစိုက်စရာ မလိုပါဘူး။ လူကြီးအဆင့်အတန်းနဲ့ လူကြီးနေပါ''

''ဆက်ပြောပါဦး''

''ဒါပဲ ဘာမှဆက်ပြောစရာမရှိဘူး''

''တို့ဟာတို့ အရေးစိုက်တော့ကော ဘာဖြစ်လဲ''

''ဟင်း… အရင်ကတော့ နိုင်းထားတဲ့ မိန်းမဆိုပြီး စတူမတန် သလိုအပေါ်စီးက ဆက်ဆံပြီး အဘွားမြေး အန်တီလင်းတူမမှန်းလည်း သိရော အချိုးပြောင်းသွားတာများ မသိဘူးမှတ်လို့''

အဲဒါကြောင့် မင်းကို ချစ်သွားတာလေ။ ရှင်းသန့်ဘုံ သူမကို ကြည့်ပြီး စိတ်ထဲက ပြောလိုက်သည်။

''ဒီတုန်းက လူကြီးတစ်ယောက်ကို စကားကောင်းကောင်းမှ ပြောတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက စပြီး မပြောတာလဲ"

"တို့ကစပြီး ယဉ်ယဉ်ကျေးကျေးမပြောဘူးဆိုပါတော့"

"ယဉ်ကျေးစရာမလိုပါဘူး ကောင်းကောင်းပြောရင် ဒီကလည်း လူလိုသိပါတယ်"

"ထားပါတော့လေ၊ ဒီအတွက် တို့ကပဲ တောင်းပန်ပါတယ်"

ထွတ်ထား ခပ်တည်တည်နဲ့ မျက်နှာကို မော့ထားလိုက်သည်

"နန်းထွတ်ထား"

"ပြော"ဆိုတဲ့ ပုံစံမျိုးနဲ့ လူကြီးတစ်ယောက်လို မေးငေါ့ တော့ ရှင်းသန့်ဘုံ ခပ်မဲ့မဲ့ပြုံးလိုက်ပြီး

"ဘာပဲဖြစ်ဖြစ် မင်းနဲ့တို့က အခု မိတ်ဆွေတွေဖြစ်သွားပြီနော်"

"ဘယ်မှာဟုတ်လို့လဲ"

"အခုပဲစကားတွေပြောနေကြပြီပဲလ"

"ထားပါတော့"

"မင်း တို့နဲ့ မိတ်ဆွေမဖြစ်ချင်ဘူးပေါ့"

"လူကြီးလို လူမျိုးကို မိတ်ဆွေမဖြစ်ချင်ဘူးဆို ထွတ်ထာ ရှိုင်းရာကျသွားမှာပေါ့၊ ဒါပေမဲ့ အပျင်းပြေသဘောနဲ့တော့ လာပြီး မိတ် ဆွေမဖြစ်နဲ့နော်"

"ဟာ… ဘယ်လိုအပျင်းပြေလဲ"

"လူကြီးတို့လို လူမျိုးတွေမှာ ခင်စရာမိန်းမတွေ အများကြီ





ရှိသလို မိန်းမတွေကလည်း လူကြီးတို့လို လူမျိုးတွေကို ခင်ချင်ကြမှာပါ၊ ဘာမဟုတ်တဲ့ ထွတ်ထားကို အပျင်းပြေလာခင်တာတော့ မဟုတ်ပါဘူး နော်"

နန်းထွတ်ထားပြောတဲ့ အဓိပ္ပာယ်ကို ရှင်းသန့်ဘုံ သဘော ပေါက်သွားတော့ သူမကို ပိုသနားသွားသလို သဝန်တိုချင်တဲ့ သူမကြောင့် လည်း စိတ်ထဲမှာ ကျေနပ်သွားသည်။

"စီးပွားရေးလုပ်နေတဲ့တို့မှာ မိန်းကလေးမိတ်ဆွေတွေ မကောင်း နာမကောင်းကြောင်းတော့ ရှိတာပေါ့၊ ဒါပေမဲ့ မိန်းကလေးတွေကို အလကား နေရောချင်နေတဲ့ ဝါသနာတော့ မရှိဘူး၊ ဒီလိုပဲ ဘယ်မိန်းကလေးကိုမှ လည်း အပျင်းပြေဆိုတာ မထားဘူး၊ နှမရှိလို့ဖြစ်သလို ကိုယ်တိုင်လည်း ဝါသနာမပါဘူး"

လူကြီးမျက်နှာ ခပ်တည်တည်နဲ့ရှင်းပြတော့ နန်းထွတ်ထား စိတ်မကောင်းဖြစ်သွားသလို ပျော်လည်းပျော်သွားသည်။ ဒါဆို ထွတ်ထား ကို သူ တကယ်ခင်တာပေါ့။

ခင်ရုံပဲလား လူကြီးရယ်။ ထွတ်ထား မမျှော်လင့်ရဲပေမယ့် မျှော်လင့်ချင်တယ်၊ အခုလို နီးနီးကပ်ကပ်ပြောရမှ လူကြီးကိုပိုပြီး ချစ် မိသွားပြီရှင်။

"တို့ပြောတာ ကြားပါတယ်နော် နန်းထွတ်ထား"

"ဟုတ်ကဲ့ ကြားပါတယ်၊ ဝမ်းလည်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နန်းထွတ်ထားရယ် မင်းဟာတကယ့်ကို ကလေးလိုပါပဲလား

ထမင်းစားကြတော့ ရှင်းသန့်ဘုံ ပျော်နေသလို သူမလည်း ကျေနပ်နေပုံရသည်။ အဘွားကတော့ ပြောမနေနဲ့တော့ စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေသည်။

''ရှင်းသန့်ဘုံ ထည့်စားနော် သား''

''စိတ်ချပါ အဘွား၊ စားမယ့်စား ဝအောင်စားမှာပါ''

''အေးပါ၊ အဘွားကလည်း ဒါမှသဘောကျတာ၊ သမီး… ဟင်းတွေဘာတွေထည့်ပေးလေ''

အဘွားပြောမှ နန်းထွတ်ထား ဟင်းတွေခပ်ထည့်ပေးသည်။ နန်းထွတ်ထားထည့်ပေးတဲ့ ကြက်သားတုံးသည် အရိုးကြီးဖြစ်နေတော့ ရှင်းသန့်ဘုံ အဘွားမရိပ်မိအောင် ပြုံးကြည့်လိုက်သည်။ သူမ သဘော ပေါက်ပုံရကာ မျက်စိမျက်နှာပျက်ပျက်လေးနဲ့…

''ပေး… ပေး… အရိုးကြီးနဲ့ထင်တယ်၊ ထွတ်ထားလည်း တွေ့တာကောက်ထည့်လိုက်တာ''

ထွတ်ထား လူကြီးရှင်းသန့်ဘုံ ပန်းကန်ထဲက ကြက်ရိုးတုံးကြီး ကို ပြန်ယူပြီး သေသေချာချာရွေးကာ အသားတစ်တုံး ခပ်ထည့်ပေးလိုက် သည်။

အဘွားမျက်လုံးပြူးကြီးနဲ့ ကြည့်နေတာ ထွတ်ထားမသိဟန် ဆောင်ပြီး ထမင်းဆက်စားနေလိုက်သည်။





''ထွတ်ထားတို့ကတော့ လုပ်တော့မယ်''

''ရပါတယ် အဘွားရဲ့၊ ကျွန်တော် အရိုးလည်း ကြိုက်ပါတယ်''

''မဟုတ်တာကွယ်''

အဘွား မကျေမနပ်ဖြစ်နေတဲ့အတွက် ထွတ်ထားလုံးဝလှည့် ကြည့်တော့ပါ။

''ရှင်းသန့်ဘုံရေ စားနော် သား''

''ဝပြီလား အဘွားရဲ့''

''ဝပြီလေ၊ အဘွားက ဒီလောက်ပဲ စားတာ၊ ဝအောင်စားနော်၊ ညီမ စောင့်စားလိမ့်မယ်၊ အဘွား ည့်ခန်းထဲက စောင့်နေမယ်၊ ရေ အဘွားအတွက် ဆေးနဲ့ရေလေး ယူခဲ့ပါကွယ်၊ အေးအေးဆေး စားသား၊ အေးအေးဆေးဆေးသာစား၊ မြေးလေးလည်း အေးအေး ဆေးစား၊ ည့်သည်ကို ဂရုစိုက်နော်''

အဘွား မျက်နှာသေးနဲ့ရော လက်ဟန်ခြေဟန်ရော လုပ်ပြ အိမ်ရှေ့ထွက်သွားသည်။ အဘွားကတော့ သိပ်သိသာနေပြီလို့တွေး လူကြီးကိုကြည့်တော့ စပ်ဖြဲဖြဲနဲ့ ထမင်းစားနေသည်။

''နန်းထွတ်ထား ရင်ထဲက စေတနာတွေကို သဘောပေါက် ပါပြီ''

ကြက်သားတုံးထည့်ပေးတာ ရည်ရွယ်ပြီးပြောကြောင်း ထွတ် း သိတဲ့အတွက် ထမင်းစားနေရင်း ရပ်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



''အဲလို မပြောပါနဲ့နော်၊ တမင်ထည့်ပေးတာမဟုတ်ပါဘူး''

''အလကားစတာပါ၊ ကဲပါ ထမင်းစားလေ''

''တော်ပြီ''

''ဘာလဲ စိတ်ဆိုးသွားတာလား''

''လူကြီးနဲ့ ထွတ်ထားကြားမှာ စိတ်ဆိုးရလောက်တဲ့အခ ခင်မင်မှုမျိုး မရှိသေးပါဘူး''

''တို့ကတော့ မင်းကိုခင်တယ်၊ ထမင်းကလည်း အရမ်းစား ကောင်းတယ်၊ နောက်ကို ခဏခဏ ခေါ်ကျွေးနော်''

လူကြီးပြောရင်း ပါးစပ်သုတ်နေတော့ ထွတ်ထား မသိဟ ဆောင်နေသည်။

''ဗိုက်ဆာတယ်၊ ဗိုက်ဆာတယ်၊ ထမင်းစားမယ်ဟေ့''

အသံကျယ်ကြီးနဲ့ ပြေးဝင်လာတဲ့ မမပိုကြောင့် ထွတ်ထာ လန့်သွားသလို လူကြီးလည်း ကြောင်တောင်တောင်နဲ့ ကြည့်နေသည်

''ဩော်... ဧည့်သည်ထင်တယ်၊ ဆောရီးနော်''

မမပို လူကြီးကို တောင်းပန်သလို ပြောပြီး ခပ်စူးစူးတစ်ချက် ကြည့်ကာ အကြည့်လွှဲသွားသည်။

''မမပို... ဟိုဘက်ခြံက ဦးရှင်းသန့်ဘုံပါ၊ ဒါ... အန်တီလာ သမီး ဒေါ်ပိုပိုလင်းတဲ့''

''ဩော်... ရှင်းသန့်ဘုံလား၊ မေမေပြောပြောနေလို့ နာမည်





ကြားဖူးနေတာ ကြာပါပြီ၊ အခုမှပဲ တွေ့ဖူးတော့တယ်၊ မောင်လေးလို ချောင်မြင်တဲ့လုပ်ငန်းရှင်တစ်ယောက်အပြင် ရုပ်ရည်ကလည်း မင်းသား ဆောင် ရုံးအောင်ချောတဲ့လူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတာကော ပြိ နီးချင်းဖြစ်ရတာကောပါ အရမ်းကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာဂုဏ်ယူမိပါ တယ်ကွယ်''

''ကျွန်တော်ကလည်း ဝမ်းသာဂုဏ်ယူပါတယ် မပိုပိုလင်း''

''မမပိုပဲ ခေါ်ပါ မောင်လေး''

''ဟုတ်ကဲ့ပါ ခင်ဗျာ''

''မမပို ထမင်းစားမှာလား''

ပိန်မ ဝင်လာရင်းမေးတော့ သကာလောင်းထားတဲ့ မျက်နှာနဲ့ မမပိုသည်

''စားမယ်လေ၊ ထွတ်ထားခူးပေးလိမ့်မယ်၊ နင် အဘွားနားမှာ သွားနေ၊ မောင်လေး စားပြီးပြီနော်၊ စားလို့ကောင်းရဲ့လားကွယ်''

''ကောင်းပါတယ် မမပို''

''Sunday ဆို ဆိုင်ပိတ်လား''

''မပိတ်ပါဘူး မမပို၊ အဘွားနဲ့ အန်တီတို့အတွက် ပုသိမ်ပြန် သက်ဆောင်ရတဲ့ ဟာလဝါလာပို့ရင်း ကြုံလို့ ထမင်းဝင်စားတာပါ''

''မကြုံလည်း အချိန်မရွေး ဝင်စားနော်၊ ဒါနဲ့ ညီမလေးတစ် ယောက်ရှိသေးတယ်ဆို၊ မမပိုနဲ့လည်း မိတ်ဆက်ပေးထားပါဦး''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့၊ တစ်နေ့ရောက်တော့ ခေါ်လာပါဦးမယ်၊ နန်းထွတ်ထားနဲ့ ညီမလေးကိုလည်း မိတ်ဆက်မပေးရသေးဘူး''

''အောင်မလေး သူနဲ့မိတ်ဆက်ပေးလည်း ဘာမှမဖြစ်ဘူး မောင်လေးရေ မမပို မောင်လေးတို့ သုခဘုံဆိုင်ကို လာခဲ့ဦးမယ်နော်''

''လာခဲ့ပါ မမပို၊ ဖိတ်ခေါ်ပါတယ်''

ထိုအချိန်မှာပဲ အဘွားဝင်လာပြီး

''ရှင်းသန့်ဘုံ ထမင်းစားပြီး အိမ်ရှေ့လာလေ သား။ ထွတ်ထားကော စားပြီးပြီလား''

''ဟုတ်ကဲ့''

''သမီး ကော်ဖီနဲ့လက်ဖက်ယူပြီး အိမ်ရှေ့လာခဲ့၊ မပိုကို ပိန်မလုပ်ပေးလိမ့်မယ်''

''ပိန်မကို နိုင်းပါလား အဘွားရဲ့၊ ထွတ်ထားကို ပိုပို နိုင်းစရာရှိလို့''

စလာပြီလို့ ထွတ်ထားစိတ်ထဲက တွေးလိုက်သည်၊ ရှင်းသန့်ဘုံလို သူတို့အရမ်းအထင်ကြီးတဲ့ လူကြီးလူကောင်းတွေရှေ့မှာဆို ထွတ်ထားကို သူတို့အမျိုးတစ်ယောက်အဖြစ် အသိအမှတ်မပြုကြောင်း အမျိုးမျိုးနှိမ်တတ်တဲ့ မမပိုရဲ့အကျင့်အတိုင်း စနေပြီ။

''ညည်းဘာသာ ပိန်မကို နိုင်းပါ မိပိုရယ်၊ ထွတ်ထားကို ငါ နိုင်းစရာရှိလို့၊ လာ မိထွတ်ထား''





အဘွားအသံတင်းတင်း၊ မျက်နှာထားတင်းတင်းနဲ့ ပြောလိုက်တော့လည်း မမပို ထပ်မပြောတော့ပေမယ့် မျက်နှာတော့ အကြီးအကျယ်ပျက်နေသည်။

ရှင်းသန့်ဘုံဆိုတဲ့ လူကြီး အဘွားနောက်က လိုက်သွားသလို ထွတ်ထားလည်း မယောင်မလည်နဲ့ လိုက်ဖို့ပြင်တော့ မမပို စားပွဲခုံကိုထိုးပြီး တက်ခေါက်လိုက်သည်။

အဘွားနဲ့ လူကြီး စကားပြောနေတာတွေကို နားထောင်ပြီး ထွတ်ထားစိတ်ထဲမှာ စနိုးစနောင့်နဲ့ မမပို ပြဿနာရှာတော့မှာကို စိုးရိမ်နေသည်၊ ကိုယ်က အပြစ်မရှိပေမယ့် သူက အပြစ်ရှာတတ်တဲ့သူဆိုတော့ လူကြီးရှေ့မှာ ပြဿနာရှာမှာ ကြောက်နေမိသည်။

လူကြီးမြန်မြန်ပြန်ပါစေ ဆုတောင်းနေမိသည်။

ထွတ်ထား ဆုတောင်းပြည့်ဝစွာပဲ ရတ်တရက် လူကြီးဖုန်းလေးမြည်လာပြီးနောက် လူကြီးဖုန်းဖွင့်ကာ ထွတ်ထားတို့နဲ့ မလှမ်းမကမ်းသွားပြောပြီး အဘွားနဲ့ထွတ်ထားကို နှုတ်ဆက်ကာ ပြန်သွားသည်၊

မရှေးမနှောင်းမှာပဲ မမပိုလည်း လက်ပွေ့အိတ်ကို လှုပ်ရမ်းပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ပြန်သွားသည်။ ထွတ်ထား အပျော်စိတ်သားတွေတောင် ဘယ်ပျောက်ကုန်မှန်းမသိအောင် ခေါင်းတစ်ခုလုံးအောက်ကိုငုံ့ထွေးသွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

''နန်းထွတ်ထား''

ထွတ်ထား အလုပ်သွားဖို့အတွက် ကားဂိတ်ကို လျှောက်လာစဉ် လူကြီးရှင်းသန့်ဘုံရဲ့ ကားကြီး အနားထိုးရပ်လာပြီး ခေါ်လိုက်သည်။

''ဆိုင်သွားမလို့လား''

''ဆိုင်ကနေ တစ်ခေါက်ပြန်လာတာ၊ ကားပေါ်တက်လေ၊ တို့လိုက်ပို့ပေးမယ်''

''ဟင့်အင်း ရတယ်၊ ကိုယ့်ဘာသာလိုင်းကားနဲ့သွားမယ်''

''စေတနာနဲ့ ခေါ်တာကို တန်ဖိုးထားဖို့ကောင်းပါတယ်ကွာ''

''လူကြီးစေတနာကို ထွတ်ထားနားလည်ပါတယ်၊ ဒါပေမဲ့ ကားနဲ့ မလိုက်ပါရစေနဲ့''





''ဘာဖြစ်လို့လဲ၊ လမ်းလည်းကြုံနေလို့ ခေါ်တာပါ''

''ရတယ် ကျေးဇူးလည်းတင်ပါတယ်''

''မင်း မတက်ဘူးလား နန်းထွတ်ထား''

ထွတ်ထား မျက်လုံးအပြူးသားလေးနဲ့ လှမ်းကြည့်တော့ လူကြီးမ်တည်တည်နဲ့ ကြည့်နေသည်။

''မတက်ဘူး''

လူကြီး ကားတံခါးဖွင့်ပြီး အောက်ဆင်းလာသည်။

''ထပ်မေးမယ်နော်၊ ကိုယ့်ဟာကိုယ်တက်မလား၊ တို့ ဆွဲတင်ရမလား''

''အဲဒါ ဘာစကားလဲ လူကြီး''

''မင်းပြောသလို တို့ကောင်းကောင်းခေါ်တာကို ကောင်းကောင်းမလိုက်တာ''

''ထွတ်ထားမှ မလိုက်ချင်တာ''

''ဘာလို့မလိုက်ရတာလဲ''

''မလိုက်ချင်လို့ မလိုက်တာရှင်''

ထွက်ထား ပြောလည်းပြော အနားကသွားမို့ပြင်တော့ လူကြီး ထွတ်ထားလက်ကို လှမ်းဆွဲထားသည်။

''ဒါဘာလုပ်တာလဲ၊ လွှတ်... သူများမြင်ရင်တစ်မျိုးထင်လိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတော့လည်း ထွတ်ထားလက်ကို လွှတ်ပေးပြီး…

''ဒါဆို ကားပေါ်တက်၊ ဒီတစ်ခါ ပွဲတင်လိုက်မှာနော်''

တကယ်လုပ်မယ့်ပုံစံကြောင့် ထွတ်ထား မကျေမနပ် ပွစိပွစိ ပြောပြီး စောင့်စောင့်အောင့်အောင့် ကားပေါ်တက်လိုက်သည်။

''ရှင် ဘာတွေလျှောက်လုပ်နေတာလဲ လူကြီး''

သူ ဘာမှမလုပ်တဲ့အတိုင်း ကားကိုပဲ မှန်မှန်မောင်းပြီး ထွတ်ထား ပစိပစိပြောနေတာကို မသိဟန်ဆောင်နေတော့ အသည်းယားလာသည်။

''တို့ ဘာတွေလုပ်နေတယ်ဆိုတာ မင်း သဘောပေါက်မှာပါ''

''ဘာရှင့်''

''နန်းထွတ်ထား… အလုပ်ကစောပါသေးတယ်၊ မင်းနဲ့ခဏလောက် စကားပြောချင်တယ်''

''ဘာပြောမှာလဲ၊ အခုလည်းပြောနေတာပဲ''

ထွတ်ထား နည်းနည်းပါးပါးတော့ ရင်ခုန်သွားသည်။

''တစ်ခုခု စားရင်းနဲ့ ပြောရအောင်''

''ထွတ်ထား ဘာမှမစားချင်ဘူး၊ ကားပေါ်မှာပဲပြော''

လူကြီး ထွတ်ထားကို တစ်ချက်လှမ်းကြည့်ပြီး…

''မင်းကို တို့ချစ်တယ် နန်းထွတ်ထား၊ မင်းလက်ခံမယ်ဆိုရင် အဘွားတို့ အန်တီတို့ကို ပြောပြီး လက်ထပ်ချင်တယ်''





''ရှင်''

ထွတ်ထား အရမ်းကို အံ့သြသွားသည်။ လူကြီး ထွတ်ထားကို စိတ်ဝင်စားနေတယ်ဆိုတာတော့ သိပေမယ့် ဒီလောက်အထိတော့ မထင်တာ တကယ်ကို အမှန်ဖြစ်သည်။

''မင်း အံ့သြနေတယ် မဟုတ်လား နန်းထွတ်ထား၊ ဒီလောက်အထိ မြန်မြန်ဆန်ဆန် ဖွင့်ပြောဖို့ မရည်ရွယ်ပေမယ့် တို့စိတ်ပြောင်းသွားပြီ နန်းထွတ်ထားရယ်၊ ဘယ်လိုလဲ၊ တို့ကို တစ်ခုခုပြန်ပြောပါဦး''

ထွတ်ထား အံ့လည်း အံ့သြ ဝမ်းလည်းသာသလို ရင်ထဲမှာလည်း ဘာကိုကြောက်မှန်းမသိ ကြောက်နေမိသည်။

''နန်းထွတ်ထား''

လူကြီး ထွတ်ထားကို ကြည့်ပြီး ခေါ်လိုက်သလို ကားကိုလည်း တုန့်ခနဲ ရပ်ပစ်လိုက်သည်။

''ဘာလို့ကားရပ်ပစ်လိုက်တာလဲ''

''နန်းထွတ်ထားမှ တစ်ခုခုမပြောတာ''

''ထွတ်ထား ဘာပြောရမှာလဲ''

လူကြီး ထွတ်ထားကို မတိုင်ပင်တော့ဘဲ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့မှာ ကားထိုးရပ်လိုက်ပြီး…

''လာပါ နန်းထွတ်ထားရယ်၊ ခဏလောက်ဆင်းရအောင်နော်''

ထွတ်ထားဆက်ပြီး မငြင်းချင်တော့ပါ။ ဆိုင်ထောင့်က စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



လွတ်တစ်ခုမှာ ထိုင်ကြတော့ လူကြီး လက်ဖက်ရည်နှစ်ခွက်မှာနေသည်။

"ဘာစားဦးမလဲ"

"မစားတော့ပါဘူး။ လူကြီးက ဒီလိုဆိုင်မျိုးက အစားအစာတွေကို စားတတ်ရဲ့လား။ စားရောစားဖူးလို့လား"

"ဘာလို့ မစားဖူးရမှာလဲ၊ စားလည်းစားတတ်တယ်၊ နန်းထွတ်ထားက ဘာလို့အဲဒီလိုမေးတာလဲ"

"အရမ်းချမ်းသာတဲ့လူတွေဆိုတော့ ကြီးကျယ်မယ်ထင်လို့ပါ"

လူကြီး မပြုံးချင် ပြုံးချင် ပြုံးလိုက်သည်။

"နန်းထွတ်ထား တို့ကို တစ်ခုခုပြောလေ"

လူကြီးရင်ထဲက ဖြစ်နေတာ ထွတ်ထား သိသလို ထွတ်ထားရင်ထဲက ဖြစ်နေတာကိုရော လူကြီး မသိဘူးလား"

"နန်းထွတ်ထား တို့ကို ချစ်တယ်ပေါ့နော်"

"ထွတ်ထား မညာချင်ပါဘူး။ ထွတ်ထားဘဝမှာဘယ်ယောက်ျား တစ်ယောက်ကိုမှ ချစ်လည်းမချစ်ဖူးဘူး။ အခုလိုမျိုး အချိန်လည်းမပေးဖူးပါဘူး။ လူကြီးကို ချစ်တယ်ဆိုတာလည်း ချမ်းသာလို့ မဟုတ်ဘူးဆိုတာ ထွတ်ထားဘာသာပဲ သိတယ်၊ ဒါပေမဲ့ ထွတ်ထား လူကြီးကို လက်မထပ်ပါဘူး"

"ဘယ်လို နန်းထွတ်ထား"

"ဟုတ်တယ်၊ ထွတ်ထား မညာချင်ဘူး။ လူကြီးကိုချစ်တယ်၊





ဒါပေမဲ့ လက်မထပ်ချင်ဘူး"

"ဘာဖြစ်လို့ လက်မထပ်ရမှာလဲ၊ ချစ်ကြတဲ့နောက် ပိုင်ဆိုင်ချင်ကြတဲ့ သူချည်းပါပဲ၊ နန်းထွတ်ထားကျမှ ဘာဖြစ်လို့ ချစ်တဲ့သူကို လက်ထပ်ချင်ရတာလဲ၊ ဘာလဲ လက်ထပ်ရမယ့်သူ ရှိနေလို့လား"

"ထွတ်ထားချစ်တဲ့ လူကြီးကိုတောင် လက်မထပ်ပါဘူးဆိုမှ ချစ်တဲ့သူတစ်ယောက်ကို ဘာလို့လက်ထပ်စရာအကြောင်းရှိမှာလဲ"

"ဘာဖြစ်လို့ တို့ကို လက်မထပ်ချင်တာလဲ၊ မယုံလို့လား"

"လူကြီးကို ယုံပါတယ်"

"ဒါဆို ဘာကိုမယုံတာလဲ ထွတ်ထား"

"ထွတ်ထားဘဝရဲ့ ဖြစ်လာမယ့် ကံကြမ္မာကို မယုံတာပါ"

"တို့ကတော့ မင်းကို အမြန်ဆုံးလက်ထပ်ချင်တာပဲ သိတယ်၊ ညီမလေးကို ပြောလိုက်မယ်၊ တို့ဘဝမှာ တွယ်တာစရာဆိုလို့ ဒီညီမလေးတစ်ယောက်ပဲရှိတယ်၊ ညီမလေးကလည်း တို့ဆန္ဒကို လိုက်လျောမှာပါ၊ ပြီးမှ အဘွားနဲ့ အန်တီလင်းဆီမှာ လာတောင်းမယ်လေ"

"ထွတ်ထား လူကြီးကို လက်ထပ်ပါဘူး ပြောပြီးပြီလေ"

"မင်းတို့ကို လက်မထပ်ဘူးဆိုတာ ဖြစ်လာမယ့် ကံကြမ္မာကို မယုံလို့ဆို၊ တို့မင်းကို အမြန်ဆုံးလက်ထပ်လိုက်ခြင်းဟာ မယုံတဲ့ ကံကြမ္မာကြီးကို အနိုင်နဲ့ပိုင်းလိုက်ရာမကျဘူးလား"

"အဘွားနဲ့ အန်တီလင်းကိုလည်း ပစ်မထားရက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''အန်တီက သားသမီးတွေရှိတာပဲ၊ အဘွားကိုတော့ တို့ခေါ် ထားလိုက်မယ်လေ''

''အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ လူကြီး မသိပါဘူး''

''တို့မသိတာကို ပြောပြလေ၊ မင်းနဲ့တို့ကြားမှာ ဘာများ ကွယ်ဝှက်စရာရှိသေးလို့လဲ''

''တဖြည်းဖြည်းတော့ ထွတ်ထား မပြောပေမယ့်လည်း လူကြီး သိလာမှာပါ၊ သွားမယ်''

''နေပါဦး၊ စောပါသေးတယ်''

''တစ်ယောက်ယောက်မြင်သွားမှာ ထွတ်ထားကြောက်တယ်''

''တစ်လောကလုံးသိအောင်တောင် လက်ထပ်ချင်ပါတယ်ဆို ဘာလို့တစ်ယောက်ယောက်သိမှာ ကြောက်နေရတာလဲ''

ထွတ်ထား သူ့ကို ပြုံးမပြောတတ်တော့ဘဲ တိတ်တိတ်ပဲ ... လိုက်သည်။

''ညကျရင် ဖုန်းဆက်လိုက်မယ်နော်''

''ဖြစ်မှာမဟုတ်ဘူး၊ အန်တီလင်းက ဖုန်းနားမှာ တီဗွီကြည့် တာ''

''တီဗွီပြီးတဲ့အချိန် ဆက်လိုက်မယ်၊ စောင့်နေနော်''

ထွတ်ထား ခေါင်းညိတ်ပြတော့မှ လူကြီး ကျေနပ်သွားသည်။ ထွတ်ထားကို ကုမ္ပဏီ လိုက်ပို့ပြီး လက်ပြကာ ကားလေးမောင်းထွက် သွားသည်။





ထွတ်ထား လူကြီးကို တစ်ခုခိုးကျူးတာသည် ထွတ်ထား သူ့ကို ချစ်ပါတယ်လို့ အဖြေပေးလိုက်ပေမယ့် ဘာအခွင့်အရေးမှ မယူပါ။ ...ခြားယောကျ်ားတစ်ယောက်ယောက်သာဆို အနည်းဆုံးလက်တော့ကိုင် ...မှာ သေချာပါတယ်။

ထွတ်ထား ကားလေး မျက်စိအောက်ကပျောက်သွားမှ ကုမ္ပဏီ ...ဝင်ခဲ့သည်။

✲

ထွတ်ထား အလုပ်က ပြန်လာတော့ ခါတိုင်းလိုပဲ ရေမိုးချိုး ...ဝတ်အစားလဲပြီး ထမင်းစားဖို့ ဆင်းခဲ့သည်။ အန်တီလင်းမျက်နှာ ...ကောင်းတာ ထမင်းစားနေကတည်းက ရိပ်မိသည်။

တီဗွီခဏကြည့်ကာ အိပ်ချင်တယ်အကြောင်းပြပြီး အစောကြီး ...အိပ်ရာဝင်သွားသည်။

''အန်တီလင်း ဘာဖြစ်လို့လဲ အဘွား၊ မျက်နှာမကောင်းပါ ...လား''

''မပြောတတ်ဘူး၊ မိပိုနဲ့တော့ နေ့လည်က ဖုန်းပြောတာပဲ''

''မနေ့က ဦးရှင်းသန့်ဘုံ ထမင်းလာစားတာ ပြောလိုက်ပြီ ...င်တယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လဲ ပြောတော့၊ နေစမ်းပါဦး၊ ညည်းက ဘယ်နှယ် ဦးရှင်းသန့်ဘုံလို့ ပြောရတာလဲ၊ ကိုရှင်းသန့်ဘုံဖြင့် ကိုရှင်းသန့်ဘုံပေါ့''

''မခေါ်ချင်ပါဘူး''

အဘွား မျက်စောင်းထိုးနေသည်။

'ဒေါ်ပိုပိုလင်းတော့ မနေ့က တော်တော်တင်းသွားတယ် အဘွား''

''လဲသေလိုက်၊ ဒီမှာ သမီး ညည်းနေရာတကာ သည်းမခံနဲ့ မိပိုကို ထိလို့ သူ့အမေ ငါ့သမီးက အိမ်ပေါ်ကတော့ နှင်မချပါဘူး အဘွားမြှောက်ပေးနေတာ မဟုတ်ပါဘူး၊ သူကလည်း ငါ့မြေးပါပဲ''

''မမပိုက မမထွတ်ထားကို မနာလိုကိုဖြစ်နေတာ အဘွား မနေ့ကလည်း အဘွားကိုရော မမထွတ်ထားကိုရော ပြောလိုက်တာ စုံ နေတာပဲ၊ မမထွတ်ထားက ဦးရှင်းသန့်ဘုံနဲ့ မတန်သလိုလို''

''ငါ့မြေးက ဘာဖြစ်နေလို့လဲ၊ ဘဝက်နည်းလို့ ဆင်းရဲပေမယ့် သူတို့ထက် ပညာတတ်တယ်၊ ရုပ်ချောတယ်၊ ယဉ်ကျေးရှိတယ်၊ ဒါကို မလိုတမာဖြစ်နေရင် သူ့ဒုက္ခနဲ့သူ သွားလိမ့်မယ်''

''ကဲပါ အဘွားရယ်၊ ဒေါသတွေဖြစ်နေရပြီ၊ အကုသိုလ်တွေ များနေပါပြီ၊ ပိန်မလည်း မပြောနဲ့တော့၊ အိပ်တော့နော် အဘွား''

''တကယ်ပါ အဘွားမြေးလေးကို အပြစ်ရှာနေတာ မခံနိုင် တော့ဘူး၊ သမီးမိလင်းအေးကို သနားလို့''





''ဒါပဲလေ အဘွားရဲ့၊ မမပိုမကောင်းပေမယ့် အန်တီလင်းက ကောင်းတယ်လေ''

''ဘာပဲဖြစ်ဖြစ် သမီးရယ်၊ ရှင်းသန့်ဘုံတို့ကို အဖက်ဖက်က ပြည့်စုံတဲ့ လူတစ်ယောက်နဲ့ အဘွားမျက်စိမမှိတ်ခင် သမီးကို တင့်တင့် တယ်တယ် ဖြစ်သွားစေချင်တယ်''

''အဘွား ဘာတွေပြောနေတာလဲ၊ အဘွား ဘာမှမဖြစ်ရပါ ဘူး''

''အဘွား စိုးရိမ်လို့ပါ သမီးလေးရယ်''

အဘွားပြောရင်း မျက်ရည်တွေဝဲလာတော့ ထွတ်ထားလည်း အလိုလို မျက်ရည်တွေကျလာပြီး အဘွားကို ဖက်ထားလိုက်သည်။

''မငိုပါနဲ့ အဘွားရယ်၊ သမီး အဘွားစိတ်ချမ်းသာအောင် ကြိုးစားပါ့မယ်''

''ဝမ်းသာလိုက်တာ သမီးရယ်၊ အဘွားလေ မြေးလေးအတွက် စိတ်အေးချင်တယ်''

ထွတ်ထား အဘွားရင်ခွင်ထဲကနေ ခေါင်းပဲညိတ်ပြလိုက်သည်။ နောက်ကြာတော့ အဘွားကို အိပ်ရာထဲ လိုက်ပို့ပေးလိုက်သည်။ တီဗွီဖွင့် တော့ အစီအစဉ်မပြီးသေးဘူး၊ ပိန်မလည်း အိပ်ချင်လို့ အပေါ်တက်သွား ပြီ၊ ထွတ်ထား ကွန်ပျူတာရိုက်စရာရှိကြောင်း အကြောင်းပြပြီး လူကြီးဆီ မှ ဖုန်းကိုစောင့်နေလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၂)

''ညီမလေးကို ပြောစရာရှိတယ်''

''ပြောလေ ကိုကို''

ထမင်းစားပြီး စကားစမြည်ပြောရင်း မိခွေးနဲ့ သေးသေး ကိုရိုးယားကားကို စိတ်ဝင်စားနေတုန်း ရှင်းသန့်ဘုံ ပြောလိုက်ခြင်းဖြစ်သည်။

''ညီမလေးကတော့ အံ့သြသွားမှာပဲ''

ညီမလေး ချစ်စဖွယ် မျက်လုံးလေးထောင့်ကပ်ပြီးကြည့်ကာ...

''ပြောပါဦး လူပျိုကြီးရဲ့''

ညီမလေး စပ်ဖြဲဖြဲနဲ့ ရှာတ်နောက်နောက်ပြောတော့ ရှင်းသန့်ဘုံ အားတင်းလိုက်ကာ...





''ဘယ်ကစပြီးပြောရမှန်းတောင် မသိဘူး အဟင်း''

''တို့အစ်ကို လူပျိုကြီးတော့ မရိုးတော့ဘူးနော်''

''ညီမလေးကလည်း''

''ကဲပါ ကိုကိုရယ်၊ ရှက်မနေပါနဲ့တော့၊ ကိုကို မမရတီနဲ့ အဆင်ပြေသွားပြီမဟုတ်လား''

''ဟာ... မဟုတ်ဘူး''

ရှင်းသန့်ဘုံ အလန့်တကြား လက်ကာပြတော့ ညီမလေးရယ် ပြုံး...

''ညီမလေး သဘောတူပါတယ်၊ ကျေလည်းကျေနပ်ပါတယ်''

''မဟုတ်ဘူး ညီမလေးရဲ့၊ ရတီနဲ့ကိုကို ဘာမှမဆိုင်ပါဘူး''

''ဘာပြောတယ် ကိုကို မမရတီနဲ့ ဘာမှမဆိုင်ဘူး ဟုတ်လား''

''ဟုတ်တယ် ညီမလေးရဲ့၊ ရတီနဲ့ကိုကိုက အခုအချိန်ထိ စကား ဘောင် သေသေချာချာ မပြောဖူးသေးပါဘူး''

''ဒါဆို ကိုကို ဘာပြောမလို့လဲ၊ ညီမလေးကတော့ ကိုကိုနဲ့ ရတီ ချစ်နေကြပြီး ဘယ်တော့ လက်ထပ်ဖို့ ပြောမလဲ စောင့်နေတာ၊ န်တီမြကလည်း သူ့သမီးကို ကိုကိုနဲ့အရမ်းဖြစ်စေချင်တာနော်''

ရှင်းသန့်ဘုံ သက်ပြင်းချလိုက်သည်။

''ကိုကို ဘာပြောမလို့လဲဟင်''

ညီမလေး နောက်တစ်ကြိမ်ထပ်မေးတော့မှ ရှင်းသန့်ဘုံ အား တင်းလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့မှာ ချစ်သူရှိနေပြီ ညီမလေး"

"ချစ်သူ"

'ဟုတ်တယ် ညီမလေး၊ သူက တခြားသူတော့မဟုတ်ဘူး၊ ဟိုဘက်ခြံက အဘွားဒေါ်အေးမိမြေးပဲ"

"အန်တီ ဒေါ်လင်းအေး သမီးပေါ့"

"အန်တီလင်း တူမပါ၊ ငယ်ငယ်လေးကတည်းက မိဘမရှိတော့တဲ့ ထွတ်ထားကို အန်တီလင်းက ငယ်ငယ်ကတည်းက ခေါ်မွေးထားတာ၊ နန်းထွတ်ထားက အဘွားသမီးအငယ်က မွေးတာပေါ့"

"သြော်... သူနဲ့ကိုကို ချစ်သူဖြစ်နေကြပြီ ဟုတ်လား"

"ဟုတ်တယ် ညီမလေး၊ အဘွားဆီက သူ့အကြောင်းတွေကို သိရတော့ အရမ်းသနားသွားတယ်၊ အစ်ကိုနှစ်ယောက်နဲ့ အစ်မကလည်း လုံးဝမျက်နှာသာမပေးတဲ့ကြားက ဘွဲ့ရအောင်ယူပြီး အခု ဆေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတယ်၊ သူ ကိုကို့ကို ချစ်ပေမယ့် မယုံရဲဘူးဖြစ်နေတယ်လေ၊ ညီမလေးကို ဖွင့်ပြောပြီးရင် အဘွားတို့ အန်တီလင်းတို့ဆီမှာ လာတောင်းမယ်ပြောထားတယ်၊ ညီမလေး ဘယ်လိုသဘောရလဲ"

"ကိုကိုရယ် ကိုကို့ဆန္ဒဟာ ညီမလေးဆန္ဒပါပဲ၊ တစ်ခါမှ မချစ်ဖူးတဲ့ ကိုကိုတောင် ချစ်သွားတယ်ဆိုတော့ မမရတီထက် ချောလို့လား ဟင်"

"တစ်ယောက်တစ်မျိုးဆိုပေါ့ ညီမလေးရယ်၊ ရတီနဲ့ယှဉ်ရင်





တော့ နန်းထွတ်ထားဘဝက အစစနိမ့်ကျပါတယ်"

"ကိုစွဲရှိလို့ဆိုပြီး အပြင်ခဏခဏထွက်နေတာတွေက နန်းထွတ်ထားအတွက် လှုပ်ရှားနေတာလား"

"အဟင်း... ဟုတ်တယ် ညီမလေး"

"နန်းထွတ်ထားဘဝက သနားစရာလေးနော်"

"ဟုတ်တယ် ညီမလေး၊ အန်တီလင်း သမီး သူ့အစ်မဝမ်းကွဲက သူ့ကိုသိပ်နှိမ်တာပဲ"

"သြော်... ဖြစ်မှဖြစ်ရလေ၊ ညီမလေးနဲ့ မိတ်ဆက်ပေးဦးလေ"

"ဆက်ပေးရမှာပေါ့၊ သူက ညီမလေး သဘောမတူမှာစိုးနေတာ"

"ဘာမတူစရာရှိလဲ ကိုကိုရယ်၊ လောကကြီးမှာ လူတွေဟာ အတိတ်က ပြုခဲ့တဲ့ ကံအကြောင်းတရားတွေကြောင့် အနိမ့်အမြင့်တွေ မတူညီကြပေမယ့် တစ်နေ့မှာသေရမယ့်သူတွေချည်းပါပဲ၊ နန်းထွတ်ထားကို ညီမလေးနဲ့ တွေ့ပေးပါ ကိုကို၊ မမရတီကိုတော့ အားနာသား ကိုကိုရယ်"

"ရတီက ဘာမှပြောစရာမရှိတဲ့ အဘက်ဘက်က ပြည့်စုံတဲ့သူပါ၊ သူ့အနေနဲ့ ကိုကို့ထက်သာတဲ့ ယောကျ်ားမျိုးကို ရနိုင်ပါတယ်"

"ကိုကိုမချစ်တော့လည်း ဒီလိုပဲ ပြောတော့မှာပေါ့"

ရှင်းသန့်ဘုံ ငြိမ်နေတော့ နှုးညံ့ဘုံ ပြုံးစိစိကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို မေးစရာတစ်ခုရှိလာပြီ"

"ဘာလဲ ညီမလေး"

"ဒီနားကို အတင်းပြောင်းလာတာ နန်းထွတ်ထားကြောင့်လား"

"ဟာ… အဲဒါမဟုတ်ဘူး၊ ဒီရောက်မှ သိကြတာ"

"မသိပါဘူး၊ အခုမှ အဲဒီအတွေးဝင်လာလို့ပါ"

"ပြောင်းလာတဲ့နေ့ကတည်းက သူနဲ့ကိုကိုတွေ့ကြတာ၊ ဒီတုန်းကတော့ ကောင်းကောင်းတွေ့ကြတာမဟုတ်ဘူး၊ ရန်ဖြစ်ပြီးတွေ့ကြတာ"

"ကိုကိုတို့ဇာတ်လမ်းစကြတာ ဘုနဲ့ဘောက်ပေါ့"

ရှင်းသန့်ဘုံ ဒီတုန်းက နန်းထွတ်ထားနဲ့ တွေ့ခဲ့တဲ့အကြောင်းတွေ ပြန်စဉ်းစားပြီး ပြုံးလိုက်သည်။

"ကဲ… ကိုကို တစ်ယောက်တည်းသာ တွေးပေတော့၊ ညီမလေးတော့ အိပ်တော့မယ်"

"သူ့ကို ဖုန်းဆက်မယ် ပြောထားတယ် ညီမလေးရဲ့၊ တီဗွီလည်း ပြီးပြီ၊ ဟိုနှစ်ယောက်လည်း အိပ်တော့မှာ"

ညီမလေး အိပ်ဖို့လာခေါ်ပြီး ရှေ့ကသွားတော့ မိဆွေးနဲ့ သေးသေးလည်း နောက်ကပါသွားသည်။ ရှင်းသန့်ဘုံ အိပ်ရာပေါ် လှဲလျက်က တော်တော်ကြီးကြာမှ ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

"အားလုံးအိပ်နေကြပြီလား"





"အင်း"

"နန်းထွတ်ထားကရော ဘာလို့မအိပ်သေးတာလဲ"

"အပြုစားခံထားရလို့ မအိပ်သေးတာ"

"ဟုတ်လား၊ အဲဒီလူက ဘယ်သူလဲမသိဘူးနော်"

"မသိတော့ပါဘူး"

ရှင်းသန့်ဘုံ ဖုန်းထဲကနေ ရယ်လိုက်တော့…

"ဘာရယ်တာလဲ"

"မင်းကိုချစ်တယ် နန်းထွတ်ထားရယ်"

"ဘာမှန်းလဲ မသိဘူး"

"တကယ်ပြောတာ၊ ညီမလေးကိုလည်း ပြောပြလိုက်ပြီ"

"ဟုတ်တယ်၊ လူကြီးညီမက ဘာပြောလဲ"

"ညီမလေးကလည်း ကိုကို့သဘောတဲ့၊ နန်းထွတ်ထား မပျော်ဘူးလား"

"ပျော်တာပေါ့ လူကြီးရဲ့"

သူမ အသံတုန်တုန်လေးနဲ့ လိုက်လိုက်လှဲလှဲပြောနေတော့ ရှင်းသန့်ဘုံ သနားသွားသည်။

"ညီမလေးကလေ နန်းထွတ်ထားနဲ့ တွေ့ချင်လို့ မိတ်ဆက်ပေးပါတဲ့"

"ထွတ်ထားလည်း တွေ့ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို မနက်ဖြန်မနက် အိမ်ကိုလာခဲ့ပါလား။ အိမ်ကလူတွေ အားလုံးနဲ့ မိတ်ဆက်ပေးမယ်လေ''

''အဲဒီလိုကြီးတော့ မလာရဲဘူး''

''ဒါဆို ညီမလေးကို ခေါ်လာခဲ့ရမလား''

''အဲဒီလိုလည်း မခေါ်လာပါနဲ့၊ အားနာစရာကြီး''

''ဒါဆို နန်းထွတ်ထား အလုပ်ဆင်းရင် တို့လာခေါ်မယ်၊ ဆိုင် လိုက်ခဲ့လေ၊ အတူတူပြန်ကြတာပေါ့''

''ကောင်းပါ့မလား''

''ကောင်းပါတယ်''

''ဒါဆို ထွတ်ထား ရုံးဆင်းရင် ကားဂိတ်က စောင့်နေမယ်နော်''

''အင်းပါ''

''ဒါပဲနော်''

''ဂွတ်နိုက်နော် နန်းထွတ်ထား''

ထွတ်ထား အင်းလို့ တိုးတိုးလေးပြောလိုက်တော့ သူ ဖုန်းပိတ် သွားမှ ဒီဘက်က ဖုန်းကိုချလိုက်သည်။

❀ ❀ ❀





ထွတ်ထားချစ်တဲ့ သူ့ရဲ့ညီမလေးကို တွေ့ရမှာ ရင်တွေခုန်နေ သည်။ လူကြီး ကားမောင်းရင်း ထွတ်ထားကို လှမ်းလှမ်းကြည့်နေသည်။ လူကြီးလည်း ငြိမ်ချက်သားကောင်းနေတော့ ထွတ်ထားနေလို့မရှာ...

''လူကြီးညီမက ကျေနပ်တယ်ဆိုတာ ဟုတ်ပါတယ်နော်''

''ဘာလဲ မင်း မယုံဘူးလား''

''ဟိုလေ... လူကြီးကလည်း စကားတစ်ခွန်းမှမပြောတော့ ထွတ်ထား စိုးရိမ်လို့ပါ''

''မင်း စိတ်တွေလှုပ်ရှားနေတာသိလို့ စကားမပြောတာပါ''

''ဟုတ်တယ်၊ ထွတ်ထားစိတ်တွေလှုပ်ရှားနေတာတော့ အမှန် ဒ်''

''ညီမလေးနဲ့တွေ့တော့ သိရမှာပါ''

လူကြီး ညီမ နူးညံ့ဘုံသည် လူကြီးပြောသလိုပဲ ထွတ်ထားကို တွေ့တာနဲ့ လိုက်လိုက်လှဲလှဲကို ကြိုဆိုပြီး ထွတ်ထားကြောင့် သူမ ကို လူပျိုကြီးဘဝက ကျွတ်သွားတာ ကျေးဇူးတင်ကြောင်း ပြောပြီး ကိုမလွှတ်တမ်း ကိုင်ထားသည်။

''ထွတ်ထားလို့ပဲ ခေါ်မယ်နော်၊ ထွတ်ထား ဘာမှအားမငယ်နဲ့၊ ထွတ်ထားကို မြင်မြင်ချင်း ညီမလေးလိုပဲ သဘောထားတယ်''

''ထွတ်ထားကို အခုလို နွေးထွေးတဲ့ နူးညံ့ကို ကျေးဇူးတင်ပါ ယ် နူးညံ့သဘောကောင်းတာသိပေမယ့် ထွတ်ထားလိုလူမျိုးကို အခုလို



www.burmeseclassic.com

www.burmeseclassic.com



ကြိုးဆိုလိမ့်မယ် မထင်ဘူးလေ''

''ဘာလို့မထင်ရတာလဲ ထွတ်ထားရဲ့၊ ကိုကိုချစ်တဲ့မိန်းကလေး
ဟာ နုးညှံ့ချစ်တဲ့သူပါပဲ''

''ကျေးဇူးတင်ပါတယ် နုးညှံ့ရယ်''

''လာ... ထွတ်ထားကို နုးညှံ့တစ်ဆိုင်လုံး လိုက်ပြမယ်''

နုးညှံ့သည် မကြာခင်မှာဘဲ သူ့မအစ်ကိုနဲ့လက်ထပ်ပြီး ဦးစီး
တော့မယ့် ပုံစံနဲ့ ထွတ်ထားကို တစ်ဆိုင်လုံးရှိ ပစ္စည်းတွေလိုက်ပြသည်
အရောင်းစာရေးမလေးတွေ၊ မန်နေဂျာ၊ စာရင်းဆစ်၊ ကွန်ပျူတာကိုင်တဲ့
သူတွေအားလုံးကို လခဘယ်လိုပေးကြောင်းကအစ တိုးတိုးတိတ်တိတ်
ပြောပြသည်။

လူကြီးကတော့ ကျေနပ်သော အပြုံးတွေနဲ့နောက်က
တကောက်ကောက်ပါလာသည်။ ထွတ်ထား ကိုယ့်အခြေအနေတော်
မေ့ပြီး ကျေနပ်နေမိသည်။ ထွတ်ထားဘဝမှာ သူများအိမ်မှာ အနှိမ်
ဘဝနဲ့နေလာခဲ့ရပြီး ကိုယ်ပိုင်ဆိုင်တာဆိုလို့ ဘာတစခုမှ မရှိခဲ့ပါ။

လူကြီးလိုလူမျိုးနဲ့ ဖူးစာဆုံပေးတဲ့ ဖူးစာရေးနတ်ကြီးကိုလည်း
ကျေးဇူးတင်လွန်းလို့ စိတ်ထဲက အကြိမ်ကြိမ် မေတ္တာပို့နေမိသည်။

လူကြီးရဲ့ တစ်ဦးတည်းသော ညီမလေးကလည်း လိုက်လိုက်
လှဲလှဲကို သဘောတူတယ်ဆိုတော့ ထွတ်ထားဘဝမှာ ကံကောင်းခြင်းတွေ
ရောက်လာတော့မယ့်အစဖြစ်သည်။





ထွတ်ထား ပျော်တယ် လူကြီးရယ်။ ကျေးဇူးလည်း တင်ပါ
တယ်။

ပြန်တော့ နုးညှံ့က ထွတ်ထားကို သူ့မအစ်ကိုနဲ့အတူ ရှေ့ခန်း
မှာ အတင်းထိုင်ခိုင်းပေးမယ့် ထွတ်ထားက နုးညှံ့နဲ့စကားပြောချင်ကြောင်း
အကြောင်းပြကာ နောက်မှာပဲ အတင်းထိုင်ခဲ့သည်။

''ထွတ်ထားအသက် ဘယ်လောက်ရှိပြီလဲဟင်''

''၂၅နှစ်၊ ပြီးခဲ့တဲ့ ၇ ရက်နေ့က ပြည့်သွားပြီ''

''ဒါဆို ထွတ်ထားက နုးညှံ့ထက် တစ်လပဲကြီးတာပေါ့၊ နုးညှံ့က
နောက်လ ၈ ရက်နေ့ ၂၅ နှစ်ပြည့်မှာ၊ ထွတ်ထားက အရမ်းနုတော့

''နုးညှံ့က ပိုချောတာပါ'' ချုပြီး ခြိတ်ခါး

နှစ်ယောက်သား ရယ်ကြတော့ လူကြီး စပ်ပြုံ။

''အဟမ်း... အဟမ်း'' ကော့ပြီး အိမ်ထဲ

''ဘာဖြစ်လို့လဲ ကိုကိုရဲ့'' ကား ရပ်ထားသည်။

''မဖြစ်ပါဘူး''

''ကိုကို ပျော်နေတယ် မဟုတ်လား ကကို လှမ်းပြသည်။
တော့လောက် လက်ထပ်ကြမှာလဲ''

''မေးနေပြီလေ နန်းထွတ်ထား ညည်းတူမနှစ်ယောက်က

''အဟင်း... စောပါသေးတယ်
ကြာသေးဘူး'' တ်ထားကို ဘာကျေးမလို့စောင့်



www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားကသာ စောနေ၊ ကျုပ်က ၃၀ ကျော်နေပြီနော်”

“ကိုကိုကလည်း သဲပြီ”

“နှုညှံ့ပဲ ကြည့်ပြောပါဦး”

“မင်း အမျိုးမျိုးမပြောနဲ့နော် နန်းထွတ်ထား”

“ထွတ်ထား ဘာပြောလို့လဲ လူကြီးရဲ့”

“နေ… နေပါဦး။ နှုးညှံ့အစ်ကိုကို ဘယ်လိုခေါ်လိုက်တယ်”

“လူကြီးလို့လေ”

“ဟာကွာ… ချစ်သူမဆန်လိုက်တာ၊ တို့အစ်ကိုက ဒီလောက်

သိုမှေးပါဘူး။ မသကာ ကိုကိုခေါ်ရင် တော်သေး”

ပြောပြသည်ခေါ်ချင်ပါဘူး”

လူ့လေးပဲ ကြည့်ပြောပါတော့”

တကောက်ကော်၊ ကိုကိုကလည်း နန်းထွတ်ထားပဲ ခေါ်တယ်”

မေ့ပြီး ကျေနပ်နေ”

ဘဝနဲ့နေလာခဲ့ရပြီးပါဘူး။ ကိုယ့်ချစ်သူကို အဖျားစွတ်ပြီး မြတ်မြတ်

လူကြီးလိုလူမျိုးပ်ဟာကို”

ကျေးရှုးတင်လွန်းလို့ စိတ်ါရှမှာလဲ”

လူကြီးရဲ့ တစ်ဦးတည်းဖြစ်ဖြစ်ပေါ့ ကိုကိုရဲ့၊ ဒါတောင် မသိဘူး

လုံလုံကို သဘောတူတယ်ဆိုဝေဖြိုး”

ရောက်လာတော့မယ့်အစဖြစ်သည့်ရင်းတစ်ဖက်က ခေါင်းကုပ်သလို





နာကလည်း စပ်ဖြဲဖြဲလုပ်နေသည်။

“ထွတ်ထားလည်း လူကြီးလို့မခေါ်ရဘူးနော်၊ ကိုကိုလို့ခေါ်”

နှစ်ယောက်သား စပ်ဖြဲဖြဲလုပ်နေကြတော့ နှုးညှံ့ဘုံ နှုတ်ခမ်းစူ

ကိုက်ပြီး…

“ဒါပဲနော်၊ နှုညှံ့ရှေ့မှာ နှစ်ယောက်လုံး နှုညှံ့ပြောထားသလိုပဲ

ခေါ်ရမယ်”

နှစ်ယောက်သား ခေါင်းမညိတ် ခေါင်းမခါလုပ်နေသည်။

“ရပြီ၊ ထွတ်ထား ဒီကပဲ လျှောက်သွားတော့မယ်”

ထွတ်ထား ပြောပြောဆိုဆို ကားတံခါးဖွင့်ပြီးဆင်းသွားတော့

ကြီးနဲ့ နှုညှံ့ ကားပေါ်မှကြည့်နေသည်။ ထွတ်ထား လက်ပြပြီး ခြံတံခါး

ဝင်သွားမှ သူတို့ကားလေး ခြံထဲမောင်းဝင်သွားသည်။

ထွတ်ထား အရမ်းကိုကျေနပ်နေတဲ့ပုံစံနဲ့ ရင်ကိုကော့ပြီး အိမ်ထဲ

လာခဲ့သည်။ ပေါ်တီကိုအောက်မှာ ကိုကိုထူးတို့ကား ရပ်ထားသည်။

“ဟော… ဟိုမှာ လာပါပြီ”

ကိုကိုထူးမိန်းမ မမဦး သမီးနှစ်ယောက်ကို လှမ်းပြသည်။

“ကိုကိုထူးတို့ ရောက်နေကြတယ်”

“ရောက်နေတာကြာပြီ ပြန်တော့မှာ၊ ညည်းတူမနှစ်ယောက်က

ညည်းကိုတွေ့ချင်လို့ စောင့်နေတာ”

“ဟာ… သမီးတို့ အန်တီထွတ်ထားကို ဘာကျွေးမလို့စောင့်

တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အန်တီထွတ်ထားကို အာလူးကာတ်သလိပ်ကြော်ခိုင်းမလို့ စောင့်နေတာ"

"ဟေ"

အားလုံးဝိုင်းရယ်ကြတော့ ထွတ်ထားလည်း ရယ်လိုက်ပြီး…

"မနက်ဖြန်ကို ကြော်ပေးနော်၊ သမီးတို့ ဒီနေ့တော့နောက်ကျနေပြီ"

"ဟုတ်ကဲ့"

ခဏကြာတော့ ကိုကိုထူးတို့မိသားစု ပြန်သွားကြသည်။

"ငါ့မြေးတွေမြစ်တွေပြန်သွားတော့လည်း ပျင်းကျန်ခဲ့တာပဲ"

အဘွား ငြီးလိုက်တော့ အန်တီလင်း ပြုံးနေသလို ထွတ်ထားလည်း ပိန်မှကို နှာခေါင်းရှုံ့ပြကာ ရေချိုးဖို့အတွက် အပေါ်တက်လာခဲ့သည်။

✽ ✽ ✽



အခန်း(၁၃)

မနက်ဖြန်သည် ရှင်းသန့်ဘုံတို့ မိခင်ဆုံးတာ ၁၅ နှစ်ပြည့်မှာမို့ ဘုန်းကြီးငါးပါးပင့်ပြီး သက်နှုးကပ် အလှူလုပ်မှာဖြစ်သည်။ ဒီနေ့ ဈေးဝယ်ချက်ပြုတ်ကြမှာမို့ ဆိုင်လည်းပိတ်လိုက်သည်။ ရှင်းသန့်ဘုံတို့ မိခင်သည် သက်ရှိထင်ရှားရှိစဉ်ကတည်းက အနည်းဆုံးတစ်လတစ်ခါတော့ အလှူလုပ်သည်။

အလှူလုပ်တိုင်းလည်း ဘုန်းကြီးတွေကို ဟင်းမျိုးစုံနဲ့ ဆွမ်းကပ်ကာ လူတွေကိုလည်း ထမင်းကျွေးတာပဲ သဘောကျသည်။ ဒါကြောင့်လည်း ရှင်းသန့်ဘုံတို့ မောင်နှမသည် အလှူအတန်းလုပ်လျှင် ဘုန်းကြီးဆွမ်းကပ်ပြီး လူတွေကို ထမင်းကျွေးတာများသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ဆိုင်က ဝန်ထမ်းအားလုံး သုခဘုံရိပ်မြိမ်သို့ ကူညီရန် ရောက်နေကြသည်။ အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ဆုံညံချက်ပြုတ်နေကြသည်။

နန်းထွတ်ထားကိုလည်း အလှူနေ့မှာ အလုပ်နားဖို့ လွှန်ခဲ့တဲ့ လေးရက်လောက်ကတည်းက ကြိုပြောထားသလို မနေ့ကလည်း ညီမလေးကိုယ်တိုင် သေသေချာချာပြောထားတဲ့အတွက် နန်းထွတ်ထားကလည်း ကတိပေးထားပြီးပြီ။

အဘွားတို့ အန်တီတို့ကိုလည်း တစ်အိမ်လုံးလာခဲ့ဖို့ သေသေချာချာဖိတ်ထားပြီးတဲ့အတွက် ရှင်းသန့်ဘုံ စိတ်အေးလက်အေးဖြစ်နေသည်။

နန်းထွတ်ထားနဲ့ကိစ္စကို တစ်အိမ်လုံး မသိကြသေးပါ။ မနက်ဖြန်မှ နန်းထွတ်ထားကို သည်းသည်းလှုပ်မယ့် ရှင်းသန့်ဘုံ အိမ်ကလူတွေ သိပြီး တအံ့တသြဖြစ်ကုန်အောင် ညီမလေးနဲ့တိုင်ပင်ကာ မသိဟန်ဆောင်နေသလို သူတို့အားလုံးထင်ထားတဲ့ ရတီနဲ့ကိုပဲ ဟုတ်သလိုလိုဟန်နဲ့နေပြလိုက်သည်။

နန်းထွတ်ထား အလုပ်ဆင်းရင် သွားကြိုမှာမို့ ရှင်းသန့်ဘုံ ဇရချိုးဖို့ အပေါ်တက်ခဲ့သည်။ မနက်ဖြန်တွင် ဒီအိမ်က မောင်ထိန်တို့ တင်မဟုတ် ရတီတို့ သားအမိတွေပါ သိသွားပြီး သူ့အလိုလိုနောက်ဆုတ်သွားမှာကိုလည်း တွေးပြီး ကျေနပ်နေမိသည်။





အန်တီမြသည် သူမ၏သမီးရတီကို ရှင်းသန့်ဘုံနဲ့ သဘောတူပေးစားချင်တာသည်မှာ တစ်နေ့တခြား သိသာလာအောင် သုခဘုံအိမ်ကိုရော ဆိုင်ကိုရော ချောင်းပေါက်အောင်ရောက်လာပြီး စားစရာတွေ လက်ဆောင်တွေ တစ်မျိုးမဟုတ်တစ်မျိုး ပေးတတ်သည်။

ရတီ့ကို ချစ်လို့မရတဲ့အပြင် ကိုယ်ရည်ရွယ်ထားတဲ့သူကလည်း ရှိနေတဲ့အတွက် မနစ်နာစေချင်တာ ရှင်းသန့်ဘုံရဲ့ တကယ့်စေတနာပင် ဖြစ်သည်။ ရတီကတော့ ရှင်းသန့်ဘုံလိုလူမျိုးကို ငြင်းမယ့်ပုံမပေါ်ပေမယ့် ဒီလောက်အထိ သိသာအောင်တော့ လာချင်ပုံမရအောင် သူမမျက်နှာသည် အထင်သေးမှာ စိုးရွံ့နေပုံရသည်။

ဒါပေမဲ့ ရတီတို့ ညီအစ်မသုံးယောက်လုံးသည် မိခင်ဖြစ်သူ အန်တီမြကို အလွန်အမင်းကြောက်ရတဲ့အပြင် တစ်အိမ်လုံးသည် အန်တီမြ ဩဇာကို မလွန်ဆန်နိုင်ကြောင်း သိထားပြီးဖြစ်သည်။ အဘက်ဘက်က ပြည့်စုံနေတဲ့ ရတီလိုမိန်းကလေးမျိုးကိုလည်း ရှင်းသန့်ဘုံ ငြင်းနိုင်စရာ ငြင်းရက်စရာမရှိပါ။

နန်းထွတ်ထားဆိုတဲ့ သနားစရာကောင်းတဲ့ ကောင်မလေးကိုသာ မတွေ့ခဲ့ရင် ဒါမှမဟုတ် သူမအကြောင်း မသိခဲ့ရင် အခုလောက်ဆို ရတီနဲ့ချစ်သူတောင် ဖြစ်နေလောက်အောင် ရှင်းသန့်ဘုံ ရတီ့ကို အရင်ဆုံး စိတ်ဝင်စားခဲ့သည်။

နန်းထွတ်ထားကို သနားချစ်နဲ့ချစ်သွားပြီးသည့်နောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ရတ္တိကို အားနာလာသလို အန်တီမြကိုလည်း ဘယ်သူမှမရိပ်မိခင် မမျှော်လင့်စေချင်တော့ပါ။

"အစ်ကိုကြီး ညှော်သည်ရောက်နေတယ်"

သေးသေး တံခါးကိုထုပြီး အော်နေသည်။

"ဘယ်သူလဲ သေးသေး"

"ဟိုဘက်ခြံက အဘွား"

ရှင်းသန့်ဘုံ အင်္ကျီကြယ်သီးတပ်နေရာမှ ကမန်းကတန်းထွက်လာပြီး...

"ဘယ်ခြံကအဘွားလဲ"

"အဘွား ဒေါ်မြချယ်လေ"

ရှင်းသန့်ဘုံ ခေါင်းကုပ်လိုက်ပြီး...

"ရတ္တိ ပါသေးလား"

"မပါဘူး အစ်ကိုကြီး သူ့ကိုကြည့်ရတာ တစ်မျိုးပဲ"

"ဘာတစ်မျိုးကြီးလဲ"

သေးသေးနဲ့အတူ အောက်ဆင်းရင်း စပ်ဖြဲဖြဲမေးလိုက်သည်။

"မသိပါဘူး အစ်ကိုကြီးရယ်"

"တော်လိုက်တံ သေးသေးရယ်"

သေးသေးခေါင်းလေးကိုပုတ်ပြီး အိမ်ရှေ့ထွက်လာခဲ့သည်။

"စားပြီးပြီလား အန်တီ"





ရှင်းသန့်ဘုံ နှုတ်ဆက်ရင်း အန်တီမြနဲ့ မျက်နှာချင်းဆိုင်မှာထိုင်လိုက်သည်။ အန်တီမြသည် သေးသေးပြောသလို မျက်နှာထားကခါတိုင်း ပြုံးပြုံးရွှင်ရွှင်မဟုတ်ဘဲ ခပ်တည်တည်ဖြစ်နေသည်။

ညီမလေးမျက်နှာလည်း တစ်မျိုးကြီးဖြစ်ပြီး အန်တီမြကို တစ်လှည့် အစ်ကိုဖြစ်သူကိုတစ်လှည့် ကြည့်နေသည်။

"ပြီးပါပြီကွယ်"

"မနက်ဖြန်အလှူအတွက် လာဖိတ်တော့ အန်တီမရှိဘူး"

"အိမ်က ပြန်ပြောပါတယ်"

အန်တီမြသည် တကယ့်ကို ခါတိုင်းလိုမဟုတ်ဘဲ တစ်မျိုးကြီးဖြစ်နေပြီး တစ်ခုခုကိုလည်း ထိန်ချန်ထားပုံနဲ့ မအီမလည်ကြီးဖြစ်နေသည်၊

"ကိစ္စတစ်ခုခုများ ရှိလို့လား အန်တီမြ"

"ဆိုပါတော့ကွယ်"

ထိုသို့ပြောလိုက်ပြီးသည့်နောက် အန်တီမြ မျက်နှာသည် ပြုံတော့မည့်မိုးလို ညှိုမှိုင်းပြီး အသက်ကို ပြင်းပြင်းရှူနေသည်။

'ဘာဖြစ်လို့လဲ အန်တီမြ"

ညီမလေးလည်း စိတ်ဝင်စားနေပုံရအောင် ရှင်းသန့်ဘုံ မေးလိုက်တော့ ခေါင်းညိတ်ပြပြီး နားထောင်နေသည်။

"မောင်ရှင်းသန့်ဘုံနဲ့ မလင်းအေးတို့မှ ဘယ်လိုအခြေအနေထိ ရှိနေပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

မထင်မှတ်ထားတဲ့အတွက် ရှင်းသန့်ဘုံ အံ့သြသွားသည်။

"နန်းထွတ်ထားကို ပြောတာလား"

"ဟုတ်တယ်လေ၊ မလင်းအေးတူမက သူပဲရှိတာပဲ"

"ကျွန်တော်နဲ့ နန်းထွတ်ထားက မကြာခင် လက်ထပ်တော့မှာပါ"

"ဘယ်လို"

အန်တီမြ အရမ်းကို အံ့သြသွားပုံရအောင် မျက်လုံးကြီးပြူးပါးစပ်ကြီး အဟောင်းသားနဲ့ မယုံသလို ပြန်မေးရင်း ကြောင်ကြည့်နေသည်။

"အန်တီမြ အံ့သြမယ်ဆိုလည်း အံ့သြစရာပါ၊ ကျွန်တော်တို့နှစ်ယောက် မေတ္တာမျှကြတာ သိပ်မကြာသေးပါဘူး။ ကျွန်တော် သူ့ကိုလက်ထပ်ဖို့ခွင့်တောင်းထားတယ်"

"မောင်ရှင်းသန့်ဘုံ ဒီကောင်မလေးအကြောင်း မသိသေးဘူးထင်တယ်"

"နန်းထွတ်ထားအကြောင်း မဟုတ်လား အန်တီ"

"အေးလေ"

"ထွတ်ထားက ဘာဖြစ်လို့လဲ အန်တီ"

"နှုးညံ့ကော သိတယ်လား"





"ထွတ်ထားနဲ့သိတယ်လို့မေးတာလား၊ ဟုတ်ကဲ့ထွတ်ထားနဲ့လည်း ရင်းနှီးတယ်၊ ကိုကိုနဲ့ထွတ်ထား မကြာခင်လက်ထပ်ကြတော့မှာလည်း သိတယ်"

"ဘယ်လိုကွယ့်"

"နေပါဦး အန်တီမြ စောစောက ညီမလေးမေးသလို နန်းထွတ်ထားက ဘာဖြစ်လို့လဲ"

"သူက မလင်းအေးတူမပေမယ့် ငယ်ငယ်ကတည်းက မိဘမရှိလို့ သနားပြီး ခေါ်ထားတာပါ၊ အစ်ကိုနှစ်ယောက်နဲ့ အစ်မအိမ်ထောင်ကျသွားလို့ မလင်းအေးက သူပဲအနားမှာရှိတော့ နည်းနည်းအရေးပေးထားတာ၊ တကယ်တော့ ဒီကောင်မလေးက မိဘမရှိတဲ့တစ်ကောင်ကြွက်လေးပဲ၊ မလင်းအေး သမီး ပိုပကိုက အန်တီ့သမီး အကြီးမနဲ့ အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေ၊ ညီမဝမ်းကွဲပေမယ့် အကျင့်မကောင်းလို့ဆိုပြီးနှိမ်ထားတာ၊ တစ်ခါမှအကောင်းမပြောသလို အိမ်ဖော်တစ်ယောက်လိုထားတာ"

"မလင်းအေးအမေ ဒေါ်အေးမိရှိလို့ ဒီကောင်မလေး အနေချောင်နေတာ၊ ဒါပေမဲ့ ဒီအဘွားကြီးကိုလည်း မလင်းအေးက မအေဖြစ်နေလို့သာပါ။ ပိုပိုဆို ရစရာမရှိအောင်ပြောတာ၊ အခု ပိုပိုအိမ်ထောင်ကျသွားတော့ မြေးအဘွားနှစ်ယောက် ထောင်နေကြတယ်"

အန်တီမြ တောက်လျှောက်ပြောသွားသမျှကို ရှင်းသန့်ဘုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



နုညံ့ဘုံ နားထောင်နေပြီး စကားဆုံးတော့ မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်။

အန့်တီမြ သူမပြောလိုက်တဲ့ စကားတွေအတွက် ကျေနပ်သွားပုံနဲ့ ပြုံးလိုက်ပြီး…

"အန့်တီက မောင်ရှင်းသန့်ဘုံတို့ ဒီအကြောင်းတွေ မသိသေးဘူးဆိုတာ သိလို့ လာပြောတာပါ၊ သမီး နုညံ့ပဲ စဉ်းစားကြည့်ပါ ရောက်တာမှ တစ်လကျော် ရှိသေးတယ်၊ လက်ထပ်ဖို့အထိတောင် စီစဉ်နေပြီဆိုကတည်းက ဒီကောင်မလေး ဘယ်လောက်လည်သလဲဆိုတာ တွေးလို့ရပါတယ်၊ သမီးနုညံ့ဆို ဘယ်လိုယောက်ျားမျိုးပဲဖြစ်နေဖြစ်နေ လက်ထပ်ဖို့ မပြောနဲ့ အဖြေတောင်ပေးမှာ မဟုတ်သေးပါဘူး"

"အန့်တီ အရမ်းအံ့သြတယ်ကွယ်၊ မောင်ရှင်းသန့်ဘုံနဲ့ ဒီကောင်မလေး တွဲနေတာ ပြောသံကြားသလို အန့်တီကိုယ်တိုင်လည်း တွေ့လိုက်တော့ အရမ်းကို အံ့သြတုန်လှုပ်သွားတယ်၊ မိဘမရှိတဲ့ မင်းတို့ မောင်နှမကိုလည်း ကိုယ့်သားသမီးတွေလို ချစ်တဲ့အတွက် သတိပေးချင်တယ်လေ၊ ဒီကောင်မလေး ရှင်းသန့်ဘုံလို လူကို အပိုင်ကပ်မှာ တွေးထားတဲ့အတိုင်း အခြေအနေတွေက ပိုဆိုးနေတော့ သူ့ရဲ့အရည်အချင်းကိုလည်း တော်တော်လေးချီးကျူးမိပါတယ်"

"ကိုယ့်သမီးမို့ ပြောတာ မဟုတ်ဘူးနော်၊ မောင်ရှင်းသန့်နဲ့ သမီးလေးတို့ ဒီလောက်ရင်းနှီးကြတာ သမီးလေး မောင်ရှင်းသန့်ကို





စကားတောင် ဆယ်လုံးပြည့်အောင် ပြောဖူးလို့လား၊ အိမ်နီးချင်းဆိုတော့ စောင့်ရှောက်ရမယ့် ဝတ္တရားရှိလို့ အန့်တီလာရင် အတင်းခေါ်လို့သာ လိုက်ရရှာတာ၊ သမီးလေးက လိုက်ချင်တာ မဟုတ်ဘူး၊ အန့်တီပြောချင်တာကတော့ ဒါပါပဲကွယ်၊ မောင်ရှင်းသန့် ပြင်သင့်တာ ပြင်ရအောင်ပါ"

"ဗျာ… အန့်တီ၊ ဘာကိုပြင်ရမှာလဲ အန့်တီ"

"မောင်ရှင်းသန့်နဲ့ မလင်းအေးတုမအကြောင်းကို ပြောတာလေ"

"ဟုတ်တယ်လေ၊ ကျွန်တော်နဲ့ နန်းထွတ်ထားကိစ္စက ဘာပြင်စရာရှိလို့လဲ"

အန့်တီမြ မျက်နှာမဲ့ရာမှ ချက်ချင်းပင် တင်းမာခက်ထန်သွားပြီး…

"မောင်ရှင်းသန့်က အန့်တီ့ကို မလိုတမာလာပြောနေတယ် ထင်လို့လား"

"ကျွန်တော် အဲဒီလိုမထင်ပါဘူး အန့်တီ"

"ဒါဆို မင်းပြောတဲ့သဘောက ဘယ်လိုကြီးလဲ၊ အန့်တီက စေတနာနဲ့ အားတက်သရော ပြောတာတောင် မယုံတဲ့ပုံစံနဲ့ လုပ်ပြနေတယ်"

"စေတနာနဲ့လာပြောတဲ့ အန့်တီ့ကို ကျေးဇူးတင်ပါတယ်၊ နန်းထွတ်ထားတဲ့ ကျွန်တော် လက်ထပ်မဲ့ကိစ္စက ပြင်လို့မရတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆိုလည်း ပြီးတာပဲလေ''

အန်တီမြ စောင့်ခနဲ ထရပ်ကာ အသံကျယ်ကျယ် မျက်နှာထား တင်းတင်းနဲ့ပြောပြီး…

''အန်တို့ကို ခွင့်ပြုပါဦးကွယ်''

ရှင်းသန့်ဘို့ မတားသလို ညီမလေးလည်း လိုက်ကြည့်ပြီး အစ်ကိုဖြစ်သူဘက်လှည့်ကြည့်တော့ ဘာမှမဖြစ်သလို ပခုံးတွန့်ပြလိုက်သည်။

''အန်တီမြလို လူမျိုးက ဒီလိုလာပြောတာ ကိုကို မအံ့သြဘူးလား''

''အံ့သြလွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး''

''တကယ်ဆို သမီးသုံးယောက်မွေးထားတဲ့ အန်တီမြမှာ ကိုယ်ချင်းစာစိတ် ပိုရှိရမှာ၊ ထွတ်ထားကိုပြောလိုက်တာများ ရစရာတောင် မရှိဘူး''

''ဒီတော့ နန်းထွတ်ထားအပေါ် ညီမလေး စိတ်ထားပြောင်းသွားလား''

''ဟင့်အင်း… ကိုကို ပြောင်းသွားရင်တောင် ညီမလေးက ရန်တွေ့မလို့''

''ကိုကိုညီမလေးကို ဒါကြောင့်ချစ်တာ''

ညီမလေး ချစ်စဖွယ်မျက်စောင်းထိုးပြီး…





''ကဲပါ၊ ထွတ်ထားကို သွားကြိုဖို့ ဖင်တကြွကြွဖြစ်နေပြီ မဟုတ်လား''

''သိပ်အလိုက်သိတဲ့ ကောင်မလေး''

''အား… နာတယ်''

ညီမလေးပါးကို ချစ်စဖွယ် လိမ်ပြီး အပြေးထွက်လာခဲ့သည်။ ခုံထဲမှာ ရှင်းသန့်ပေါ့ပါးပြီး တစ်ခုခုကို ကျေနပ်သွားသလို ခံစားရသည်။

နန်းထွတ်ထားရယ် မင်းကို တို့ သိပ်သနားသလို မြန်မြန်ဆန်ဆန်ပဲ လက်ထပ်ချင်ပြီ။ တို့ အချစ်ကို မင်းမယုံဘူးဆိုတာသိပေမယ့် ယုံအောင် ရှင်းမပြတတ်တာတော့ တို့ရဲ့ အားနည်းချက်ပဲနေမှာပါ။ ဒါပေမဲ့လေ တို့ မင်းကို သိပ်ချစ်တယ်။

* * *



www.burmeseclassic.com

## အခန်း(၁၄)

''နေကြပါဦး၊ နေကြပါဦး''

ထွတ်ထား အဘွားနဲ့အန်တီတို့ လူကြီးတို့အလှူကိုသွားဖို့ အဆင်သင့်ဖြစ်နေစဉ် ဘယ်အချိန်က ဘယ်လိုဝင်လာမှန်းမသိတဲ့ မမို့ ရဲ့ ပြူးတူးပြဲတဲ အော်လိုက်သံကြောင့် ရင်ထဲမှာ မိုးကြိုးပစ်သံကြီးကြား လိုက်သလို ကြောက်လန့်သွားသည်။

ညကတင် ပိန့်မက အန်တီလင်းရှေ့မှာ ပြောင်သလိုလိုနဲ့...

''မမထွတ်ထား တစ်နေရာရာသွားဖို့ ပြင်ဆင်ပြီးပြီဆို မမို့ အကြောင်းတစ်ခုခုနဲ့ ရောက်လာတတ်တယ်နော်''

''ဒီတစ်ခါရောက်လာရင်လည်း ငါ့မြေးကိုတော့ ခေါ်ပြစ်အောင် ခေါ်သွားရမှာပဲ''





အဘွား အားနဲ့မာန်နဲ့ပြောတော့ အန်တီလင်းမျက်နှာပျက် သွားသည်။ ခဏခဏဖြစ်တတ်တဲ့ ထွတ်ထားလည်း ကြောက်နေမိသည်။

အားလုံးပြင်ဆင်ပြီး အဘွားနဲ့ထွတ်ထား အန်တီလင်းကို ဧည့် ခန်းမှာစောင့်ရင်း ဒီတစ်ခါတော့ မမပို့မလာနိုင်တော့တဲ့အကြောင်းတောင် ပိန့်မနဲ့ ပြောနေကြသေးသည်။

အဘွားနဲ့ ပိန့်မသည် ထွတ်ထားကိုကြည့်ပြီး ချီးကျူးမဆုံးရှိနေ သည်။ တစ်ခါမှ စိတ်ရှည်လက်ရှည်နဲ့ လှရာရာလေးတွေ မဝတ်ဘူးတဲ့ ထွတ်ထားသည် လူကြီးတို့အလှူရှိတာသိတော့ ကုမ္ပဏီက သူငယ်ချင်း တစ်ယောက် လိုက်ဝယ်ပေးတဲ့ အင်္ကျီနဲ့စကာဒ်သည် ထွတ်ထားနဲ့ အရမ်း လိုက်ပေမယ့် နေရတာ ရှုံးတိုးရှန်းတန်းဖြစ်နေသည်။

ထွတ်ထားကို ကြည့်ပြီး အဘွားနဲ့ပိန့်မ ချီးကျူးနေစဉ် မမပို့ ရောက်လာပြီး အော်လိုက်တော့ ပိန့်မ တိုးတိုးလေး...

''သေခဲ့ဦးမယ်၊ ပြဿနာမကြီးတော့''

လို့ ပြောသလို အဘွားကလည်း''

''ဘာဖြစ်လာပြန်တာလဲ မသိဘူး''

ပြောလိုက်တော့ မမပို့ ထွတ်ထားကို တအံ့တသြကြည့်နေရာမှ အဘွားဘက်ကို လှည့်လိုက်ပြီး မျက်နှာထားတင်းတင်းနဲ့...

''အဘွား... ဘာပြောတယ်''

''သြော်... ဘာဖြစ်လာပြန်ပြီလဲလို့ ပြောတာ''



www.burmeseclassic.com

www.burmeseclassic.com



''နေပါဦး အဘွား၊ ပိုပို့ကိုဆိုရင် ဘာဖြစ်လို့ ကြည့်မရဖြစ်နေတာလဲ''

''ကြဲကြဲဖန်ဖန်အေ၊ ညည်းကို ဘာကြည့်မရစရာ အကြောင်းရှိလို့လဲ''

''ဒါဆို အခု ဘာစကားပြောတာလဲ''

မမပို မျက်နှာထားတင်းတင်းနဲ့ အော်သလို အဘွားနားလျှောက်သွားပြီး ပြောနေတာသည် အဘွားကိုတစ်ခုခုပြန်လုပ်တော့မယ့်ပုံစံမျိုးနဲ့ဆိုတော့ ထွတ်ထား တင်းခနဲဖြစ်သွားပြီး အဘွားကိုတစ်ခုခုလုပ်ရင်တော့ ဖြစ်ချင်တာဖြစ် ထွတ်ထား တစ်ခုခုပြန်လုပ်ဖို့ အဆင်သင့်ပြင်ထားသည်။

''အောင်မလေး မိပိုရယ်၊ ဘာလဲ ငါ့ကိုတောင် ပြန်လုပ်တော့မလို့လား''

အဘွား အသံတုန်တုန်နဲ့ ပြန်မေးသလို ထွတ်ထားနဲ့ပိန်မလည်း အခြေအနေကို ကြည့်နေလိုက်သည်။

''မလုပ်ပါဘူး။ လုပ်လည်းမလုပ်ရဲပါဘူး။ ကြောက်လွန်းလို့ပါ''

''ဟဲ့… ဘာဖြစ်တာလဲ မိပို၊ ဘာဖြစ်တာလဲ''

အန်တီလင်း သူ့ကိုယ်လုံးကြီးမှ အားမနာစွာ လွှားခနဲ အနားရောက်လာပြီး မမပိုကို မေးနေသလို အဘွားနဲ့ ထွတ်ထားတို့ကိုလည်း တစ်လှည့်စီ ကြည့်နေသည်။

မမပိုသည် ကျားသစ်မတစ်ကောင်လို အဘွားကို အံကြိတ်ကြည့်





ဘာ တစ်ခုခုလုပ်ချင်တာ မလုပ်ရတဲ့အတွက် အသက်ပြင်းပြင်းရှူပြီး ဒေါသတွေဖြစ်နေသည်။

''ဟဲ့… မိပို နင့်အဘွားကို ဘယ်လိုပုံစံနဲ့ ကြည့်နေတာလဲ၊ ညည်းပုံစံကို ပြင်လိုက်စမ်း''

''မေမေက ဘာသိလို့လဲ၊ ပိုပို့ကို စွတ်ပြောနေတာပဲ''

မမပိုရဲ့ ဒေါသသည် အန်တီလင်းဖက် လှည့်သွားသည်။

''ညည်းအသံနဲ့ပုံစံကို အခုပြင်စမ်း ပိုပို၊ ဘာပဲဖြစ်ဖြစ် ညည်းအဘွားအေ ငါ့အမေကို ဒီလိုပုံစံနဲ့ ပြောစရာမလိုဘူး''

''အေးပေါ့၊ အခုတော့ ပိုပိုဆိုတဲ့ ကောင်မကြီးပဲ မိန်းမရိုင်းကြီး မိန်းမဆိုးကြီးဖြစ်သွားပြီပေါ့၊ ဘာကာစဖြစ်တာလဲဆိုတာကိုလည်း မေမေ ခုင်မေးပါဦး။ ကိုယ့်အမေအိမ်လာတာတောင် အားလုံးကို ကြောက်နေရသယ်''

မမပိုသည် အန်တီလင်း တကယ်ဒေါသဖြစ်နေတော့ လေသံဘာ ဟန်ရော ပျော့သွားတဲ့အပြင် တဟီးဟီးနဲ့ ငိုချလိုက်သည်။

''အေး… အခု ဘာဖြစ်လို့လဲ၊ ငါ့အမေက ဘာပြောလို့လဲ၊ ပြောပါဦး''

''ဘာပြောလဲဆို မေမေ့အမေပဲ မေးကြည့်လိုက်''

အန်တီလင်း ချက်ချင်းပင် အဘွားကိုလှည့်ကြည့်လိုက်သည်။

''ဘာဖြစ်လာပြန်တာလဲ မသိဘူးလို့ ငါပြောလိုက်လို့သမီးရေ''



www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်မဟုတ်လား ပိုပို့ကို မေမေ့အမေပြောတာလေဆိုင်

မျက်နှာဘေးနဲ့ မမပို အန်တီလင်းကို ကြည့်လိုက်သည်။

"အေး… ဟုတ်တယ်လေ၊ ညည်းလာရင် တစ်ခုခုဖြစ်လာတ

လွန်းလို့ ဘာဖြစ်လာပြန်တာလဲလို့ ပြောတာ ဘာဖြစ်လဲ"

"သြော်… မေမေကာပါ ပိုပို့ကို ပြဿနာမကြီးတစ်ယောက်

ထင်နေပြီကို"

"ဒီမှာ မပို၊ ညည်း ငါ့ကိုငေါ့တာတွေ ရိတာတွေ လာမပြော

အခု ညည်းလာတာ ဘာအရေးကြီးတဲ့ကိစ္စရှိလဲပြော၊ ငါတို့အလှူသွား

ရှိလို့"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ အဲဒီအလှူကိစ္စကို ပြောမလို့ဘဲ

တာပါပဲ၊ ဘာမှတောင်မပြောရသေးခင် အဘွားကစီးပြောလိုက်တော့

ဘယ်လိုခံစားရမလဲ၊ အဘွားက ဒီကောင်မနဲ့ ပတ်သက်ရင် ဘယ်

လည်း၊ သူ့ရင်ထဲမှာမရှိတော့ဘူး"

မမပိုသည် ထွတ်ထားရဲ့မျက်နှာတည့်တည့်ကို လက်ညှိုး

တော့မတတ်ထိုးပြီးပြောတော့ အဘွားမျက်နှာထားတင်းတင်းနဲ့…

"ဒီလိုမပြောနဲ့ ပိုပို၊ ညည်းပြောနေတဲ့ပုံက တခြားမြေး

ငါ့ကို ရန်တိုက်ပေးသလို ဖြစ်နေပြီ၊ အားလုံးဟာ ငါ့သမီးကမွေးတဲ့

မြေးတွေချည်းပဲ"

"ပြောတာပါပဲ"





"အေးလေ… ညည်းက လူတစ်ဖက်သားကို အမြဲတမ်းမယုံ

ကြည်ဖြစ်နေတော့ အဘွားလည်း မတတ်နိုင်ဘူး"

"ဒီမှာ အဘွား၊ မေမေ့ရှေ့မှာပဲ ပိုပိုမေးမယ်၊ ပိုပိုနဲ့မိထွတ်ထား

ယ်သူ့ကို ပိုချစ်လဲ"

'ငါ အတူတူပဲချစ်တယ်၊ ဒါအမှန်ပြောတာ၊ ညည်းက အားလုံး

ည့်စုံတယ်၊ ထွတ်ထားက မပြည့်စုံရှာဘူး၊ ဒါကြောင့် ထွတ်ထားကို

သနားပိုတာပဲရှိတယ်၊ ဒါကိုညည်းကလည်း အစ်မဝမ်းကွဲတစ်ယောက်

နေနဲ့ ကိုယ့်ညီမလေးအပေါ်မှာ ဖေးဖေးမမလေးသာ ရှိခဲ့ရင် တို့မိသားစု

ဘယ်လိုပြဿနာမျိုးမှ ဖြစ်မလာနိုင်ဘူး၊ ဒါပဲ မိပိုပို"

"ကဲ… ညည်းကြားပြီမဟုတ်လား ပိုပို၊ မေမေတို့ ဟိုဘက်

မ်က မောင်ရှင်းသန့်ဘုံတို့ အလှူကို သွားမလို့၊ လိုက်မလား"

"မလိုက်ဘူး"

"မလိုက်ရင်လည်းနေ၊ မေမေတို့ သွားဦးမယ်၊ လာ အမေနဲ့

တ်ထား"

"နေဦး မေမေ၊ မိထွတ်ထား လိုက်လို့မဖြစ်ဘူး"

"ဘယ်လို မိပို"

အန်တီလင်း နားမလည်လို့ ပြန်မေးသလို အဘွားလည်း

မှောင်ကုပ်ကြည့်နေသည်။

ထွတ်ထားကတော့ အံ့သြတာထက် တစ်ခုခုကိုသိလိုက်ကာ



www.burmeseclassic.com

ပြဿနာဖြစ်တော့မယ်ဆိုတာကို သိနေသည်။

"ဘာကိုမဖြစ်တာလဲ၊ ထွတ်ထားကို ဘာနိုင်ငံစရာရှိလို့လဲ၊ နိုင်

စရာရှိလည်း ပြန်လာမှသာ နိုင်းတော့"

အန်တီလင်းသည် အဘွားပြောထားတဲ့အတွက် ဘာအကြောင်း

မှမသိသေးတာတောင် ထွတ်ထားကို အလှူအိမ်ခေါ်မသွားရမှာ အရမ်း

စိုးရိမ်နေပုံရသည်။

"နိုင်ငံစရာရှိလို့ မဟုတ်ဘူး မေမေ၊ အကြောင်းရှိလို့ တားနေ

တာ"

အဘွားနဲ့ ထွတ်ထား မျက်လုံးချင်းဆုံသွားသလို အန်တီလင်းနဲ့

မမပိုတို့သားအမိလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်

သည်။ မမပိုသည် ထွတ်ထားဖက်လှည့်ကာ…

"ညည်း ရှင်းသန့်ဘုံတို့မောင်နှမနဲ့ လုံးဝအရောမဝင်ပါနဲ့

အေး… ငါပြောတာကိုမှ နားမထောင်ရင် အရှက်ကွဲလိမ့်မယ်နော်"

"ဘယ်လို ဘယ်လို မိုပို၊ ငါတော့ ဘာမှနားမလည်တော့ဘူး

ထွတ်ထားနဲ့ ရှင်းသန့်ဘုံတို့က ခင်လို့လား။ ထွတ်ထားကရော ဘာလို့

အရှက်ကွဲရမှာလဲ"

အန်တီလင်း မမပိုကို နားမလည်သလိုမေးနေသလို ထွတ်ထား

ကိုလည်း ကြည့်နေသည်။ ထွတ်ထား ဘာပြောရမှန်းမသိအောင် နှုတ်ဆွံ့

နေပေမယ့် အဘွားကတော့ တစ်ခုခုပြောဖို့ တာစူနေသည်။





"ပြောပြမယ်လေ၊ ဒါကို ပြောပြချင်လို့ကို မိထွတ်ထား အလှူ

မသွားခင် အမိုလာခဲ့တာ"

အဘွား ထွတ်ထားကို ဘာမှမပြောဖို့ မျက်ရိပ်ပြလိုက်သလို

သူမကိုယ်တိုင်လည်း မျက်နှာဘေးကို လျှော့ချကာ…

"ပြောစမ်းပါဦး ပိုပို၊ အဘွား စိတ်ဝင်စားလို့ပါ"

"ပြောမယ်၊ ပြောမယ်၊ ဒီမှာ မိထွတ်ထား ရှင်းသန့်ဘုံကို

ညည်းအထင်ကြီးပြီး အတင်းကပ်နေတယ် မဟုတ်လား"

"အထင်ကြီးတာတွေ မကြီးတာတွေ ထွတ်ထား ဘာမှမသိဘူး

မမပို အတင်းကပ်နေတာကလည်း ထွတ်ထားမဟုတ်ဘူး၊ ဦးရှင်းသန့်ဘုံ

ဆိုတဲ့လူကြီးကသာ ထွတ်ထားကို အတင်းကပ်ပြီး ဖွတ်တရွှာဲတွေလုပ်လို့

ခင်သွားကြတာ"

"ဘာ… ညည်းလိုလူမျိုးကို ရှင်းသန့်ဘုံလို လူမျိုးက"

မမပိုသည် ပြူးတဲ့မျက်လုံးကို ပိုပြူးပြကာ တအံ့တသြမေးနေ

သည်။ အဘွားကလည်း ဆက်သာပြောဆိုတဲ့ ထွတ်ထားတစ်ယောက်

တည်းသာနားလည်တဲ့ ပုံစံမျိုးနဲ့ အရိပ်အကဲပြတော့ ဒီပွဲမှာ အပြတ်ချဖို့

အတွက် အားတွေပိုရှိလာသည်။

"ဟုတ်တယ် မမပို၊ ထွတ်ထားလည်း အရမ်းအံ့သြနေတာ"

"မဖြစ်နိုင်တာတွေ၊ ရှင်းသန့်ဘုံက ရတီကို စိတ်ဝင်စားနေတာ၊

သူတို့အိမ်ကလူတွေအကုန်သိတယ်၊ အခုညည်းဆင်ရှုပ်လို့ အန်တီမြတို့



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်နေသလို ရတီလည်း အရမ်းစိတ်ထိခိုက်နေကြောင်း မနေ့ညက ငါ့ဆီကို အန်တီမြနဲ့ နဒီလာပြောပြသွားတယ်''

''အဲဒါတွေ ထွတ်ထားမသိဘူး မမပို၊ ဦးရှင်းသန့်ဘုံနဲ့ထွတ်ထား မေတ္တာမျှနေကြတယ်၊ သူက ထွတ်ထားကိုလက်ထပ်ချင်နေပြီ ထွတ်ထားက ခေါင်းမညိတ်သေးလို့''

''ဘာပြောတယ်၊ ညည်းဖြစ်ချင်တာတွေကို စိတ်ကူးပြီး လျှောက်ပြောမနေနဲ့၊ ညည်းလိုလူမျိုးကိုလား လက်ထပ်မှာ၊ ရတီက ညည်းထက် အစစအရာရာသာတဲ့သူ၊ လက်ထပ်မဲ့လက်ထပ် ရတီ့ပဲ လက်ထပ်မှာပေ့ါ အရှုံးမရှိ''

''ဒါတော့ မမပိုထင်ချင်သလို ထင်လေ၊ ထွတ်ထား ပြောတာတော့ ဘာတစ်ခုမှ အပိုပြောတာ မပါဘူး''

''ဩော်… ညည်းပြောတဲ့ပုံဆို ငါကပဲ အပိုပြောသလိုဖြစ်မနေဘူးလား၊ ငါ… တောက်''

''မိပို တော်စမ်း''

''မေမေ့တူမ ပိုပို့ကို တစ်ခွန်းမခံ ပြန်ပြောနေတာကို ပြောပါ''

''ငါ မေးမယ်၊ ညည်းဝင်မပြောနဲ့''

အန်တီလင်း မမပိုကို ဟန့်ပြီး ထွတ်ထားဘက်လှည့်ကာ

''ရှင်းသန့်ဘုံနဲ့ ညည်းနဲ့ မေတ္တာမျှနေတယ်ဆိုတာ တကယ်လား ထွတ်ထား''





''ဟုတ်ပါတယ် အန်တီလင်း''

''အန်တီလည်း မသိပါလား၊ ဘယ်တုန်းက ဖြစ်နေကြတာလဲ၊ အန်တီ သတင်းကြားထားတာကတော့ မိပိုပြောသလို မမြချယ်သမီး အငယ်ဆုံးမလေးရတီနဲ့ ကြားတာ''

''ထွတ်ထား အဲဒါတွေ ဘာမှမသိပါဘူး အန်တီ၊ ထွတ်ထား အလုပ်အသွားအပြန် အမြဲလိုက်လာပြီး အတင်းလိုက်ပို့တယ်၊ ချစ်ခွင့်ပန်တယ်၊ ဒါနဲ့ သူ့ကိုအဖြေပေးလိုက်တယ်၊ သူက အဘွားနဲ့အန်တီ့ကို ပြောပြီး လက်ထပ်ခွင့်တောင်းဖို့ လုပ်နေတာတောင် ထွတ်ထားခွင့်မပြုသေးလို့ပါ''

အန်တီလင်း တအံ့တသြနားထောင်နေပေမယ့် မမပိုကတော့ မျက်နှာတစ်ပြင်လုံး မဲ့ရွဲ့ထားပြီး ထွတ်ထားပြောတာကို စိတ်မဝင်စားဘူးဟန်နဲ့ မသိဟန်ဆောင်နေသည်။

အဘွားကတော့ လောလောလတ်လတ် မမပိုနဲ့ ပြဿနာတက်ထားတဲ့အပြင် လူကြီးရှင်းသန့်ဘုံကလည်း ထွတ်ထားကို တကယ်ချစ်တာသိတဲ့အတွက် တစ်ခွန်းမှဝင်မပြောဘဲ ပြုံးတုံ့တုံ့မျက်နှာကြီးနဲ့ ကြည့်နေသည်။

''ရှင်းသန့်ဘုံသာ တကယ်လက်ထပ်မယ်ဆို အင်မတန် ဝမ်းသာဂုဏ်ယူစရာပေါ့၊ ရှင်းသန့်ဘုံက အရမ်းချမ်းသာတာထက် မိန်းမကိစ္စလည်း ကင်းတယ်၊ စာရိတ္တလည်းကောင်းတယ်၊ အသောက်အစား



www.burmeseclassic.com

www.burmeseclassic.com



အပျော်အပါးလည်း မရှိဘူး။ မမြချယ်လိုလူမျိုးကတောင် သားမက်တော် ချင်တယ်ဆိုကတည်းက ရှင်းသန့်ဘုံ အရည်အချင်းကို ခန့်မှန်းလို့ရပ် တယ်''

''ဟုတ်တယ် သမီး။ အမေကတော့ ရှင်းသန့်ဘုံဟာ မြေးလေး ထွတ်ထားအတွက် အသင့်တော်ဆုံး မဟာတံတိုင်းကြီးမို့ သဘောအရမ် တွေ့တယ်၊ ကောင်လေးကလည်း ထွတ်ထားကို မေတ္တာရှိနေကြောင်း အမေ ကြည့်တာနဲ့ သိတယ်၊ တခြားကိစ္စတွေကိုတော့ အမေ မသိဘူးပေါ့လေ''

အဘွားသည် သူ့အတွက်ခွင်(ဂွင်)ရသွားတာနဲ့ သမီးဖြစ်သူကို မြိုပြောတော့သည်။

'ရှင်းသန့်ဘုံက တကယ်လက်ထပ်မယ်ဆို သမီးတို့ဘက်က လိုက်လိုက်လဲလဲ ဝမ်းမြောက်ဝမ်းသာ လက်ခံရမှာပါ၊ ဒီတော့ နောက်ရက် အေးအေးဆေးဆေးလောက်ကျရင် ကောင်လေးကိုခေါ်ဆွေးနွေးတာပေ့ါ အမေ၊ ကဲ... ပိုပို သမီးလည်းကြားပြီမဟုတ်လား၊ သမီးညီမအတွက် ဘာမှမစိုးရိမ်နဲ့တော့၊ မေမေတို့ သွားဦးမယ်၊ သမီးစားချင်တာ ပိန် လုပ်နိုင်း''

''ပိုပို သွားမှာ မေမေ''

''ဟဲ့... ကားမှ မပါတာ၊ ညနေမှပြန်လေ''

''ပိုက်ဆံရှိရင် ကားငှားသွားလို့ရပါတယ်၊ မေမေတို့သာ စိတ် ဖြောင့်လက်ဖြောင့်သွားကြပါ၊ ထပ်တော့ သတိပေးလိုက်မယ်နော်၊ အန်တီ





မြတို့က မိထွတ်ထားကို တစ်နည်းနည်းနဲ့တော့ အရှက်ခွဲလိမ့်မယ်၊ လူ ကြားထဲမှာ အရှက်မကွဲပါစေနဲ့ ဆုတောင်းပါတယ်''

''ရှင်းသန့်ဘုံကိုယ်တိုင်က မြေးလေးထွတ်ထားကို လက်ထပ် ချင်တာ ဖျပ်ဖျပ်လူးနေတော့ စိုးရိမ်စရာမရှိပါဘူး မြေးလေး ပိုပိုရယ်''

အဘွားသည် ဘာကိုမှနားမလည်တဲ့ပုံနဲ့ မမပိုလက်မောင်းကို ပုတ်ပြီး လေသံအေးလေးနဲ့ ဖျောင်းဖျနေတာသည် တကယ့်ကို အကယ် ဒမီမင်းသမီးကြီးကျနေတာပဲ။

ထွတ်ထား ရယ်ချင်တဲ့စိတ်ကို ထိန်းပြီး လူကြီးတို့အလှူကို အောင်မြင်စွာသွားဖို့ ခြေလှမ်းရင်း မမပို ဆွေ့ဆွေ့ခုန်ကျန်ခဲ့မှာကို မြင်ယောင်နေမိသည်။

''ပိုပို ခဏလေးနေဦး။ ကားပြန်လွှတ်လိုက်မယ်''

အပေါက်ဝရောက်တဲ့အထိ အန်တီလင်း စိတ်မချသလို မှာနေ သေးသည်။

''မလိုဘူး၊ ရတယ်၊ ကိုယ့်ဟာကိုယ် ကားငှားပြန်မယ်''

အန်တီလင်းလည်း ဆက်မပြောတော့ဘူး။ ဘာပဲဖြစ်ဖြစ် ထွတ် ထားတို့ကတော့ ပထမအဆင့် အောင်မြင်သွားပြီဖြစ်တဲ့အတွက် ရင်ထဲက ကျေနပ်နေမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



လာပြီကို ပြောတယ်အထင်နဲ့ ခေါင်းညိတ်ပြီး ဆက်စကားပြောနေသည်။

"ကြွပါ အန်တီမြ၊ မရတီလည်း ထိုင်၊ ဒါအစ်မထင်တယ်၊ ရုပ်ချင်းဆင်တယ်"

ညီမလေး မတ်တပ်ထရပ်ပြီး နှုတ်ဆက်လိုက်တော့မှ ရှင်းသန့်ဘုံအံ့သြသွားကာ မိတ်ဆွေကို ခဏနေဦးလို့ ခွင့်တောင်းပြီး တစ်ဖက်လှည့်လိုက်တော့ အန်တီမြတို့က ထိုင်တောင်ထိုင်နေပြီ။

"အန်တီမြတို့က ဝေးလို့ထင်တယ်၊ နောက်ကျလိုက်တာ"

ရှင်းသန့်ဘုံ ရယ်ရွှန်းပတ်ရွှန်း နှုတ်ဆက်တော့ သူမကလည်း ခေတ္တသူမဟုတ်တဲ့အတွက် မနေ့ကဖြစ်ခဲ့တာကို (ဖြစ်ခဲ့တယ်ဆိုတာလည်း ရှင်းသန့်ဘုံတို့ဘက်က ဟုတ်ဘဲ အန်တီမြဘာသာ တစ်ယောက်တည်း ဖြစ်သွားတာကို) မသိဟန်ဆောင်ပြီး...

"ပြောမနေနဲ့တော့ မောင်ရှင်းသန့်ရေ ဒါ... အန်တီ့သမီးအကြီးဆုံးလေ နဒီမောင်မောင်တဲ့၊ သူ့အမျိုးသားက ဟိုတယ်နဲ့ခရီးမှာ အရာရှိတစ်ယောက်ပေါ့၊ သမီးကြီးလာလည်ရင်း မင်းတို့မောင်နှမနဲ့လည်း တွေ့ချင်တယ်ဆိုလို့ သူ့ကိုစောင့်ရင်း နောက်ကျသွားတာ"

"တွေ့ရတာ ဝမ်းသာပါတယ် မနဒီမောင်မောင်၊ ကျွန်တော် ရှင်းသန့်ဘုံပါ၊ ဒါက ညီမလေး နှုးညှံ့ဘုံပါ"

ညီမလေးလည်း ခေါင်းညိတ်ပြီး ပြုံးပြတော့ မနဒီမောင်မောင်သည် ပြုံးပြီး...



## အခန်း(၁၅)

ရှင်းသန့်ဘုံတင် မက ညီမလေး နှုးညှံ့ဘုံပါ မျှော်ရလွန်းလို့ လည်ပင်းတွေ ကြောင်းနေပြီ၊ ဘာဖြစ်လို့ အခုအချိန်ထိ မလာသေးတာလဲ သေသေချာချာ စောစောလာဖို့ ပြောထားသားနဲ့ ခုချိန်ထိ မလာသေးတော့ ဘာများဖြစ်လဲအတွေးဝင်ပြီး စိတ်ပူလာသည်။

ဖုန်းဆက်ဖို့ ဖင်တကြွကြွဖြစ်နေပေမယ့် အိမ်နီးချင်းတွေရော တခြားဧည့်သည်တွေပါ အဆက်မပြတ်ရောက်လာကြတော့ ညီမလေးတစ်ယောက်တည်းမို့ ဧည့်ခံနေရသည်။

"ကိုကို"

ညီမလေး ပါးစပ်လှုပ်ရုံခေါ်ပြီး အပြင်ဘက်ကြည့်နေတော့ မိတ်ဆွေတစ်ယောက်နဲ့ စကားပြောနေတဲ့ ရှင်းသန့်ဘုံသည် နန်းထွတ်ထားတို့



www.burmeseclassic.com

www.burmeseclassic.com



''မမက ပိုဝမ်းသာပါတယ်ကွယ်၊ မေမေတို့ပြောကတည်းက မင်းတို့ မောင်နှမကို ခင်မင်ချင်နေတာ၊ မမတို့ကခင်တတ်ပါတယ် လိုအပ်တဲ့အကူအညီရှိရင်လည်း ပြောပါ''

''ကျေးဇူးတင်ပါတယ် မမနဒီ''

''ညီမလေးက သိပ်ချစ်ဖို့ကောင်းတာပဲကွယ်''

''ထပ်ဆင့်ကျေးဇူးပါပဲ မမနဒီ''

မနဒီသည် ရတီနဲ့ ရုပ်ချင်းဆင်တာကလွဲရင် ညီအစ်မဆိုတာကို ကျိန်ပြောရမလိုတောင် သွက်လက်သူဖြစ်သည်။ ရှင်းသန့်ဘုံ ထင်ထားတာသည် အန်တီမြတို့ လုံးဝလာမှာမဟုတ်ဘူးလို့ ထင်ထားသည်။ အခုတော့ သူ့သမီးအကြီးတောင် အစစ်ပါလာပြီး သဘောတွေကောင်းပြနေတော့ ဒွေးရိုးသားရိုးလာတာဖြစ်နိုင်ပါ့မလား။

ဘာပဲဖြစ်ဖြစ် သတိထားနေဖို့ သတိထားပြောဖို့တော့ ရှင်းသန့်ဘုံ ကိုယ့်ကိုယ်ကိုယ် သတိပေးနေမိသည်။

''ဟော... သံဃာတော်တွေ ကြွလာပြီ ကိုကို''

မောင်သိန်းတို့ သွားပင့်တဲ့ သံဃာတွေတောင် ကြွလာပြီး ရှင်းသန့်ဘုံတို့ အားလုံးအလုပ်ရှုပ်သွားကြသည်။ ဘုန်းကြီးတရားနာပြီး ဆွမ်းကပ်တော့ နန်းထွတ်ထားတို့ ရောက်နေကြပြီ။ သိပ်လှနေတဲ့ ချစ်သူလေးကို ရှင်းသန့်ဘုံ ဘုန်းကြီးဆွမ်းကပ်ရင်း ခဏခဏကြည့်နေမိသည်။

ညီမလေးကတော့ သူ့ယောင်းမလောင်းလေးကို ဆွမ်းကပ်နေ





ရင်းတောင် သွားနှုတ်ဆက်နေသည်။ ဘာရယ်မဟုတ် ရတီတို့ဘက်ကို ချက်စိအရောက်မှာ အန်တီမြနဲ့ မနဒီ တစ်ဖက်လှည့်ပြီး ပသိဟန်ဆောင်နေပေမယ့် ရတီကတော့ တကယ့်ကို ရိုးသားတဲ့မျက်နှာလေးနဲ့ ဘာကိုမှ သိပုံမရအောင် ပြုံးပြုံးလေးရှိနေသည်။

ဆွမ်းကပ်ပြီးတာနဲ့ သံဃာတော်တွေကို ကားပေါ်အရောက် လိုက်ပို့ပေးပြီး ရှင်းသန့်ဘုံ အပြေးအလွှား နန်းထွတ်ထားတို့နား ထိုင်လိုက်ပြီး...

''အဘွားတို့က နောက်ကျလိုက်တာ၊ ညီမလေးကလည်း စိတ်ပူနေတာ''

''လာမှာပေါ့ သားရယ်၊ အဘွားတို့ တရားနာမှီတယ်''

''တော်သေးတာပေါ့၊ စိတ်ကမဖြောင့်ဘူးလေ''

အန်တီ့မျက်နှာသည် ပြုံးရွှင်နေသလို အဘွားမျက်နှာကြီးလည်း ထိန်နေတာကြည့်ပြီး ထွတ်ထား ကျေနပ်နေသည်။ မလှမ်းမကမ်းမှာ ရတီတို့ မိသားစုရှိနေကြပြီး ထွတ်ထားကိုအရေးမလုပ်ဘဲ တခြားဧည့်သည်တွေနဲ့ ရယ်မောကာ စကားပြောနေကြသည်။

မမနဒီနဲ့ မမပိုသည် ငယ်ငယ်လေးကတည်းက တွဲလာပြီး သိခင်ကြသလို စရိုက်ချင်း စိတ်နေသဘောထားချင်းလည်း တူကြသည်။

လူငယ်ချင်း ခင်ပေမယ့် မာနကြီးတဲ့ မမနဒီတို့မိခင် အန်တီမြကတော့ အဘွားတို့ အန်တီလင်းတို့ကို မျက်နှာချင်းဆိုင်တွေ့မှသာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတတ်လို့ နှုတ်ဆက်တတ်ပြီး ကျန်အချိန်များမှာဆို လုံးဝမယ်
တဲ့ပုံစံမျိုးနဲ့နေသည်။

မမနဒီကလည်း အပျိုတုန်းက မမပိုနဲ့ အိမ်လိုက်လာရင် ထွတ်
ထားကို မတူမတန်သလို စကားတောင်အဖက်လုပ်ပြီးသာ မပြောတာ
ထွတ်ထားချက်တဲ့ဟင်းမှန်သမျှကိုတော့ ခပ်တည်တည်နဲ့ စားတတ်သည်။

"ထိုင်ကြနော်၊ လူရင်းတွေပဲ အေးအေးဆေးဆေးမှ စားကြတာ
ပေါ့"

လူကြီးသည် အဘွားနဲ့ အန်တီလင်းကိုသာ ပြောနေတယ်
သူ့မျက်လုံးတွေကတော့ ထွတ်ထားမှာချည်းပဲဆိုတာ အဘွားနဲ့အန်
လင်းလည်း သိနေသည်။

"ရတယ် ရှင်းသန့်ဘုံ၊ လုပ်စရာရှိတာ လုပ်ပါ၊ အဘွားတို့က
တခြားသူတွေမှ မဟုတ်တာ"

အဘွားသည် ဂုဏ်ယူဝင့်ကြွားသော အသံကြီးနဲ့ အန်တီလ
ရှေ့မှာ တမင်ပြောနေတာ သိတော့ ပြုံးစိစိလုပ်နေတဲ့ ထွတ်ထား
လူကြီးက သူ့ပြုံးပြတယ်ထင်ပြီး ပြုံးကြည့်နေသေးသည်။

ထမင်းစားကြတော့ လူကြီးနဲ့ နှည့်သည် အန်တီလင်းတပ်
ဘဲ အားလုံးသိအောင် ထွတ်ထားတို့နဲ့ တစ်ဝိုင်းတည်း ဝင်စော
ထွတ်ထားကိုပဲ အရိပ်တကြည့်ကြည့်လုပ်နေတော့ ကြော်ငြာစရာ
အောင် အားလုံးသိကုန်ကြသည်။





အဘွားနဲ့ အန်တီလင်းကိုလည်း အရေးပေး ဂရုစိုက်နေတာ
တခြားသူကြည့်မရအောင် များနေသည်။ အန်တီဒေါ်မြချယ်တို့ သားအမိ
တွေသည် လူကြီးတို့မောင်နှမနဲ့ တခြားဧည့်သည်တွေကို ပြုံးရွှင်ရယ်မော
ပြီး စကားပြောနေပေမယ့် အဘွားနဲ့အန်တီလင်းကို အရေးမလုပ်၊ မသိ
ဟန်ဆောင်နေတော့ ထွတ်ထားစိတ်မကောင်းဖြစ်သွားသည်။

သူတို့ကသာ သိသိသာသာ မလိုတမာဖြစ်ပြီး နှုတ်မဆက်နိုင်
ပေမယ့် တခြားအိမ်နီးချင်းတွေနဲ့ ဧည့်သည်တွေကတော့ လူကြီးတို့မောင်
နှမ အရေးပေးဂရုစိုက်နဲ့ ထွတ်ထားတို့ကို လာနှုတ်ဆက်လွန်းလို့ သုံး
ယောက်လုံး အာတွေတောင် ညောင်းနေပြီ။

အန်တီဒေါ်မြချယ်တို့ သားအမိတွေသည် ထွတ်ထားတို့နဲ့ ပြိုင်
ကာ ထမင်းစားအချိုစားပြီး တော်တော်ကြာတဲ့အထိ မပြန်သေးဘဲ စကား
ပြောနေကြသည်။

မရတီသည် မျက်နှာပျက်ပြီး ပြန်ချင်နေပုံရသော်လည်း မအေ
ကို ကြောက်ရတဲ့အတွက် ငြိမ်ငြိမ်လေးထိုင်နေသည်။ အန်တီဒေါ်မြချယ်
သည် မပြန်သေးရုံတင်မဟုတ်ဘဲ လူကြီးရှင်းသန့်ဘုံနဲ့ နှုးညံ့ကိုပါ သူတို့
ဝိုင်းမှာ ခေါ်ပြီး စကားပြောနေတော့ ထွတ်ထားစိတ်ထဲ တစ်မျိုးဖြစ်လာ
သည်။

"အမေ... မမြချယ်တို့ သားအမိတွေကတော့ ကျွန်မတို့ကို
ညာပြနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီလင်း အဘွားကိုပြောတော့ အဘွားခေါင်းညိတ်ပြီး…

''ကိစ္စမရှိပါဘူး သမီးရယ်၊ ရှုံးမဲမဲနေတဲ့ သဘောပါ''

''ပြန်ကြရအောင်၊ အဘွားနဲ့ အန်တီလင်း''

''ဟဲ့… ဘာလို့ပြန်ရမှာလဲ၊ ဒီနေ့အဖို့ မမြချယ်တို့ မပြန်မချင်း ပြန်ကိုမပြန်ဘူး''

အန်တီလင်း ဒီလိုတော့လည်း တူမဘက်က မခံချင်စိတ်နဲ့ တင်းနေသည်။

''သမီးလေးကလည်း ဘာလို့ပြန်ရဦးမှာလဲ၊ ရှင်းသန့်ဘုံက မပြန်နဲ့ဦး ပြောထားတဲ့ဟာ၊ သမီးလင်းလင်းပြောသလို မြချယ်တို့သား အမိတွေ မပြန်မချင်း မပြန်ဘူး။ မိပိုသူငယ်ချင်း နဒီဆိုတဲ့ကောင်မလေး ကလည်း ရှိုင်းလိုက်တာနော်၊ တို့တောင် မနှုတ်ဆက်ဘူး''

''နေပါစေ အမေရယ်၊ သူလည်း သူ့ညီမအတွက် အပူသောက တွေ လောင်နေပြီပေါ့၊ ဟိုမယ် ရှင်းသန့်ဘုံ လှည့်ကြည့် လှည့်ကြည့်နဲ့ စိတ်မဖြောင့်ဖြစ်နေတယ်''

သူကလည်း စိတ်မဖြောင့်ရင် ထလာတာမဟုတ်ဘူး''

ထွတ်ထား တစ်ချက်လှမ်းကြည့်ပြီး ခပ်တည်တည်နဲ့ပြောတော့ အဘွားပြုံးပြီး…

''ကိုယ်က အနိုင်ရနေတဲ့သူပဲ သမီးရယ်၊ သည်းခံလိုက်ပေ ပါ''





''ဟိုမှာ ရှင်းသန့်ဘုံလာနေပြီ''

အန်တီလင်းပြောတော့ ထွတ်ထားလှည့်မကြည့်ပေမယ့် ကျေနပ်သွားသည်။

ဒီနေ့ကတော့ အန်တီဒေါ်မြချယ်တို့နဲ့ ပြိုင်ပွဲတစ်ခုဖြစ်သွားခဲ့ပြီး အပြတ်အသတ်ရှုံးသွားတဲ့ သူတို့ရဲ့ မခံချိမခံသာမျက်နှာပေးတွေကို ထွတ်ထား မေ့လို့ရမှာမဟုတ်သလို လူကြီးရဲ့ ဂရုစိုက်မှုတွေကိုလည်း ဘယ်တော့မှ မေ့လို့ရမှာမဟုတ်တော့ပါဘူး။

*

''နဒီ မကျေနပ်ဘူး မေမေ၊ ဒီကိစ္စကို လုံးဝမကျေနပ်ဘူး''

''မေမေက ပိုဆိုးတာပေါ့ သမီးရယ်၊ မေမေတို့ဘဝမှာ ဘယ်တုန်းက အရှုံးဆိုတာ ရှိခဲ့ဖူးလို့လဲ''

''ဟုတ်တယ်၊ ရှုံးခဲ့တယ်ဆိုရင်တောင် ကိုယ့်ထက်သာရင် ခံသာ သေးတာပေါ့၊ အခုတော့ ဘာမဟုတ်တဲ့ဟာနဲ့ဆိုတော့ ညီမလေး သိက္ခာကျတယ်''

ဟိုဘက်အလှူအိမ်က ပြန်လာပြီးတာနဲ့ မေမေတို့ဒေါသတွေ ထွက်နေတာသည် ပြီးကိုမပြီးနိုင်တော့ပါ။ ဘာမှ ကြီးကြီးကျယ်ကျယ် ကိစ္စမဟုတ်သလို ကာယကံရှင် ရတီကိုယ်တိုင်တောင် စိတ်ထဲကသိ



www.burmeseclassic.com

www.burmeseclassic.com



ကအောက်ဖြစ်ပေမယ့် နေသာသလိုနေနိုင်သေးသည်။

မနီးမဝေးမှာ စာဖတ်နေတဲ့ ဖေဖေလည်း နားငြီးနေပုံရအောင် မကြာခဏကြည့်နေပေမယ့် ထုံးစံအတိုင်း ဖေဖေ့ကို ဂရုမစိုက်တဲ့ မေမေ သည် အရေးကိုမလုပ်ပါ။

"နဒီ တစ်ခုခုလုပ်ရမှ ကျေနပ်မယ် မေမေ"

"သမီးက ဘယ်လိုလုပ်ချင်လို့လဲ"

"ပိုပိုနဲ့ တိုင်ပင်လို့လည်း ရမှာမဟုတ်တော့ဘူး။ ဒီနေ့ဆိုတာ မလင်းအေးနဲ့ သူ့အမေမျက်နှာကြီးကို မေမေ အရမ်းအသည်းယားတာ သမီးရယ်"

"နန်းထွတ်ထားနဲ့ ညီမလေးကိုယှဉ်ရင် တစ်ရာမှာတစ်ရာလုံး က ညီမလေးရတီကိုပဲ ရွေးမှာပါ၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"မမနဒီရယ်... သူကြိုက်ချင်တဲ့သူကို ကြိုက်တာ ဘာတစ်ခု ဖြစ်ရဦးမှာလဲ"

ရတီ မနေနိုင်တော့ပါ။ မေမေနဲ့ မမနဒီ အလကားနေ ရှုပ် အတွက်နဲ့ အကုသိုလ်တွေ များနေမှာလည်း မလိုလားပါ။ ရတီ အေး အေးဆေးဆေးပဲ နေချင်ပါတယ်။ ရှင်းသန့်ဘုံဆိုတဲ့လူကို ဘာတစ်ခု ပြောစရာမရှိတဲ့အတွက် မေမေလည်း အရမ်းသဘောတူနေတော့ သူကသာ စိတ်ပါရင် လက်ခံဖို့အသင့်ဖြစ်ပေမယ့် ကိုယ့်ကိုမနှစ်သက်ဘဲ အပြင် တခြားမိန်းကလေးတစ်ယောက်ကို နှစ်သက်မြတ်နိုးနေတာသိလျှ





ဖို့တော့ မက်မက်စက်စက်မရှိတော့တာ အမှန်ဖြစ်သည်။

"ညီမလေး၊ အသာနေစမ်းပါ"

"ညီမလေးကလည်း၊ ကိုယ့်ကိုစိတ်မဝင်စားတဲ့သူကို မက်မော နေပါဘူး"

"မှန်တယ်၊ ညီမလေးအနေနဲ့ မစံမြို့မစံသာဖြစ်မယ်ဆိုလည်း ဖြစ်စရာပဲလေ"

"ညီမလေး ဘယ်လိုမှမနေပါဘူး မမနဒီ၊ သူ့ထက်သာတာတွေ အများကြီးရှိပါတယ်"

"ရှင်းသန့်ဘုံလို အဖက်ဖက်က သာတဲ့လူမျိုးမရနိုင်တော့ဘူး သမီး"

"တခြားမိန်းမတစ်ယောက်ကိုမှ သဘောကျနေတဲ့ သူ့ကို သမီး က ဘာလုပ်ရမှာလဲ၊ သမီးက မင်းသမီးပဲဖြစ်ချင်တယ် မေမေ၊ ဗီလိန် ဖြစ်ချင်ဘူး"

"ကြံကြံဖန်ဖန်ကွယ်၊ မေမေ့သမီးလေးရုပ်က ဗီလိန်ရုပ်လား။ ဒါသဖြစ်စရာကောင်းတာက ကိုယ်နဲ့ဘယ်လိုမှ အဆင့်အတန်းချင်းမတူ တဲ့ နန်းထွတ်ထားကို ရှင်းသန့်ဘုံ စိတ်ဝင်စားနေတာ သွေးရိုးသားရိုး တော့မဖြစ်နိုင်ဘူး"

"အိစီကလီလုပ်ပြနေလို့ ဖြစ်မှာပေါ့ မေမေရဲ့"

"ဒါကြောင့် သမီးလေးကို မေမေပြောပြောနေရတာ၊ အခုခေတ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေက ရိုးရိုးအေးအေးတွေဆို သိပ်စိတ်မပါတော့ဘူး ဒါမျိုးတွေလုပ်ပြမှ ကြိုက်ကြတာ''

မေမေ ဟန်အမူအယာနဲ့ တစ်ကိုယ်လုံး လှုပ်ပြတော့ ရတီ ဖေဖေ့ကို အားနာစွာ ကြည့်လိုက်သည်။ ဖေဖေ စာအုပ်ပစ်ချပြီး နောက်ဖက်ဝင်သွားသည်။

''သူက တစ်မျိုး ရှေ့ကလည်း ဦးမဆောင်ဘူး သူများဦးဆောင်နေတော့လည်း မကြိုက်''

''ကဲပါ မေမေရယ်၊ အဲဒီကိစ္စတွေ မေ့လိုက်ပါတော့''

''ဘယ်မေ့လို့ဖြစ်မလဲ ညီမလေးရဲ့''

''သူနဲ့တန်တဲ့သူ သူရွေးတာ ရတီတို့အနေသာကြီးပါ''

''ညီမလေး အသာနေစမ်းပါ''

''ရတီ ရှင်းသန့်ဘုံဆိုတဲ့ လူကို စိတ်လည်းမဝင်စားတော့ဘူး တကယ်လို့ သူက လက်ထပ်ချင်ပါတယ်ဆိုရင်တောင် ဆောရီးပဲ''

ဒေါ်မြချယ် သမီးငယ်ကို ကြည့်ပြီး သက်ပြင်းချလိုက်သည်။

''မေမေ အေးအေးဆေးဆေးနေပါ''ဆိုတဲ့ ပုံစံနဲ့ နဒီမောင်မောင် မိခင်ဖြစ်သူကို ကြည့်လိုက်သည်။

❋ ❋ ❋



## အခန်း(၁၆)

ရှင်းသန့်ဘုံကားလေး လမ်းထိပ်အရောက် လမ်းမကြီးမှ သွားနေတဲ့ ကားအရှင်းကို စောင့်ပြီး ကားရှင်းတာနဲ့ ကွေ့အချတွင် ရုတ်တရက် လမ်းဖြတ်ကူးတဲ့ မိန်းကလေးတစ်ယောက်ကြောင့် မျက်လုံးတွေပြာပြီး ကားစတီယာရင်ကို ဆွဲကွေ့ကာ ဘရိတ်ကိုစောင့်နင်းချလိုက်တဲ့ အသံကြီးသည် ကျယ်ကျယ်လောင်လောင် ထွက်လာသည်။

ရှင်းသန့်ဘုံ ဘုရားတရင်း ကမန်းကတန်း အောက်ဆင်းလိုက်သည်။ အသက် ၂၀ ဝန်းကျင် ကောင်မလေးသည် လက်ကိုင်အိတ်တစ်ခြား ပျားလိမ္မော်သီးတွေထည့်ထားတဲ့အိတ် (တချို့ပျားလိမ္မော်လုံးလေးတွေသည် ကတ္တရာလမ်းပေါ် တလိမ့်လိမ့်နဲ့) တခြားစီဖြစ်ကာ မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့ပြီး သူမ ခြေသလုံးလေးကို ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားသေးလဲဟင်"

ကိုယ့်အဖြစ်လွတ်ပေမယ့် တာဝန်အရတော့ မေးရသေးသည်။

"ဘာဖြစ်တာလဲ"

"ကားတိုက်တာလား"

အသံတွေနဲ့အတူ လူ သုံးလေးယောက် အနားရောက်လာကာ ရှင်းသန့်ဘုံကို ကြည့်နေကြသည်။

"ဘာမှမဖြစ်ပါဘူး။ ကျွန်မ အမှားပါ၊ ဒီက အစ်ကို့ကားကွေ့မယ်မထင်သေးလို့ အလောတကြီး လမ်းဖြတ်ကူးတာ ကျွန်မအဖြစ်ပါ၊ ဒီအစ်ကိုနဲ့ မဆိုင်ပါဘူး"

ရှင်းသန့်ဘုံ တစ်ခုခုပြောဖို့ မဟာခင် ကောင်မလေး တောက်လျှောက်ပြောသွားတော့ ဆွမ်းကြီးလောင်းချင်တဲ့ လူသုံးလေးယောက် ပေစောင်းစောင်းကြည့်ပြီး ထွက်သွားကြသည်။

ဖါတောင် လူရှင်းတဲ့ သီးသန့်ရပ်ကွက်မို့ ဒီလောက်နဲ့ပြီးသွားတာ။ ရှင်းသန့်ဘုံ သက်ပြင်းချပြီး အရပ်ထိ မထသေးတဲ့ ကောင်မလေးကို ကြည့်ကာ...

"ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူး"

"မဖြစ်ဘူးသာ ပြောတယ်၊ ထလည်းမထဘူး။ မျက်နှာလည်း ရှုံ့မဲ့နေတာပဲ"





"ကားကြောင့် ဘာမှမဖြစ်ဘူး။ ညီမဘာသာ ခြေထောက်ခေါက်ထဲသွားလို့ ထလို့မရဖြစ်နေတာပါ"

"အဲဒါ ဘယ်လိုလုပ်မလဲ"

"နည်းနည်းလောက် တွဲထူပေးပြီး ကားဂိတ်လိုက်ပို့ပါလား"

"ရတယ်လေ၊ တို့လိုက်ပို့ပေးမယ်၊ ဘယ်ကိုပြန်မှာလဲ"

"ခြောက်မိုင်ခွဲကို ပြန်မှာပါ"

ရှင်းသန့်ဘုံ တွဲထူတော့ ကောင်မလေး တအင်းအင်း၊ တအားအားနဲ့ အလိုက်သင့်မှီတွဲထားသည်။ ကောင်မလေး ကားပေါ်မှာ ထိုင်ပြီးအားနဲ့ လက်ကိုင်အိတ်သာ အမိအရကောက်ယူသွားတဲ့အတွက် တစ်လုံးစီငြိမ်နေတဲ့ ပျားလိမ္မော်တွေကို လိုက်ကောက်ပြီး ဒက်ရှ်ဘုတ်ပေါ် တင်ကာကောင်မလေးပြောတဲ့ ခြောက်မိုင်ခွဲဘက် မောင်းလာခဲ့သည်။

"မင်းခြေထောက် ဆေးခန်းပြမှဖြစ်မယ်ထင်တယ်"

"ရပါတယ် အစ်ကို ဒီလောက်ထိ လိုမယ်မထင်ပါဘူး။ မသကာမင်းတစ်နှစ်လောက်တော့ တော်ရင်တော်မယ်"

"ဘယ်လို"

ရှင်းသန့်ဘုံ ကောင်မလေးစကားကို နားမလည်သလိုမေးပြီး အမောင်းရင်း သူမဘက်လှည့်ကြည့်လိုက်သည်။

"နားရှုပ်သွားလား။ ဒါနဲ့ အစ်ကို့နာမည် ဘယ်လိုခေါ်လဲ"

"ရှင်းသန့်ဘုံပါ"



www.burmeseclassic.com

www.burmeseclassic.com



''အစ်ကို ရှင်းသန့်ပေါ့''

''စောစောက စကားကို ဆက်ပါဦး''

''ဪ... ညီမနာမည်က ခြွေဦးသခင်ပါ၊ ခြောက်မိုင်ခွဲ
၂ အဆောင်မှာ နေပါတယ်၊ အလုပ်က နာမည်ကြီးစားသောက်
ဆိုင်တစ်ခုမှာ အဆိုတော်ဆိုပါတော့၊ အခုအသိတစ်ယောက်ဆီက အ
ဒီလိုဖြစ်တော့ ဒီည သီချင်းသွားမဆိုနိုင်တော့ဘူးလေ၊ ဒီည သီချင်းသွား
မဆိုနိုင်တော့ဘူးဆိုတော့ မနက်ဖြန်ထမင်းငတ်ပြီလို့ပြောတာပါ''

ရှင်းသန့်ဘုံ ခြွေဦးသခင်ဆိုတဲ့ ကောင်မလေးကို အရမ်းသနား
သွားသည်၊ ပွင့်ပွင့်လင်းလင်းပြောတတ်တဲ့ သူမကိုလည်း သဘောကျသွား
သည်၊

''ဒီလောက်တောင်ပဲလား၊ တို့ကြားဖူးတာကတော့ စားသောက်
ဆိုင်မှာ သီချင်းဆိုတဲ့ မိန်းကလေးတွေဟာ အရမ်းငွေထောတာတဲ့၊
ကုံးတစ်အစ္စုပ်ခံရရင် သောင်းချီရတာဆို၊ မင်းလိုချောချောလှလှလေး
ယောကျ်ားတွေ ပိုသဘောကျမှာပါ''

''အရင်ကတော့ ဟုတ်ပါတယ်၊ အခုက ကိုယ့်ထက်ချော
ယ်တာလေးတွေက ပိုသွက်နေတော့ ညီမတို့က ထမင်းစားလောက်
ရတော့တာ''

''မင်းမှာ မိဘတွေမရှိဘူးလား''

''ရှိတယ်၊ ညီမ မိဘတွေက တောသူတောင်သားတွေပါ''





ရှင်းသန့်ဘုံ ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ရင်း ရုတ်တရက်
အကြံရကာ...

''မင်း ငါတို့ဆိုင်မှာ အလုပ်လုပ်မလား''

''ဘာဆိုင်လဲ အစ်ကို''

''မိနီမတ်ကတ်ပဲ၊ သုခဘုံ မီနီမတ်ကတ်ဆိုတာ ကြားဖူးလား''

''ဒီလောက် နာမည်ကြီး မတ်ကတ်ကြီးကို မကြားဖူးပဲနေမလား၊
ဒါပေမဲ့ မလုပ်ချင်ပါဘူး''

''ဘာဖြစ်လို့လဲ၊ မင်းအလုပ်ထက်စာရင် အများကြီး ဝ္ကန္ဓြေရှိ
ပါတယ်''

''ဘာလဲ၊ အစ်ကို ရှင်းသန့်က စားသောက်ဆိုင်မှာ သီချင်းဆို
တာကို ဝ္ကန္ဓြေမရှိဘူးလို့ ပြောတာလား''

''ဝ္ကန္ဓြေမရှိဘူးဆိုတာ မင်း စောစောကပြောသလို အရင်က
မင်းဝင်ငွေကောင်းတယ်၊ အခုနောက်အသစ်တွေကြောင့် စားလောက်ရုံပဲရ
တယ်၊ ရှေ့လျှောက်နောက်ထပ်အသစ်တွေထပ်ရောက်လာရင် ဆိုင်ရှင်က
အလိုရှိမှာမဟုတ်တော့ဘူးလေ၊ ဒါကိုပြောတာပါ၊ ဒါပေမဲ့ မင်းသဘောပါ၊
တို့ မင်းကို တစ်ခုတော့ ကူညီပါရစေ၊ ဒါကိုတော့လက်ခံပါ''

''ဘာကိုလဲ အစ်ကိုရှင်းသန့်''

သူမပြောတဲ့ အဆောင်ရှေ့ကိုလည်း ရောက်နေပြီမို့ ရှင်းသန့်ဘုံ
ကားရပ်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



''ရော… ခြေဦးသခင် မင်းကို တို့ညီမလေးတစ်ယောက်လို သဘောထားပြီး ကူညီတာမို့ ဒါလေးကိုတော့ လက်ခံပါ''

ရှင်းသန့်ဘုံပေးတဲ့ ထောင်တန်အရွက်နှစ်ထယ်ကို သူမ လှမ်းယူပြီး ကျေးဇူးတင်တဲ့မျက်ဝန်းတွေနဲ့ ကြည့်နေသည်။

''သွားမယ်နော်''

''ကျေးဇူးတင်ပါတယ် အစ်ကို''

ရှင်းသန့်ဘုံ ခေါင်းညိတ်ပြလိုက်သည်။ ခြေဦးသခင်ဆိုတဲ့ ကောင်မလေးအဆောင်ထဲမဝင်သေးဘဲ ရပ်ကြည့်နေတာ နောက်ကြည့်မှန်ထဲမှ မြင်နေရသည်။ ရှင်းသန့်ဘုံ သက်ပြင်းချလိုက်သည်။

မိဘကလည်း ဆင်းရဲပြီး ကိုယ့်ဝမ်းကိုယ်ကျောင်းနေရတဲ့ ခြေဦးသခင်တို့လို မိန်းကလေးတွေ ဒီလောကကြီးမှာ အများကြီးရှိမှာပါ။ ကိုယ့်ညီမလေးနဲ့ ကိုယ်ချင်းစာပြီး သနားနေမိသည်။

*

''နန်းထွတ်ထား''

''ဘာလဲ လူကြီး''

ထွတ်ထားနဲ့ လူကြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးရယ်လိုက်သည်။





''တို့နှစ်ယောက်က ချစ်သူတွေသာဆိုတယ်၊ ညီမလေးပြောသလို ကဗျာမဆန်လိုက်တာနော်''

''လူကြီးက ဘာတွေ ကဗျာဆန်ချင်သေးလို့လဲ''

''တို့ကို ကိုကိုလို့ ခေါ်ကြည့်ပါလား''

''ခေါ်ချင်ပါဘူး''

''တို့လည်း နန်းထွတ်ထားလို့ မခေါ်ဘဲ ထားလို့ခေါ်မယ်လေ''

''ဟင်… အဲလိုကြီးမခေါ်ပါနဲ့၊ နားထောင်ရတာ တစ်မျိုးကြီးပဲ''

''ကိုယ့်ချစ်သူကို ချစ်စနိုးခေါ်တာပဲ ထားရဲ့''

''ပြီးရော၊ ပြီးရော၊ ထွတ်ထားကတော့ လူကြီးပဲ ခေါ်မှာပဲ''

ထွတ်ထားကို ဖွတ်မပြောတော့ဘဲ လူကြီး ခေါင်းညိတ်ပြသည်။ ဒီလိုတော့လည်း ထွတ်ထားဘဝက ပျော်စရာကောင်းနေပြန်သည်။ လူတွေရဲ့ ကုသိုလ်ကံတွေဟာ ဆန်းကြယ်သားလို့ ထွတ်ထား တွေးနေမိသည်။

မရတီကို ဘာတစ်ခုမှ ယှဉ်လို့မရတဲ့ ထွတ်ထားသည် လူကြီးအချစ်ကိုလည်း မရနိုင်ဘူးထင်ကာ အားငယ်နေသမျှသည် လူကြီးက ထွတ်ထားကိုပဲ ရွေးချယ်ရုံတင်မက အခုဆို အန်တီလင်းကိုပါ လာခွင့်တောင်းပြီးပြီ။

စိတ်ထားကောင်းတဲ့ အန်တီလင်းကတော့ တူမအတွက် ဝမ်းသာအားရ လက်ခံသလို ဂုဏ်လည်းယူနေသည်။ လူကြီးက လက်ထပ်ခွင့်ပေးမယ့် မြန်သေးတဲ့အတွက် လာမယ့်နှစ် သီတင်းကျွတ်မှ လက်ထပ်ဖို့ ထွတ်ထား တောင်းပန်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားကတော့ထွတ်ထားအတွက် ပျော်လွန်းလို့ ဖျပ်လတ်တက်ကြွနေသည်။ လူကြီးသည် ထွတ်ထားအပေါ်မှာတင်မဟုတ်ဘဲ အဘွားနဲ့ အန်တီလင်းအတွက်ပါ အရမ်းအလိုက်သိလွန်းသည်။ နောက်ဆုံး ပိန့်မကိုကအစ အလိုက်သိတော့ ထွတ်ထားတို့အိမ်မှာ လူကြီးနာမည်သည် မပါမဖြစ်ပါနေသည်။

မမပိုသည် သိသာစွာ အိမ်ကိုတောင်သိပ်မလာတော့ပါ။ မြင်မနေလာတဲ့အခါဆိုလည်း ထွတ်ထားကို စကားမပြောသလို ဘာတစ်ခုမှလည်း မခိုင်းတော့ပါ။

အစ်ကိုနှစ်ယောက်နဲ့ ယောင်းမတွေကတော့ ထွတ်ထားအတွက် ဝမ်းသာကြောင်း ပြောရှာပါသေးသည်။ လူကြီးသည် အင်မတန်ပါးနပ်သူဖြစ်တဲ့အတွက် မမပို ထွတ်ထားအပေါ် ဆက်ဆံတာတွေကို ဘယ်သူမပြောပေမယ့် သူ့ဟာသူသိကာ မမပိုနဲ့ မျက်နှာချင်းဆိုင်တွေ့တာတောင် ဟက်ဟက်ပက်ပက်မရှိပါ။

ဒီလိုတော့လည်း မဖြစ်စေချင်ပါ။ မမပိုသည် ထွတ်ထားရဲ့အစ်မပဲ၊ သူ ထွတ်ထားကို ဘယ်လောက်မုန်းမုန်း ထွတ်ထား မမပိုကို မမုန်းပါ။ လူကြီးကိုတော့ ပြောပြရမှာပဲ။ မမပိုကို မမုန်းဖို့လေ။

"ဟော့… ဘာတွေတွေးနေတာလဲ"

ထွတ်ထား အတွေးလွန်သွားတော့ လူကြီး တိုးတိုးလေး မေးနေသည်။





"လူကြီးအကြောင်း"

"အောင်မလေး ထားကလည်းကွာ လန့်သွားတာပဲ"

ထွတ်ထား လူကြီးနားနား ကပ်အော်လိုက်တော့ လူကြီး လန့်သွားတာကိုကြည့်ပြီး အားရပါးရ ရယ်လိုက်သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

ရှင်းသန့်ဘုံ ကိစ္စတစ်ခုကြောင့် အိမ်တစ်ခေါက်ပြန်လာပြီး ကား ကို လမ်းထဲချိုးအကွေ့တွင် ရှေ့ကလျှောက်သွားတဲ့ ကောင်မလေး အသေအချာနောက်ကျောက ကြည့်ပြီး သူမကိုကျော်မောင်းကာ ပြန်လှည့် ကြည့်လိုက်သည်။

ရှင်းသန့်ဘုံ ကားဘဲ့စ်ဆုတ်လိုက်ပြီး

''ခြွေဦးသခင် ဘယ်သွားမလို့လဲ''

ခြွေဦးသခင် သူမကို နှုတ်ဆက်တဲ့ သူကို မျက်မှောင်ကုပ်ကြည့် ပြီး စဉ်းစားသလို လုပ်နေတော့ ရှင်းသန့်ဘုံ အသည်းယားသွားသည်။

''မင်းက အသက် ၁၀၀ ကျော် အဘွားကြီးကျနေတာ





မင်းနဲ့ငါ တွေ့ခဲ့တာ တစ်ပတ်တောင် မပြည့်သေးဘူး၊ မမှတ်မိဘူးဆို တော့ နေတော့ကောင်းပါတယ်နော်''

ဒီတော့မှ သတိရသွားသလို သူမပြုံးပြီး…

''ခွင့်လွှတ်ပါ အစ်ကိုရယ်၊ ညီမက အစ်ကိုတို့လို အလုပ်တစ်ခု တည်းကို တသမတ်တည်း လုပ်နေတဲ့သူမဟုတ်တဲ့အတွက် ရုတ်တရက် မမှတ်မိဖြစ်သွားတာပါ''

''ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့ အစ်ကိုရယ်၊ တစ်နေ့လုပ်တစ်နေ့စားရတဲ့ ညီမ တို့အဖို့ ပိုက်ဆံရဖို့ထက် ဘာကိုမှ စိတ်မဝင်စားနိုင်ပါဘူး''

သူမ မျက်နှာငယ်လေးနဲ့ ရှင်းပြတော့လည်း ကျေနပ်သွားရ သည်။

''ဒါပေမဲ့ အစ်ကို့ကျေးဇူးကိုတော့ ညီမ မမေ့ပါဘူး၊ အစ်ကိုက ဒီနားမှာ နေတာလား''

''ဟုတ်တယ်၊ ဟိုရှေ့က သုခဘုံရိပ်မြုံဗိမာန် တို့အိမ်ပဲ''

''သြော်… သုခဘုံဆိုတဲ့အတိုင်း အစ်ကိုတို့ဘဝမှာတော့ ချမ်း သာမှုတွေနဲ့ချည်းပဲ ပြည့်နေမှာပေါ့နော်''

''ဘဝပေးတဲ့ကံပေါ့လေ''

''အဲဒီကံက ညီမတို့အတွက်တော့ အစွန်းအစလေးတောင် ပါမလာဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



''ကဲပါ တော်ပါတော့၊ အခု ဘယ်သွားမလို့လဲ''

''အသီတစ်ယောက်အိမ်ပါ''

''ဒီလမ်းကပဲလား''

''ဟုတ်ကဲ့ အစ်ကို''

''အဲဒါဆိုလည်း အချိန်ရှိတုန်း ရှာလိုက်လေ၊ တို့က လူသစ်ဆိုတော့ ဒီလမ်းထဲက လူတွေကို မသိဘူး။ တစ်ခုတော့ သတိပေးလိုက်ဦးမယ်၊ ရှာတာလည်းရှာပေါ့၊ ကားလေးဘာလေးလည်း သတိထားဦး''

ရှင်းသန့်ဘုံ ပြောပြီးတာနဲ့ ဂီယာထိုးလိုက်စဉ်...

''ခဏ အစ်ကို၊ အပန်းမကြီးဘူးဆိုရင် ဖုန်းနံပါတ်လေး ပေးခဲ့ပါလား။ အစ်ကို့ဆိုင်မှာ ဝင်လုပ်သင့်ရင်လည်း လုပ်ရအောင်လို့''

ရှင်းသန့်ဘုံ အသင့်ရှိနေတဲ့ လိပ်စာကဒ်လေးတစ်ခု လှမ်းပေးပြီးတာနဲ့ ကားလေး မောင်းထွက်ခဲ့သည်။

*

ညီမလေး ဖုန်းဆက်ခေါ်တော့ ရှင်းသန့်ဘုံက မောင်နှမနှစ်ယောက် အနားယူတဲ့ သီးသန့်ခန်းထဲက ထွက်လာခဲ့သည်။ ညီမလေး ထိုင်နေတဲ့ ကောင်တာဘေးက ခုံတစ်လုံးမှာ ထိုင်နေတဲ့ မိန်းကလေးကို တွေ့တော့ ရှင်းသန့်ဘုံ ပြုံးလိုက်သည်။

''ခြွေဦးသခင်''





သူမ မျက်နှာငယ်လေးနဲ့ ထရပ်ပြီး အရိုအသေပေးတော့...

''ထိုင်ပါ''

သူမ ခပ်ရိုရိုလေး ထိုင်ပြီး မျက်လွှာလေးချထားသည်။

ရှင်းသန့်ဘုံ ညီမလေးနားက ကုလားထိုင်တစ်လုံးမှာ ထိုင်လိုက်ပြီး ညီမလေးလှမ်းကြည့်သည်။

''အလုပ်လာတောင်းတာလား ခြွေဦးသခင်''

''ဟုတ်ကဲ့''

''ဒါ ကိုညီမလေးလေ၊ သူခဘုံမိနီမတ်ကတ်ပိုင်ရှင် ခေါ်နှင်းသဲ့ဘုံပဲ မင်းအလုပ်လျှောက်ချင်ရင် ညီမလေးကို ပြောလည်းရပါတယ်''

''ဟို... ဒီကမမ မယုံမှာစိုးလို့ အစ်ကို့ကို ခေါ်ခိုင်းမိတာပါ''

''ဝင်ဝင်ချင်းဆို လခ (......) ပဲပေးတယ်၊ မင်း အဆင်ပြေပါ့မလား''

''တစ်ခုတည်းတော့ စားဖို့ဝတ်ဖို့ အဆောင်ခတို့နဲ့ အဆင်မပြေပါဘူး။ ဟိုအလုပ်ကိုလည်း မှေးပြီးလုပ်ထားမှရမယ်''

''ရတယ်လေ၊ ဒါက မင်းအပိုင်းပဲ၊ ဆိုင်အတွက်သတ်မှတ်ထားတဲ့ အချိန်အတွင်းရှိနေဖို့ အဓိကပဲ''

''ဟုတ်ကဲ့ပါ''

''ဘယ်တော့ စပြီးအလုပ်ဆင်းမှာလဲ''

''မနက်ဖြန်ပဲ စဆင်းမယ်''



www.burmeseclassic.com

www.burmeseclassic.com



''ရတယ်၊ မနက်ဖြန်ကို (၉)နာရီအရောက်လာခဲ့ပေါ့''

''ဟုတ်ကဲ့… ညီမကို ခွင့်ပြုပါဦး၊ အစ်ကို၊ မမ ခွင့်ပြုပါဦး''

''ကောင်းပါပြီကွယ်''

ရှင်းသန့်ဘုံ ခေါင်းပဲညိတ်ပြလိုက်တော့ ကောင်မလေး ပြန်သွားသည်၊

''သူက ဘယ်သူလဲ ကိုကို''

ရှင်းသန့်ဘုံ ခြွေဦးသခင်နဲ့တွေ့ခဲ့ သိခဲ့တဲ့အကြောင်းတွေ ညီမလေးကို ပြောပြလိုက်သည်။

''တို့အစ်ကိုလည်း အခုအိမ်ကိုရောက်မှပဲ မိန်းမလှလေးတွေနဲ့ သိလှချည်လား''

''သူ့ဟာသူ သိစရာအကြောင်းတွေက ဖန်လာတာကို ညီမလေးရဲ့''

''အရင်နေခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံး သူ့ဟာသူတစ်ခါမှ ဖန်မလာပါဘူး''

''ညီမလေးကလည်း''

''ထွတ်ထားနဲ့တိုင်မှာနော် ကိုကို''

''ကိုကို ဘာလုပ်လို့လဲ''

''ဒီကောင်မလေးကို အလုပ်ခန့်မလို့လား''

''အင်းလေ… ညီမလေးရှေ့ပဲ ပြောလိုက်ပြီကို၊ ဘာလဲ ညီမလေး သဘောမတူဘူးလား''

''မတူတာတော့ မဟုတ်ပါဘူး၊ သူက ငယ်ငယ်ချောချောလေး ဆိုတော့ ထွတ်ထား သဘောကျပါ့မလားလို့''

''ဘာဆိုင်လို့လဲ ညီမလေးရဲ့၊ ချို့တဲ့နေတဲ့သူတစ်ယောက်ကို ကူညီတာပဲ နန်းထွတ်ထားလည်း စိတ်ထားကောင်းတဲ့သူတစ်ယောက်ပါ''

''မိန်းကလေးတွေရဲ့ သဘောထားကို ကိုကို နားမလည်ပါဘူး၊ ညေးစားမထားဘူးတဲ့ ကိုကိုက ပိုနားမလည်တယ်၊ ဒီကောင်မလေးက ကိုကိုနဲ့ပတ်သက်ပြီး ရောက်လာတဲ့သူဆိုတော့ သွေးနိုးသားရိုးကော ဟုတ်ပါ့မလား''

''သူက အရမ်းဆင်းရဲတော့ ကိုကို့ရဲ့ ကြွယ်ဝမှုတွေကို မက်မောပြီး လာလုပ်တာကော မဖြစ်နိုင်ဘူးလား၊ စားသောက်ဆိုင်မှာ အဆိုတော်ဆိုကတည်းက နယ်နယ်ရရတော့ ဟုတ်မယ်မထင်ဘူး ကိုကို''

ရှင်းသန့်ဘုံ ဘာပြောရမှန်းမသိဖြစ်နေစဉ်…

''ကဲပါ ကိုကိုရယ်၊ သတိဆိုတာ ပိုတယ်တော့မရှိပါဘူး၊ ညီမလေးက စိုးရိမ်လို့ပါ၊ အခုခေတ်မိန်းကလေးတွေက သိပ်သွက်ကြတယ်လေ၊ ပိုက်ဆံသာရှိမယ်ဆို အဘိုးကြီးကိုလည်း ယူရဲကြတယ်၊ ကာမပိုင်ရှိတဲ့ယောကျ်ားတွေဟာလည်း သူတို့အဖို့ မဆန်းဘူး၊ ကိုကို့လို လူမျိုးဆိုတော့ ပြောမနေနဲ့တော့''

''အင်းပါ၊ ကိုကို သဘောပေါက်ပါတယ်၊ မနက်ဖြန်ကို ညီမ





ဆန်းသစ်ဦး၊ တာပေ

www.burmeseclassic.com

www.burmeseclassic.com



လေးပဲ ကောင်းမယ်ထင်တဲ့နေရာတစ်ခု စီစဉ်ပေးပြီး ပိုက်ဆံလိုတယ်ဆို ရင်လည်း ကြိုထုတ်ပေးလိုက်ပါနော်''

''ဟုတ်ကဲ့ ကိုကို''

*

အဘွား၊ အန်တီလင်းနဲ့ ထွတ်ထားတို့ ကော်ဖီသောက် မုန့်စား နေကြစဉ် မမပို ဒေါ်ကြီးမောကြီးနဲ့ ရောက်လာသည်။

''ပိုပို... လာ ကော်ဖီသောက်''

အန်တီလင်း လှမ်းခေါ်သလို ထွတ်ထားလည်း ပြုံးပြီး ကော်ဖီ ငှဲ့ပေးလိုကသ်ည်။ ထွတ်ထား ထဖို့ပြင်တော့ မမပို မလှမ်းမကမ်းမှာ ထိုင်လိုက်ပြီး

''ခဏထိုင်ဦး ထွတ်ထား''

ဘာပြဿနာရှာဦးမှာလဲ အတွေးနဲ့အတူ အဘွားကိုကြည့်တော့ အဘွား ဟန်မပျက် ကော်ဖီသောက်နေပေမယ့် မျက်နှာပေါ်မှာတော့ စိုးရိမ်ပူပန်မှုတွေ အထင်းသားတွေ့နေရသည်။

အန်တီလင်းလည်း စိုးရိမ်နေပုံနဲ့ အားလုံးကို ဝေ့ဝဲကြည့်နေ သည်။

''ဘာခိုင်းမလို့လဲ မမပို''





''ခိုင်းမလို့ မဟုတ်ပါဘူး။ ပြောစရာရှိလို့ပါ၊ ရှင်းသန့်ဘုံနဲ့ ညည်းတို့ ယူကြတော့မှာဆို''

''လိုပါသေးတယ် မမပို''

''ယူတော့ ယူမှာပဲ မဟုတ်လား''

''ဟုတ်ကဲ့ပါ''

မမပို မရယ်ချင်ဘဲ ရယ်လိုက်ပြီး...

''ညည်းအထင်ကြီးနေတဲ့ ရှင်းသန့်ဘုံက တကယ်တကယ်တော့ ကြောင်သူတော်ကြွက်သူခိုးကြီးပဲ''

''ရှင်''

ထွတ်ထား အံ့သြသွားသလို အဘွားလည်း မျက်နှာတစ်ခုလုံး ရှုံ့မဲ့ပြီး...

''ဘယ်လိုအကြောင်းကြောင့် ရှင်းသန့်ဘုံကို ဒီလိုစွတ်စွဲတာ လဲ ပိုပို''

''အကြောင်းရှိလို့ပေါ့ အဘွားရယ်၊ ပိုပို ကိုယ်တိုင် ရှင်းသန့်ဘုံ ကို အထင်ကြီးခဲ့တာ အမှန်ပဲ၊ အခု ရှင်းသန့်ဘုံက နာမည်ကြီးစား သောက်ဆိုင်မှာ သီချင်းဆိုတဲ့ ကောင်မလေးတစ်ယောက်ကို သူ့ဆိုင်မှာ အလုပ်ပေးထားတယ်လေ၊ ကောင်မလေးက ယယ်ယယ်ချောချောလေး မိထွတ်ထားထက် အများကြီး ပိုနုတယ်၊ အဲဒီကောင်မလေးက သူ့ကို အစ်ကို အစ်ကိုနဲ့ တစ်ဆိုင်လုံးက တစ်မျိုးထင်နေကြပြီတဲ့'



www.burmeseclassic.com

www.burmeseclassic.com



''ညည်းကို ဘယ်သူပြောတာလဲ မိပို''

''နဒီပြောတာ၊ သူတို့က ရှင်းသန့်ဘုံကို ရတီနဲ့ အသေအလဲ ပေးစားချင်နေတာလေ၊ ဒီသတင်းရပြီးကတည်းက နဒီတို့ နောက်ဆုတ်သွားပြီ၊ ဒီတော့ ညည်းပဲကျန်တော့တယ် မိထွတ်ထား''

''မြချယ်တို့ နဒီတို့ပြောတာဆိုရင်တော့ ငါမယုံဘူး''

''အဘွား... သူတို့က မဟုတ်ဘဲနဲ့ ပြောပါ့မလား။ အခု ရတီနဲ့တောင် သဘောမတူတော့ပါဘူးဆို ဟုတ်လို့ပေါ့''

''ဒါ ငါ့မြေးထွတ်ထား ရှင်းသန့်ဘုံကို စိတ်ပျက်သွားအောင် သက်သက်ပြောတာပဲဖြစ်မယ်၊ ငါ မယုံဘူး။ သမီးကို မယုံတာမဟုတ်ဘူး နော် ပိုပို၊ မြချယ်တို့ကို မယုံတာ''

''ဒါတော့ ပိုပိုလည်း မတတ်နိုင်ဘူး''

''ဒီမှာ မြေးလေးထွတ်ထား၊ ရှင်းသန့်ဘုံကို ရမ်းသမ်းမှန်းသမ်းနဲ့ သွားမစွတ်စွဲနဲ့နော်၊ ဒါမျိုးဆိုတာ ဟုတ်သည့်တိုင်အောင်တောင် ကြမ်းလို့မရဘူး''

''ဟုတ်တယ်ဆိုရင် အဘွားက ထွတ်ထားကို ခွင့်လွှတ်နိုင်းနေတာလား''

''မဟုတ်နိုင်ပါဘူး၊ ဟုတ်ခဲ့သည်ရှိသော် ပြောတာပါ၊ ဟုတ်ခဲ့ရင်လည်း ခွင့်လွှတ်သင့်တဲ့ကိစ္စဆိုရင်တော့ခွင့်လွှတ်ရမှာပေါ့၊ သမီးရယ် ဘာလို့လဲဆိုတော့ ရှင်းသန့်ဘုံလို အဖက်ဖက်က တော်တဲ့လူမျိုးကလည်း





ဒီခေတ်မှာ မရှိနိုင်ဘူးလေ''

''အဘွားရယ် ငွေက ရှာလို့ရပါတယ်၊ စာရိတ္တပျက်စီးနေတာတော့ ဘာနဲ့မှ ဆေးကြောလို့မရပါဘူး''

''ကဲပါ ဒါတွေက နောက်ထားပါ၊ လောလောဆယ် ထွတ်ထားကပဲ အစ်မပြောသလို ရှင်းသန့်ဘုံကို အလိမ္မာလေးနဲ့ မေးကြည့်ပါဦး''

အန်တီလင်းဝင်ပြောမှ ကိုယ်စီတိတ်ဆိတ်သွားကြသည်။ ထွတ်ထား ယုံရခက်သလို အပေါ်တက်ခဲ့သည်။ ထွတ်ထား ယုံရခက်လိုက်တာ လူကြီးရယ်၊ မဟုတ်ဘဲနဲ့တော့ မမပိုရော အန်တီမြချယ်တို့ကရော မပြောနိုင်ပါဘူး။

မနေ့က ထွတ်ထားကို လာကြိုတဲ့လူကြီးပုံကို မြင်ယောင်ကြည့်ရင်း ခေါင်းခါလိုက်သည်။ လူကြီးက ဒီလိုလူစားမျိုးမဟုတ်ပါဘူး၊ ဆိုင်မှာ အလုပ်ခန့်လိုက်တာဆိုတော့ နူးညံ့တော့သိမှာပဲ။

နူးညံ့နဲ့တောင် မတွေ့တာ သုံးရက်လောက်ရှိပြီ။ ထွတ်ထား နူးသွားဖို့ အောက်ဆင်းလာခဲ့သည်။

ဖုန်းဆက်နေတဲ့ မမပိုကြောင့် နူးညံ့ဆီ ဖုန်းဆက်ဖို့ ရည်ရွယ်ချက်ပျက်သွားသည်။ ခါတိုင်းအလုပ်များနေတဲ့ ရက်တွေဆိုလည်း ထွတ်ထားကို ကြိုဖို့အလုပ်ပျက်ကွက်တတ်တာ ဘယ်လိုမှ မနေပေမယ့် ဒီနေ့ လူကြီးမလာတာတော့ ထွတ်ထားရင်ထဲမှာ ဟာတာတာကြီးဖြစ်နေပြီး တုမ္ပဏီမှာလည်း ဘာလုပ်လုပ် အလွဲလွဲအချော်ချော်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဆင်းတော့ စောင့်နေကြနေရာမှာ လူကြီးကားကို မတွေ့တာနဲ့ ထွတ်ထားဆုံးဖြတ်ချက်ချကာ တက္ကစီငှားပြီး လူကြီးတို့ဆိုင်ကို လိုက်လာခဲ့သည်။

"ဟယ်... ထွတ်ထား မတွေ့တာကြာပြီနော်၊ ကိုကိုကော"

ထွတ်ထားကိုတွေ့တာနဲ့ နုညို ဝမ်းသာအားရ နှုတ်ဆက်ပြီး မေးလိုက်တော့ ထွတ်ထား အံ့သြသွားသည်။

"သူကဘယ်သွားလို့လဲ နုညို၊ ထွတ်ထားက သူမလာတာနဲ့ စိတ်ပူပြီးလိုက်လာတာ"

"မနက်က နိုင်ငံခြားက ကိုကို့သူငယ်ချင်းတစ်ယောက် ပြန်လာလို့လေ၊ အဲဒါနဲ့ ညနေစောစောသွားကြိုမယ်ဆိုပြီး သွားတယ်လေ၊ မတွေ့ဘူးလား"

"မတွေ့ဘူး နုညို ထွတ်ထားလည်း စောတာနဲ့ လိုက်လာတာ"

"လာ... ထွတ်ထားကို မတွေ့ရင် ကိုကို ပြန်လာမှာပါ၊ အတူတူပြန်ကြတာပေါ့"

ထွတ်ထား လိမ္မော်ရည် အေးအေးလေးကိုသောက်နေပေမယ့် ရင်ထဲမှာတော့ မအေးနိုင်ပါ။ နုညိုကိုပါ ဘယ်ကစမေးရမှန်းမသိအောင် နုညိုသည် ဘာကိုမှမသိတဲ့ပုံစံလေးနဲ့ ထွတ်ထားကို စကားတွေပြောနေသည်။

"ထွတ်ထား"





"ဟင်"

"ဘာဖြစ်နေတာလဲ၊ ထွတ်ထားကို ကြည့်ရတာတစ်မျိုးပဲ ကိုကိုနဲ့ စိတ်ကောက်နေကြလား"

"မကောက်ပါဘူး၊ နုညိုကို မေးစရာရှိလို့"

"မေးစရာရှိတာများ ထွတ်ထားရယ်၊ တခြားသူတွေကျနေတာပဲ မေးလေ"

"ဒီဆိုင်မှာ နုညိုကိုကိုနဲ့ပတ်သက်တဲ့ မိန်းကလေးတစ်ယောက်ကို အလုပ်ပေးထားတယ်ဆို"

"အဟင်း... ယောင်းမ အဲဒါကို စိုးရိမ်နေတာလား"

"ဟုတ်လားသာပြောပါ နုညိုရယ်"

"ကိုကိုနဲ့ပတ်သက်တယ်ဆိုတဲ့ စကားကြီးက အရမ်းကို ဧရာမကြီးဖြစ်သွားပြီ၊ ဘာမှမဟုတ်လောက်တဲ့ သေးသေးမွှားမွှားကိစ္စလေးမို့ ထွတ်ထားကို မပြောတာပါ"

"သူနဲ့ပတ်သက်ရင် ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် ထွတ်ထားမသိသင့်ဘူးလား နုညိုရယ်"

"ဟုတ်ပါတယ် ယောင်းမရဲ့၊ နုညိုပြောပြမယ်၊ သေသေချာချာ နားထောင်ပြီးမှ ထွတ်ထားပြောနော်"

နုညိုစကားဆုံးတော့ ထွတ်ထားရင်ထဲမှာ ဝမ်းသာရမလိုလို ဝမ်းနည်းသလိုလိုနဲ့ ငြိမ်နေတော့ နုညို ပခုံးလေးကိုဖက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



''ထွတ်ထားရယ် တို့အစ်ကိုမို့ပြောတာ မဟုတ်ပါဘူး ကိုကို့ဘဝမှာ မိန်းမချော မိန်းမလှတွေ အများကြီး တွေ့ကြုံခဲ့ရပေမယ့် ထွတ်ထား တစ်ယောက်ကျမှ သူ အရမ်းစွဲလမ်းပြီး ချစ်ခဲ့တာပါ၊ ဒီလိုမိန်းကလေးမျိုးကို ကိုကိုက ချစ်ပါ့မလားလို့၊ ထွတ်ထားလို ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်လုံး အနားမှာရှိနေတဲ့ သူ့အတွက်တော့ ဘယ်လိုမိန်းမမျိုးမှ မလိုအပ်တော့ဘူးဆိုတာ တို့ရဲရဲဝံ့ဝံ့ အာမခံရဲပါတယ် ထွတ်ထားလည်း သိမှာပါ၊ ထွတ်ထားဘက်မှာ နုးညံ့တစ်ယောက်လုံး ရှိပါတယ်''

''သူ့ကို ထွတ်ထားမယုံလို့မဟုတ်ပါဘူး''

''ထွတ်ထားကို ဘယ်သူပြောတာလဲ''

''မမပို''

''မမပိုကို ဘယ်သူပြောတာလဲ''

''မနဒီတို့ပြောတာတဲ့''

''အဲဒါပဲ စဉ်းစားကြည့်လေ ထွတ်ထား ကိုကိုနဲ့ ခြွေဦးသခင် ကြုံခဲ့ကြတာ၊ ခြွေဦးသခင်ကို ဆိုင်မှာ အလုပ်ခန့်တာ၊ ခြွေဦးသခင်ရဲ့ ကိုယ်ရေးရာဇဝင်တွေကို သိနေတာ ဒါတွေဟာ တကူးတက လိုက်စုံစမ်းနေတာမဟုတ်ဘူးလို့ ပြောလို့ရမလား''

''ထွတ်ထား ဒီလောက်အထိ မတွေးမိဘူး နုးညံ့ရယ်''

''ဒါပေါ့လေ၊ စိုးရိမ်ပူပန်မှုတွေက များနေတော့ ဘယ်တွေးမိတော့မလဲ ချစ်တာ ချစ်တာ''





နုးညံ့စတော့ ထွတ်ထား ပြုံးစိစိလုပ်နေသည်။

''ခြွေဦးသခင်ကို ပြလေ နုးညံ့''

''ဒီနေ့ သူ့နားရက်လေ ထွတ်ထားရဲ့''

ထွတ်ထား သက်ပြင်းချလိုက်သည်။ နုးညံ့ရဲ့မှန်းလေး တီးလုံးသံ ထွက်လာသည်။

''ထွတ်ထား ကိုကို''

''တို့ရောက်နေတာ မပြောနဲ့နော်''

နုးညံ့ ပြုံးစိစိနဲ့ ခေါင်းညိတ်ပြီး သူ့အစ်ကိုနဲ့ စကားပြောနေသည်။

''ထွတ်ထားလာလားလို့ ကိုကိုမေးနေတယ် ဘယ်လိုပြောလိုက်ရမလဲ''

နုးညံ့ ဖုန်းလေးကို လက်နဲ့ပိတ်ပြီး တိုးတိုးလေး မေးနေသည်။

''မရှိဘူးပြောလိုက်''

''ကိုကိုရေ မရှိဘူးနော်၊ ဒါပဲ ဒါပဲ''

''ထွတ်ထား ပြန်မယ်''

''ထွတ်ထားကလည်း အတူတူပြန်မယ်လေ''

''ဟင့်အင်း... သူနဲ့မပြန်ချင်ဘူး''

''ထွတ်ထားကလည်း နောက်ကျနေပြီ၊ တစ်ယောက်တည်း ဘယ်ဖြစ်မှာလဲ၊ ကိုကို ဆုလိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



နှုညို ပါးစပ်ကပြောသလို သူ့ပစ္စည်းတွေကောက်သိမ်းနေတုန်း ယွတ်ထား လစ်ပြေးလာသည်။

"ထွတ်ထား နေဦး၊ တို့လည်း လိုက်မယ်"

အသင့်လာနေတဲ့ တက္ကစီတစ်စီးကို တားပြီး ကမန်းကတန်း တားကာ ကားသမားကို အမြန်မောင်းခိုင်းလိုက်သည်။

✿



## အခန်း(၁၈)

"မမထွတ်ထား... ဦးရှင်းသန့်ဘုံ ရောက်နေတယ်"

ထွတ်ထား အလုပ်မှ ပြန်လာပြီးကတည်းက ခေါင်းကိုက်တာကို အကြောင်းပြပြီး အခန်းထဲကမထွက်တော့ အဘွားလည်းတစ်ခွန်းမှမမေး ဘဲ အလိုက်တသိနေပေးသည်။

အန်တီလင်းကတော့ ကိုကိုထူးသမီးအငယ်မလေး ချော်လဲပြီး သက်ကျိုးလို့ သွားနေတာ နောက်ကျမယ့်အကြောင်း ပိန်မပြောသည်။

"မမထွတ်ထား... ကျွန်မပြောတာ ကြားရဲ့လား၊ ခေါင်းကိုက် သေးလား"

ပိန်မ ကြားဖူးအထင်နဲ့ အနားကပ်ပြီး မေးနေသည်။

"အေး... ငါခေါင်းကိုက်နေလို့ မတွေ့နိုင်ဘူး ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက် ဆင်းတွေ့လိုက်ပါ မမရယ်"

"မတွေ့ချင်ဘူး"

"မတွေ့ချင်ရအောင် သူက ဘာလုပ်လို့လဲ၊ အခုလည်း အဘွား ကို ရှင်းပြနေတာ၊ ဦးရှင်းသန့်ဘုံက ဒီလိုလုပ်မဲ့ရုပ်လား မမရယ်"

"ပိန်မ နင် မရှည်နဲ့ သွားပြော"

"ရှင်းပြတာကို နားထောင်ဦးမှပေါ့"

ထပ်ရှည်နေတဲ့ ပိန်မကို ခပ်တည်တည်နဲ့တစ်ချက်ကြည့်လိုက် တော့မှ ပိန်မ ပွစိပွစိပြောပြီး ထွက်သွားသည်။ ပိန်မထွက်သွားမှ ထွတ် ထားတွေးနေမိသည်။

ဟုတ်တော့လည်း ဟုတ်တာပါပဲ။ နှုတ်ဆုံလည်း ရှင်းပြထားပြီး ပြီ။ လူကြီးက ဒီနေ့အလုပ်သွားတာလိုက်မပို့ပေမယ့် အပြန်ကိုတော့ လာကြိုသားပဲ။ ထွတ်ထားနဲ့ ဘယ်မှာလွဲသွားလဲ မသိဘူး။

ဘယ်လိုကိစ္စမျိုးပဲရှိရှိ ဖုန်းသာဆက်တတ်ပြီး အခုလိုအချိန်မျိုး မှ အိမ်ကိုတစ်ခါမှမလာတတ်ပါ။ အခု သူလာရှင်းပြတာ ဖြစ်မယ် ထွတ်ထား သူ့ကို မယုံကြည်လို့မဟုတ်ပေမယ့် ခြေဦးသခင်ကို အလုပ်မှ ထားတာ အမှန်တကယ်ဖြစ်နေသလို ဒီကိစ္စ ထွတ်ထားကို ပြောပြမထား တဲ့အတွက် စိတ်ထဲမှာ ခိုးလိုးခုလုဖြစ်နေခြင်းဖြစ်သည်။

ထွတ်ထား ထပ်စဉ်းစားမနေတော့ဘဲ အပြေးဆင်းလာတော့

"ဟိုမှာ မမထွတ်ထားလာပြီ"





ပိန်မ ဝမ်းသာအားရပြောတော့ အဘွားနဲ့ လူကြီးက လှမ်း ကြည့်နေသည်။

"လာ... သမီးလေး အဘွား အခုပဲ အပေါ်တက်ခေါ်တော့ မလို့"

ထွတ်ထား လူကြီးနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။ လူကြီး ထွတ်ထားကို ကြည့်နေပေမယ့် ဘာတစ်ခွန်းမှတော့ မပြောသေးပါ။

"ရှင်းသန့်ဘုံ ရှင်းပြတာကို သမီး နားထောင်လိုက်ပါ"

အဘွား ပြောပြီးတာနဲ့ မတ်တပ်ရပ်လိုက်တော့ ပိန်မတွဲခေါ် ပြီး ခပ်လှမ်းလှမ်းရှိ ဒရင်းဘာတ်ဆီသွားပို့လိုက်သည်။ ပိန်မ တီဗီသံ ကျယ်လိုက်မှ လူကြီး ထွတ်ထားကို ကြည့်နေရာက

"ထား... တို့ကို စိတ်ကောက်နေတာလား၊ သဝန်တိုနေတာ လား"

ထွတ်ထား ဘာပြောရမှန်းမသိ ငြိမ်နေလိုက်သည်။

"တို့မေးတာ ပြောဦးလေ"

"မသိဘူး"

"တို့ကို ကသိကအောက်ဖြစ်အောင်တော့ မလုပ်ပါနဲ့ ထား ရယ်"

"လူကြီး ပြန်ပါတော့"

"ဘယ်ပြန်လို့ဖြစ်မှာလဲ၊ ခေါင်းကိုက်လို့ဆိုတာကော ဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါကြောင့် လူကြီးကိုပြန်ပါတော့လို့ ပြောတာ"

"တို့ကို စိတ်မဆိုးဘူးဆိုမှ ပြန်မယ်"

"မနက်က ညှိသည်သူငယ်ချင်းရောက်လို့ မလာတာ ဟုတ်ပါ ပြီ၊ ဒီညနေ လာခေါ်တယ်ဆိုပြီး ဘယ်ကိုသွားနေတာလဲ"

"အသိတစ်ယောက်နဲ့တွေ့လို့ နောက်ကျပြီး ထားနဲ့လွဲသွား တာ"

"ယုံလိုက်ပါမယ်၊ ပြန်တော့"

"ထားရယ်... တို့ကို အဲဒီလိုထင်ရက်တာ အရမ်းအံ့သြတယ် တို့ဟာ ဘယ်တော့မှသစ္စာမရှိတဲ့အလုပ် မလုပ်ဘူးဆိုတာ တစ်သက်လုံး ကိုယ့်ကိုယ်ကိုယ် အာမခံတယ်"

"ဒါဆို အဆိုတော်မလေးနဲ့ ဇာတ်လမ်းတွေဖြစ်ပြီး အလုပ်ခ ခန့်ထားတာ ထွတ်ထားကို ဘာလို့လျှို့ဝှက်ထားလဲ"

"ဒါ လျှို့ဝှက်ထားတာမှ မဟုတ်တာ၊ ဘာမှမဟုတ်လောက်တဲ့ ကိစ္စကို ထား ခေါင်းစားမှာစိုးလို့ မပြောတာ၊ တို့အပြစ်ဆိုလည်း ထား ကြိုက်သလို လုပ်ပါ၊ အချိန်မရှိမှ တစ်ယောက်တည်း ဖွတ်ပြန်သွားတာ တို့ ဘယ်လောက်စိတ်ပူရတယ်ဆိုတာ ထား မသိဘူး။ စိတ်ထဲမှာ ရေ စနောင့်ဖြစ်နေရင်လည်း လက်ထပ်ကြစို့ ထားရယ်"

လူကြီး ဒီလို ပြတ်ပြတ်သားသားပြောတော့လည်း ထွတ်ထား တွန့်သွားသည်။





"ဘယ်ကိစ္စမဆို ကိုယ့်ဦးနှောက်နဲ့ ဆုံးဖြတ်ပါ၊ ထား ပြတ်ပြတ် သားသားဆုံးဖြတ်ရဲဖို့ တို့ဟာ ထားအတွက် အမြဲတမ်းသစ္စာရှိတဲ့လူ တစ်ယောက်ဖြစ်အောင် ခိုင်ခိုင်မတ်မတ်ရပ်တည်နေမယ်"

ဒီတစ်ခါတော့ ခပ်သွက်သွက်ပဲ ခေါင်းညိတ်လိုက်သည်။ အဆင် ပြေသွားတဲ့ လူကြီးနဲ့ထွတ်ထားကိုကြည့်ပြီး အဘွား တပြုံးပြုံးရှိနေသလို ပိန်မလည်း လိုက်နောက်နေသည်။

ထွတ်ထား ကျေနပ်မှုရှိလောက်တဲ့ အချိန်ကျမှ လူကြီး အားလုံး ကို နှုတ်ဆက်ပြီး ပြန်သွားသည်။

"ဘယ်နှယ်လဲ သမီး အဆင်ပြေတယ်မဟုတ်လား"

"အဆင်ပြေလား မပြေလား အဘွားမြေးရုပ်ကို ကြည့်ပါလား"

ထွတ်ထားမပြောခင် ပိန်မ ဝင်ပြောတော့ စပ်ဖြဲဖြဲလုပ်နေလိုက် သည်။

"ဟွန်း... ရုပ်ကိုက စောစောကနဲ့ တခြားစီပဲ"

"နင်က ဒီလိုမျိုးမှ မခံစားဖူးသေးတာ"

"ထားပါတော့၊ ထားပေါ်တော့၊ မမထွတ်ထား ခေါင်းကိုက်နေ တယ်မဟုတ်လား။ အိပ်တော့လေ၊ ကျွန်မနဲ့အဘွားပဲ ထမင်းစားလိုက် တော့မယ်"

"ဟဲ့... ငါလည်းစားမှာပေါ့"

"စောစောကတော့ ခေါင်းကိုက်လို့ မစားတော့ဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



''ပျောက်သွားပြီ''

ထွတ်ထား ဟန်နဲ့ပန်နဲ့ပြောပြီး အဘွားကိုဖက်ကာ ထမင်းစားဖို့ဝင်လာတော့ ပိန်မ ပွစိပွစိပြောပြီး နောက်ကပါလာသည်။

''တ်လည်းတတ်နိုင်တယ်နော်၊ မင်းသမီးတောင် ရှုံးလောက်တယ်''

*

ရှင်းသန့်ဘုံ လက်ကိုင်ဖုန်းလေး မြည်လာတော့ ကောက်ဖွင့်ပြီး ကြည့်လိုက်လျှင် ကိုယ်မသိတဲ့ ဖုန်းနံပါတ်တစ်ခုကြောင့် ...

''ဟဲလို''

''အစ်ကို... ညီမပါ''

ရှင်းသန့်ဘုံချစ်ရသူ ထားရဲ့မျက်နှာလေးကိုမြင်ပြီး တွန့်ခဲ့ဖြစ်သွားသည်။ နာရီကိုလှမ်းကြည့်တော့ ကိုးနာရီထိုးတော့မည်။ ခြွေဦးသခင် ဘာကိစ္စရှိလို့ ဒီအချိန်ကြီး ဖုန်းဆက်တာလဲ။ ခြွေဦးသခင်ကို အလုပ်ခန့်တုန်းက ညီမလေးပြောတာကို အသေမှတ်ထားတဲ့အတွက် တာဝန်အရ အဆင်ပြေလား ဘာလား မေးချင်တာတောင် မမေးခဲ့ပါ။

တစ်ခါ ချစ်သူ နန်းထွတ်ထားကပါ ခြွေဦးသခင်နဲ့ အထင်လွဲပြီး စိတ်ကောက်ထားတော့ ရှင်းသန့်ဘုံ အတတ်နိုင်ဆုံး ကင်းအောင်နေ





ခဲ့သည်။ ထား စိတ်ကောက်တာကလည်း သူ့ဟာသူ သိလို့မဟုတ်ဘဲ သူမအစ်မနဲ့ ရတီအစ်မတို့ရဲ့ စနက်ကြောင့်ဆိုတော့ တမင်ကို လိုက်စုံစမ်းနေမှန်း သိသာသည်။

သူတို့ဘာကြောင့်ပဲ လိုက်စုံစမ်း စုံစမ်း မရှိးသားဘူးဆိုတာ သိသာနေတဲ့အတွက် ခြွေဦးသခင်နဲ့ပတ်သက်လို့ ညီမလေး ထပ်သတိပေးသလို ကိုယ်တိုင်လည်း သတိထားနေရသည်။

''အစ်ကို''

ရှင်းသန့်ဘုံ ဖုန်းကိုင်ပြီး စဉ်းစားတော့ သူမ ဘယ်လိုထင်သွားလဲ မသိဘူး။ ထပ်ခေါ်နေသည်။

''ပြော... ခြွေဦးသင်''

''ဘာပြောရမှန်းတောင် မသိတော့ဘူး''

''မင်းပြောစရာရှိလို့ ဖုန်းဆက်တာပဲ၊ ပြောမယ့်ဟာကို ပြောလေ''

''မသိဘူးလေ၊ တစ်ယောက်ယောက်ဆီက ဖုန်းစောင့်နေလို့ စိတ်မရှည်တဲ့အသံကြီးနဲ့ ပြောဆိုတော့ ဘာပြောရမှန်းကို မသိတော့ဘူး''

ခြွေဦးသခင်သည် တော်တော်ကို မလွယ်တဲ့ကောင်မလေးဆိုတာ သိလိုက်တဲ့အတွက် သူမနဲ့ စကားပြောရာမှာ တော်တော်ဆင်ခြင်မှ တော်ကာကျမယ်ဆိုတာ သတိပြုမိလိုက်သည်။

''ပြောစရာရှိတာကိုသာ ပြောပါ ခြွေဦးသခင်''



www.burmeseclassic.com

''ဒါဆိုလည်း ပြောမယ်လေ၊ ကျွန်မ သုခဘုံမှာ အလုပ်မလုပ်ချင်တော့ပါဘူး။ အဲဒါ လခကြိုယူထားတဲ့အတွက် ကျန်သေးတဲ့ ၁၀ ရက်အတွက် ပြန်လျှော်ရမလား မေးတာပါ''

ခြွေဦးသခင်သည် သိသိသာသာကို အသံပြောင်းသွားသည်။ သူမ ဖြစ်စေချင်တာက ရှင်းသန့်ဘုံအနေနဲ့ ပြောစရာရှိတာပြောပါ။ အစ်ကို့မှာ ဖုန်းပြောရမယ့်သူမရှိပါဘူး ဘာညာဆိုတာကို ပြောစေချင်တာ သိတာပေါ့။

အခုလည်း အလုပ်ထွက်ချင်တယ် ဖြစ်ပြန်ပြီ။ ဖောက်လမ်းမြန်မြန်ပြတ်သွားမှာဖြစ်တဲ့အတွက် ရှင်းသန့်ဘုံ ကျေနပ်နေသည်။

ရှင်းသန့်ဘုံ အချိုသာဆုံးအသံနဲ့

''ရပါတယ် ခြွေဦးသခင်၊ မင်းမှအဆင်မပြေတာ၊ ပြန်လျှော်စရာမလိုပါဘူး''

''ကျေးဇူးတင်ပါတယ် အစ်ကို''

''ရပါတယ်၊ ဒါပဲနော်''

''ခဏနေပါဦး အစ်ကို''

ရှင်းသန့်ဘုံ ခြွေဦးသခင် မကြားအောင် သက်ပြင်းချလိုက်သည်။

''ညီမလေး အစ်ကို့ကို စသိတုန်းက သိပ်ပြီးကြင်နာတတ်တဲ့ လူတစ်ယောက်လို့ ထင်ခဲ့တယ်၊ အခုတော့ အစ်ကိုက သိပ်ရက်စက်တာပဲနော်''





''စလာပြီ''လို့တွေးရင်း ရှင်းသန့်ဘုံ ခေါင်းတွေကြီးသွားသည်။ ဖုန်းကိုအပြီးပိတ်ပစ်လိုက်ချင်တဲ့စိတ်ကို ထိန်းပြီး အောင့်သက်သက်နဲ့ နားထောင်နေလိုက်သည်။

''အစ်ကို''

သူမ တိုးတိုးလေးတစ်လုံးချင်းဆွဲပြီး ခေါ်တော့ ရှင်းသန့်ဘုံ ကျောချမ်းသွားသည်။

''မင်း ဘာပြောမလို့လဲ ခြွေဦးသခင်၊ ပြောစရာရှိတာသာ ပြောပါ၊ တို့မှာလုပ်စရာတွေ ရှိသေးတယ်''

''ညီမက အစ်ကို့ကို တစ်ညလုံး စကားထိုင်ပြောချင်တာ''

''တို့မှာအဲဒီလောက် အချိန်မပေးနိုင်ပါဘူး ခြွေဦးသခင်၊ ဒါပဲနော်''

ရှင်းသန့်ဘုံ ဖြတ်ပင်စကားဖြတ်ကာ ဖုန်းကိုအပြီးပိတ်ပစ်လိုက်သည်။ အခုမှ စိတ်လွတ်လက်လွတ် သက်ပြင်းချနိုင်တော့သည်။ ဒီကောင်မလေး တော်တော်မလွယ်တဲ့ ကောင်မလေးပါလား။ သူမကို လျှော့တွက်မိတာကိုက ကိုယ့်အမှားပါ။ အသက်သာငယ်တယ်၊ တော်တော်အဆိပ်ပြင်းပြီး ကြောက်စရာကောင်းပါလား။

ဆိုင်မှာ လုပ်ခဲ့တဲ့ ရက် ၂၀ လောက်မှာလည်း တစ်ခုမဟုတ်တစ်ခု ရှင်းသန့်ဘုံနဲ့ ပတ်သက်ရအောင်ကို အကြောင်းရှာနေသည်။

ဆိုင်ကဝန်ထမ်းအားလုံးသည် ရှင်းသန့်ဘုံအကြောင်း သိနေလို့

www.burmeseclassic.com



သာ တော်တော့သည်။ ညီမလေးသည် ထိုကိစ္စနဲ့ပတ်သက်ပြီး အသည်းတွေယားကာ ခြွေဦးသခင်ကို အလုပ်ဖြုတ်ချင်နေသည်။ နဂိုကတည်းက ကို မခန့်ချင်ရတဲ့ကြားမှာ အန့်တီမြတို့ သားအမိတွေနဲ့ ထားရဲ့အမေ ဒေါ်ပိုပိုလင်းရဲ့ ဘာမှန်းမသိတဲ့ အကြံအစည်တွေက တစ်မျိုးမို့ ခြွေဦးသခင်ကို ညီမလေး နည်းနည်းမှ မျက်နှာသာမပေးပါ။

အစ်ကိုဖြစ်တဲ့ ရှင်းသန့်ဘုံကိုလည်း ဆိုင်သိပ်မလာနိုင်ပါ။ လာရင်လည်း ထားနဲ့နှစ်ယောက်တွဲလာစေသည်။ ထိုကိစ္စတွေကြောင့် ခြွေဦးသခင်ကလည်း ညီမလေးကို တင်းနေသည်။ သူမရဲ့အကြံဆိုးတွေသည့် ရုပ်ရည်လေးနဲ့ နည်းနည်းမှမလိုက်ဖက်ပါ။ ရှင်းသန့်ဘုံနဲ့က အနေနီး ဖို့ ဆိုင်ရောက်လာပေမယ့် သူမထင်သလို ဖြစ်မလာတော့ စောစောစီးစီး အလုပ်ထွက်သွားတာ ကျေးဇူးတင်ရမလိုတောင်ဖြစ်နေသည်။

ညီမလေး သိရင်လည်း ဝမ်းသာမှာပဲ။ ရှင်းသန့်ဘုံ မွန်းကျပ်သမျှတွေ အခုမှ လွတ်လပ်သွားသလို ခံစားရသည်။ ခြွေဦးသခင်သည် နှယ်နှယ်ရရတော့ ဟုတ်ပုံမရတဲ့အတွက် ဆိုင်က အလုပ်ထွက်သွားပေမယ့် အပြင်ကနေ တစ်ခုခု ထပ်ကြိုးစားချင် ကြိုးစားနိုင်သည်။

ဘာပဲဖြစ်ဖြစ် အမြဲတမ်း သတိထားဖို့ကိုတော့ ခေါင်းထဲသွင်းထားလိုက်သည်။

"ထားရေ… မင်းတို့ကို အပြစ်ပြောမှာလား"

*





"အဲဒါ တစ်သက်လုံးအတွက် သင်ခန်းစာပဲ ကိုကို၊ ထွတ်ထားနဲ့ ညားပြီး ကလေးတွေရတဲ့အထိ မှတ်သာထား"

"အဲဒီလောက်အထိတောင်လား ညီမလေးရဲ့"

ရှင်းသန့်ဘုံ စပ်ဖြဲဖြဲနဲ့မေးတော့ ညီမလေး မျက်စောင်းထိုးပြီး…

"အခုခေတ် မိန်းကလေးတွေကို ကိုကို ဘာမှတ်နေလို့လဲ၊ ကောင်းလို့ပေါ့၊ နို့မို့ တို့အစ်ကို ဒူးနဲ့မျက်ရည်သုတ်ရမှာ"

ညီမလေးပြောတော့ ရှင်းသန့်ဘုံ သဘောကျပြီး အော်ရယ်လိုက်သည်။

"ရယ်ပါ၊ ရယ်ပါ၊ နောက်ကိုလေ ကိုယ့်ရှေ့မှာ လမ်းကြိတ်စက်နဲ့ ကြိတ်သွားတာ တွေ့ရင်တောင် ဘယ်ကောင်မလေးမှ မကယ်ပါနဲ့နော်"

"စိတ်ချ၊ စိတ်ချ၊ အသည်းထဲကကို မှတ်သွားပြီ"

"ကိုကိုနော်… ခြွေဦးသခင်ကိုလည်း လျော့မတွက်နဲ့ဦး၊ အပြင်ကနေ မလှုပ်ရှားဘူး ပြောလို့ရမလား၊ ဒီလောက်နဲ့တော့ လက်လျှော့မယ်မထင်ဘူး"

ရှင်းသန့်ဘုံ သောက်လက်စ ကော်ဖီခွက်ကိုချလိုက်ပြီး…

"ကိုကိုလည်း တွေးမိတယ်၊ စိတ်ချ ညီမလေး၊ ကိုကို အတတ်နိုင်ဆုံး သတိထားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ထွတ်ထားမေးရင် ဘယ်လိုပြောမလဲ ကိုကို"

"သူ့ဟာသူ အလုပ်ထွက်သွားတာပဲ ပြောလိုက်မယ်လေ"

"သူမေးမှပြော ကိုကို၊ မသိဟန်ဘဲ ဆောင်နေလိုက်"

"ကောင်းတယ်၊ ခြွေဦးသခင်သာ အလုပ်ထွက်မသွားရင် ဝိ မဝင်ခင် ထားကိုလက်ထပ်ဖို့ ဖွတ်ပြောတော့မှာ"

"အခုလည်း ဘာဖြစ်လဲ ကိုကိုရယ်၊ သုံးလေးလပဲ စောင့်ရမှာ ကို၊ သဲကိုသဲတယ်"

ညီမလေးပြောပြီး ထသွားတော့ ရှင်းသန့်ဘုံ တစ်ယောက်တည်း ပြုံးကျန်ခဲ့သည်။

※ ※ ※



အခန်း(၁၉)

ဒီနေ့ အလုပ်ပိတ်ရက်တွင် ထွတ်ထားနဲ့ သူငယ်ချင်း ခင်မိ လှိုင်ကို လူကြီးက အပြင်မှာ ထမင်းကျွေးဖို့ပြောထားသည်။ ခင်မိလှိုင် သည်လည်း နယ်မှာနေပြီး အဒေါ်တွေ အစ်မတွေအိမ်မှ အလုပ်ဆင်းနေရ သူဖြစ်သည်။

သူလည်း ထွတ်ထားလောက် မဟုတ်ပေမယ့် အဒေါ်တွေ အစ်မ တွေမျက်နှာကြည့်နေရသူဖြစ်တာမို့ ထွတ်ထားနဲ့ ဘဝချင်းတူကာ ကုမ္ပဏီ မှာ အလုပ်ဝင်ကြမှ ခင်သွားခြင်းဖြစ်သည်။

ဘဝတူချင်းမို့ အချိန်တိုလေးအတွင်းမှာ ခင်သွားကြပြီး တစ် ယောက်အကြောင်း တစ်ယောက်ပြောဖြစ်ကြသည်။ ခင်မိလှိုင်သည် သူတို့ မြို့မှပဲ ဆိုင်ကယ်ပိုင်ရှင်ရဲ့သားနဲ့ မေတ္တာမျှနေကြပြီး သူတို့လည်း ဝါကျွတ် တာနဲ့ ယူကြမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မိလှိုင် ချစ်သူ ကိုအာကာသည် တစ်လတစ်ခါ ရန်ကုန်တက်လာတတ်သောကြောင့် ထွတ်ထားနဲ့လည်း ခင်နေပြီ၊ ကိုအာကာသည် ခင်မိလှိုင်ထက် သုံးနှစ်လောက်ကြီးတဲ့အတွက် လူကြီးဆန်သည်။ အခုဆို ခင်မိလှိုင်တို့ ချစ်သူနှစ်ယောက်နဲ့ လူကြီးလည်း ခင်နေကြပြီ။

ခင်မိလှိုင် သူ့အဒေါ်အိမ်ကနေ ထွတ်ထားဆီလာပြီး သွားကြမှာမို့ ၁၀ နာရီလောက်ကတည်းက ပြင်ဆင်ပြီး စောင့်နေလိုက်သည်။

ဟော... ဖုန်းလာပြီ၊ လူကြီးဆက်တာ ထင်တယ်။ ထွတ်ထား ဖုန်းကိုင်လိုက်သည်။

"ဟဲလို"

"[illegible]ထားလား ငါပါ"

"အိမ်ကဆက်တာလား မိန်းမ မြန်မြန်လာနော်"

"အဲဒါပြောမလို့၊ ကိုအာကာရောက်လာတယ်၊ သူလည်း လိုက်မယ်တဲ့"

"လိုက်ပေါ့၊ ပိုတောင်ကောင်းသေးတယ်"

"ဒါဆို ငါတို့မလာတော့ဘူးလေဟာ၊ နင်တို့နှစ်ယောက် ဗားသောက်ဆိုင်ကို လာခဲ့တော့၊ ငါတို့ အဲဒီကပဲ စောင့်နေတော့မယ်"

"ပြီးရောလေ၊ ဒါပဲမဟုတ်လား"

"အေး... ဒါပဲ"

ထွတ်ထား ဖုန်းချပြီး လူကြီးကို စောင့်နေလိုက်သည်။





"မသွားသေးဘူးလား ထွတ်ထား"

အန်တီလင်း အပြင်ထွက်ဖို့ ပြင်ဆင်ထားပြီး မေးနေသည်။

"ကိုရင်းသန်ကဘုံ မလာသေးလို့ အန်တီလင်း"

"မိလှိုင်ကော မလာသေးဘူးလား"

"မိလှိုင်က ကိုအာကာပါ ရောက်လာလို့ ဒီကိုမလာတော့ဘူးတဲ့"

"အေး... အေး... အန်တီလည်း သွားမယ်"

"ဟုတ်ကဲ့ အန်တီလင်း"

အန်တီလင်း တလှုပ်လှုပ်နဲ့ ထွက်သွားတာကို ထွတ်ထားငေးကြည့်နေမိသည်။ အန်တီလင်းကိုကြည့်ပြီး ထွတ်ထား သနားနေမိသည်။

သူ့အသက်အရွယ် ခန္ဓာကိုယ်နဲ့ မလိုက်အောင် စိန့်ရွှေရတနာတွေကို ပွဲစားလုပ်နေသူဖြစ်သည်။ သူ့ဟာသူဆို ယောက်ျားထားခဲ့တဲ့ အစည်းတွေ ငွေတွေနဲ့ကို ဘဏ်တိုးနဲ့ ထိုင်စားရင်တောင် စားလို့မကုန်ပါ။ အခုဟာက သားနှစ်ယောက်မိသားစုကရော သမီးမိသားစုကပါ တစ်ပတ်မှာ သုံးရက်လောက်က အိမ်မှာလာမစားတောင် စားချင်တာတွေ ချက်ခိုင်းလို့ ပို့ပေးရသည်။

လုပ်ငန်းအတွက် ငွေလိုအပ်တယ်ဆိုပြီး ခဏခဏချေးကာ တစ်ခါမှလည်း ပြန်မဆပ်တတ်ပါ။ ပြန်တောင်းရင် စိတ်ဆိုးမှာစိုးလို့ ပြန်မတောင်းဘဲနေရတာလည်း အကြိမ်ပေါင်းမရေနိုင်တော့၊ ငွေတွင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အန်တီလင်းသည် သူငယ်ချင်းတွေ အကူအညီနဲ့ ဟိုစပ်စပ် ဒီစပ်စပ် လုပ်ရင်းက စိန့်ရွှေရတာပွဲစားအဆင့်အထိ ဖြစ်လာသည်။

အန်တီလင်းဝင်ငွေကိုသိတဲ့ သားတွေနဲ့ သမီးသည် သူတို့ ကလေးတွေကိုလည်း ဘွားအေလုပ်သူအား ဟိုဟာပူဆာ ဒီဟာပူဆာနဲ့ ပူဆာနိုင်းသည်။ သူတို့တွေသည် အဘွားနဲ့ထွတ်ထားစားသောက်နေတာ ကို မလိုတမာဖြစ်ပြီး အဘွားနဲ့ထွတ်ထားစားသလို သူတို့လည်း စားပိုင် ခွင့်ရှိတာယ်ဆိုတဲ့ ပုံစံနဲ့ မအေကို မညှာတဲ့ တွေ့သမျှ စားစရာအကုန်သယ် သည်။

အန်တီလင်း အလုပ်မလုပ်နိုင်တဲ့အချိန်ကိုတွေးပြီး ထွတ်ထား ရင်လေးနေမိသည်။

အဘွားသည် အရင်က ထိုအကြောင်းတွေကို တွေးပြီး ခဏ ခဏ ရောဂါတိုးနေပေမယ့် အန်တီလင်းကိုယ်တိုင်က သားသမီးတွေ မြေးတွေအတွက် မမောနိုင်မပန်းနိုင်ဖြစ်နေတော့ ထွတ်ထားအဘွားကို တိုးတိုးတိတ်တိတ် ဖျောင်းဖျနေရသည်။

အခုဆိုရင် အဘွားလည်း ဘာကိစ္စမှ ဝင်မပြောဘဲ နေသာသည် နေကာ ထွတ်ထားအတွက်လည်း စိတ်အေးသွားပြီမို့ အဘွားပျော်ရွှင်နေ သည်။

''ဟဲ့... မြေးလေး အခုထိ မသွားသေးဘူးလား''

''ရှင်းသန့်ဘုံဆိုတဲ့လူကြီး နှုတ်ခမ်းနီဆိုးပြီး မိတ်ကပ်တွေအား တွေ လိမ်းနေလားမှမသိတာ အဘွားရဲ့''

''အဟေး... ဟေး... သမီးကလည်း ပြောတော့မယ်၊ သမီး အဒေါ်ကော''

''သွားပြီ''

''ဒါနဲ့ မိလှိုင်ကော မလာသေးဘူးလား။ လာမယ်ဆို''

''သူ့ချစ်ချစ်ကြီး ရောက်လာလို့ ဒီကိုမလာတော့ဘဲ စားသောက် ဆိုင်ကပဲ စောင့်တော့မယ်တဲ့''

''အောင်မယ်... အဆင်ပြေသွားတာပေါ့''

ထွတ်ထား ရယ်လိုက်သည်။

''ဟော''

ဖုန်းလာတဲ့အတွက် အဘွား ဟောလိုက်ခြင်းဖြစ်သည်။ ထွတ် ထား ဖုန်းကိုင်လိုက်တော့ လူကြီး ဖုန်းဖြစ်ပြီး သူရှေ့မှာ ရောက်နေပြီ ဖြစ်တဲ့အကြောင်း ပြောခြင်းဖြစ်သည်။

''ဘာတဲ့လဲ သမီး''

''သူ ခြံရှေ့မှာ စောင့်နေတယ်တဲ့ အဘွားအတွက်လည်း တစ်ခု ခု ဝယ်လာခဲ့မယ်တဲ့''

ထွတ်ထားပြောရင်း အဘွားပါးကို တစ်ချက်နမ်းကာ ထွက်လာ ခဲ့သည်။ ထွတ်ထားတို့ လေးယောက် တစ်နေကုန်လျှောက်လည်း စား သောက်ပြီး ညနေစောင်းမှ ပြန်လာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



ကိုအာကာနဲ့ မိလှိုင်လိုက်ပို့မယ်ပြောတဲ့ကြားက အားနာသည်လားမသိဘူး သူတို့ဘာသာ တက္ကစီငှားပြီး ပြန်သွားကြသည်။

"အိမ်ပဲပြန်မလား၊ ဆိုင်လိုက်ခဲ့ဦးမလား"

"အိမ်ပဲ ပြန်ပို့ပေး၊ ယောင်းမကို မျက်နှာပူတယ်"

ရှင်းသန့်ဘုံ စပ်ဖြဲဖြဲနဲ့ပြောနေတဲ့ ချစ်သူလေးကို ကြည့်ပြီး ပြုံးလိုက်သည်။ ကိုယ်ကပဲ သိပ်ချစ်နေလို့လားမသိဘူး ထားသည် အရမ်းကို ချစ်စရာကောင်းနေသည်။

ထားသည် ကိုယ့်ထက် ငါးနှစ်ကျော်လောက် ငယ်တဲ့အပြင် ဝတ်တာစားတာ နေတာထိုင်တာလည်း သိပ်ကလေးဆန်တော့ ကလေးကြီးတစ်ခွဲသားနဲ့နေတဲ့ ရှင်းသန့်ဘုံနဲ့ယှဉ်ရင် အသက်သိပ်ကွာမယ်လို့ ထင်ရသည်။

သူမသည် ရတီမောင်မောင်တို့ ခြေဦးသခင်တို့လို မပြင်မဆင်ပေမယ့်လည်း ရိုးရိုးရှင်းရှင်းလေးနဲ့ကို ထင်းထင်းလေး လှနေတာသည် ကိုယ့်ချစ်သူမို့ ပြောတာမဟုတ်ပါ။ သူမ မျက်နှာ၊ ကိုယ်လုံးကိုယ်ထည်သည် ဘာဝတ်ဝတ် ကြည့်လို့လှနေသည်။

အခုလည်း ဂျင်းဘောင်းဘီရှည်ကို အင်္ကျီပွပွလေးနဲ့ ဝတ်ထားပြီး ကျောပိုးအိတ်ကလေးလွယ်ထားတာသည် ဘဲ နှစ်သမီးလေးလောက်ပဲ ထင်ရသည်။ ကိုယ့်ချစ်သူ ချစ်စရာကောင်းတာကို ဂုဏ်ယူပီတိဖြစ်နေပေမယ့် ကိုယ်နဲ့ယှဉ်လို့ လူရယ်စရာဖြစ်နေမှာတော့ ရှင်းသန့်ဘုံ စိုးရိမ်နေမိသည်။





"ဟော့… လူကြီး ဘာတွေစဉ်းစားနေတာလဲ"

"ထားအကြောင်းပေါ့"

"ထွတ်ထားအကြောင်း"

မျက်လုံးလေးပြူးပြီး မေးတဲ့သူမကို အသည်းယားသွားကာ ပါးလေးကို လိမ်လိုက်သည်။

"ဟုတ်တယ် ထားအကြောင်း"

"ဘာတွေလဲဟင်"

"သြော်… ထားတို့ကို ကိုကိုလို့ ဘယ်တော့မှခေါ်ပါမလဲလို့"

"အဟင်း… အဟင်း"

"ဒါ ရယ်စရာလားလို့"

"လျှာယားတယ်"

"ထားက တို့ကိုမှမချစ်တာ၊ ထားသူငယ်ချင်း မိလှိုင်ဆို လူရှေ့မှာတောင် တကိုကိုတည်း ကိုကိုနေတာပဲ"

"လူကြီးက အားကျတယ်ပေါ့"

"ဒါပေါ့"

"တစ်နေ့နေ့တော့ ခေါ်မှာပါ"

သူမ ပခုံးတွန့်ပြီး စပ်ဖြဲဖြဲပြောတော့ ရှင်းသန့်ဘုံ စိတ်ဆိုးဟန်ဆောင်ကာ မျက်နှာကို တင်းထားလိုက်သည်။ ခြံရှေ့ရောက်တော့ ထွတ်ထား ကားပေါ်က ဆင်းလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်နော် ကိုကို"

"ဟော့... ထား"

သူမ လစ်ပြေးသွားတာသည် ဘယ်လိုခေါ်ခေါ် လှည့်ကြည့်မှာ မဟုတ်တော့ပါ။ ဘာပဲဖြစ်ဖြစ် ရှင်းသန့်ဘုံ ထားခေါ်သွားတဲ့ ကိုကိုဆိုတဲ့ အသံလေးကို ပြန်ကြားပြီး တစ်ကိုယ်လုံး ကြက်သီးတွေ ထသွားသည်။

ညီမလေးလည်း ကိုကိုခေါ်ပေမယ့် ထားခေါ်တာနဲ့မတူပါ။

ထားရယ် ကိုကို အရမ်းပျော်တာပဲ။ ပြီးတော့လေ မင်းကို သိပ်ချစ်တယ်။

✽

အဘွားနဲ့ အန်တီလင်းတို့ တီဗွီကြည့်နေတော့ ထွတ်ထား အိပ်ငိုက်နေတာကိုကြည့်ပြီး ပိန်မ အသံတိတ်စနေသည်။ ဖုန်းသံကြောင့် ထွတ်ထား မျက်လုံးဖွင့်ကြည့်တော့ ပိန်မ ဖုန်းကိုင်လျက်က...

"မမ... ဦးရှင်းသန့်ဘုံ"

ထွတ်ထား မျက်လုံးပိုကျယ်သွားပြီး ပိန်မဆီက ဖုန်းကို လှမ်းယူလိုက်သည်။ ဘာများပြောမလို့ပါလိမ့်။ သူ ဒီလိုအချိန်မျိုး တစ်ခါမှ အကြောင်းမရှိဘဲ ဖုန်းမဆက်ဖူးပါ။

အန်တီလင်း သူ့ဖုန်းမဟုတ်တဲ့အတွက် တီဗွီဆက်ကြည့်နေသလို အဘွားလည်းတစ်ချက်ကြည့်ပြီး တီဗွီဆက်ကြည့်နေသည်။





"ဟဲလို"

"ထားလား"

"ဘာဖြစ်လို့ဖုန်းဆက်တာလဲ"

"ဟ... မဆက်ရတော့ဘူးလား"

"တစ်ခါမှ ဒီအချိန်မဆက်ဖူးတော့ မေးကြည့်တာပေါ့"

"ကိုယ့်ချစ်သူကို ဖုန်းဆက်တာပဲ ဘယ်အချိန်ဆက်ဆက်ပေါ့"

"ဘာဖြစ်နေတာလဲလို့၊ တစ်ခါမှမဆက်ဖူးလို့ မေးကြည့်တာပါဆို"

"မဆက်ဖူးဆိုတာလည်း ကိုယ့်ကိုယ်ကိုယ်ထိန်းတာပေါ့ ထားရယ်၊ ဖုန်းဆက်ရင်း တွေ့ချင်လာရင် ဘယ်လိုလုပ်မလဲ"

ဒီစကားမျိုးတွေ ပြောတတ်လာတဲ့ လူကြီးကို ထွတ်ထား အံ့သြသွားသည်။ တကယ်ပြောတာပါ။ လူကြီးသည် ထွတ်ထားနဲ့ ချစ်သူဖြစ်နေတာကြာပြီ လက်ကလေးကိုတောင် မကိုင်ပါ။

အရေးအကြောင်းမို့ အခက်အခဲတစ်ခုခုရှိလို့ မကိုင်မဖြစ်မှသာ လက်ကလေး ကိုင်ထိန်းတာတို့ ပခုံးလေး ကိုင်တာတို့လောက်ပဲ ရှိသည်။

ကိုယ့်ချစ်သူမို့ အရသာခံပြီး တယုတယကိုင်တာမျိုး တစ်ခါမှ မရှိခဲ့ဖူးပါ။ ဒါကြောင့်လည်း လူကြီး ထွတ်ထားကို ချစ်တာတကယ်မှ ဟုတ်ရဲ့လား တွေးမိသည်။

မိလျှိုင် ချစ်သူ ကိုအာကာဆို ထွတ်ထားတို့ရှေ့မှာတောင် လက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုင်ရတာနဲ့ ပုံးလေးမကိုင်ပြီး လမ်းလျှောက်ရတာနဲ့ လူကြီးလည်း တွေ့သွားပဲ၊

ထွတ်ထားလည်း မိန်းမသားမို့ တစ်ခါတစ်ခါတော့လည်း ချစ်ရေ ရဲ့ အယုအယကို ခံချင်တာပေါ့။ လူကြီးသည် ဒါတွေကို နားမလည်ဘဲ လား၊ ဒါမှမဟုတ် သူ့အသက်အရွယ်ကြောင့်ပဲ ထိန်းနေတာလား မပြော တတ်တော့ပါ။

"ဟော့... ကိုကိုပြောတာ ကြားလား"

ထွတ်ထား ကြည်နူးမှုတွေနဲ့ တစ်ကိုယ်လုံး ကြက်သီးတွေထ သွားသည်။

"ကြားသားပဲ"

"ကြားရင် ပြောလေ၊ ကိုကို ထားကိုတွေ့ချင်ပါတယ်ဆို ထား တွေ့ရဲလို့လား"

"နေ့တိုင်းတွေ့နေရတာကို"

"နေ့တိုင်းတွေ့နေရပေမယ့် တွေ့ချင်တာပဲ"

"ကိုကို ထွတ်ထားကို တကယ်တွေ့ချင်လို့လား"

"ဖြစ်နိုင်ရင် တစ်ခါတည်းကို လက်ထပ်ချင်တာ"

"ဝါဝင်တော့မှာလေ၊ သိပ်မစောင့်ရတော့ပါဘူး ကိုကိုရယ်"

ကိုကို သက်ပြင်းချလိုက်တာ ဖုန်းထဲက အတိုင်းသားကြားရ သည်။





"ထွတ်ထားကို ကိုကို တကယ်ချစ်လို့လား"

"ဟာ... ဘယ်လိုမေးလိုက်တာလဲ"

"မေးကြည့်တာပါ"

"အခု လက်ထပ်မလား"

"ကိုကိုက လက်ထပ်ဖို့ပဲ ပြောနေတာပဲ၊ သိချင်တာက ထွတ် ထားကို တကယ်ရင်ထဲက နှစ်နှစ်ကာကာချစ်လားဆိုတာပဲ"

"ကျွန်တော်မျိုး နန်းထွတ်ထားဆိုတဲ့ ကောင်မလေးကို အသည်း ထဲကရော ရင်ဘတ်ထဲကရော အူထဲကရော ကျောက်ကပ်ထဲကရော နှလုံးသားထဲကရော နှစ်နှစ်ကာကာ လှိုက်လှိုက်လှဲလှဲချစ်ပါတယ်ဗျာ"

"ထွတ်ထားလည်း ကိုကို့ကို သိပ်ချစ်ပါတယ်"

"ဒါကြောင့် ကိုကိုမြှောတာပေါ့"

"ဘာလဲဟင် ကိုကို"

"ကိုကို ထားနဲ့ တွေ့ချင်လာပြီ၊ အဲဒါ ဘယ်လိုလုပ်ရမလဲ"

"ကိုကို အိပ်တော့နော်၊ မနက်ဖြန်မှတွေ့မယ်"

"လူလည်မလေး"

"ဂွတ်ဒ်နိုက် ကိုကို"

ထွတ်ထား ဖုန်းချပြီးတဲ့အထိ ပြုံးဖြီးဖြီးကြီးလုပ်နေတော့ ပိန်မ ဘဲတောင်နဲ့လှမ်းထိုးသည်။

"တို့တော့ အိပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီလင်း ပြောပြောဆိုဆို ဒရင်းဘတ်ဒ်ပေါ်က ထပြီး အသြောင်းဆန့်နေသည်။ အန်တီလင်း သေသေချာချာ အခန်းထဲဝင်သွားမှ အဘွား ထွတ်ထားကိုကြည့်ပြီး…

''သမီး ညည်းတို့က တစ်နေကုန်လည်းတွေ့ကြသေးတယ် အခုလည်း ဖုန်းဆက်ပြီး ဘာတွေပြောနေကြတာလဲ''

''ဝါမဝင်ခင် လက်ထပ်ချင်လို့ ကိုကျနေတာအဘွားရေ''

''ဟေ… ဒါတော့ မြန်လွန်းပါတယ်၊ ဝါကျွတ်လောက်မှဆိုတော်သေး''

''အဘွားကလည်း အမျိုးမျိုးပဲ''

''အောင်မယ် ဘာအမျိုးမျိုးလဲ၊ ငါ့မြေး ငါနမြောတာပေါ့ဟဲ့''

ပိန်မဲ ဝယ်ပြောတော့ အဘွား ရန်တွေ့နေသည်။

''အဲဟင်း… အဟင်း… ရှင်းသန့်ဘုံ တစ်ယောက်ဟာလေ ငါ့မြေးလေးကိုချစ်မယ့်ချစ်တော့လည်း သူများမနာလိုစရာကောင်းလောက်အောင်ပါပဲ''

အဘွားသည် ထွတ်ထားအတွက် အလွန်အမင်းကို ဝမ်းသာကျေနပ်နေသည်။ ဒီနေ့မှ ထူးထူးဆန်းဆန်းတွေပြောတဲ့ ကိုကိုဆိုတဲ့ လူကြီးကြောင့်လည်း ထွတ်ထား အိပ်လို့မပျော်ဖြစ်နေသည်။

❀ ❀ ❀



အခန်း(၂၀)

ရှင်းသန့်ဘုံ ကားလေးခြံထဲက ထွက်လာခဲ့ပြီး လမ်းထိပ်အရောက်တွင် ရှေ့မှာရပ်ပြီး တားနေတဲ့ မိန်းကလေးကိုတွေ့တော့ ထိတ်ခနဲအံ့သြသွားတာကို ဟန်ဆောင်ပြီး ကားရပ်လိုက်သည်။

''ဘာဖြစ်ရပြန်ပြီလဲ ခြွေဦးသခင်''

''ညီမကို တစ်ခုလောက်ကူညီပါ အစ်ကို''

''ဘာကူညီရမှာလဲ''

''ကျေးဇူးပြုပြီး ညီမကို အဆောင်လိုက်ပို့ပေးပါလား''

''ဆောရီးပဲ ခြွေဦးသခင်၊ တို့ မအားပါဘူး''

''ဘာဖြစ်လို့ ညီမကို ကြည့်မရဖြစ်သွားတာလဲ အစ်ကို''



www.burmeseclassic.com

www.burmeseclassic.com



"ကြဲကြဲဖန်ဖန်ကွာ. ဘာကိစ္စတို့က မင်းကို ကြည့်မရဖြစ်ရမှာလဲ"

"ဩော်... အစ်ကိုရယ်၊ အရင်ကတော့ အစစကူညီပြီး အလုပ်တောင် ပေးထားပြီးမှ ရုတ်တရက်ကြီး ပြောင်းလဲသွားတော့ ညီမ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ"

"မင်း ဘာတွေလျှောက်ပြောနေတာလဲ ခြွေဦးသခင်၊ အဲဒီနေ့မှာ မင်းမှမဟုတ်ဘူး၊ ဘယ်သူမဆို တို့ကူညီမှာပဲ၊ လိုအပ်တာတွေ ကူညီ ပြီးပြီပဲ တို့လည်း နေတတ်သလို နေခဲ့တာ၊ ဘာကိုပြောင်းလဲတယ် ပြောတာလဲ"

"ထားပါတော့လေ၊ အစ်ကို့ကို ညီမ နိုင်အောင် မပြောနိုင်ပါဘူး၊ ဒီမှာ အစ်ကို၊ နန်းထွတ်ထားအကြောင်း ပြောပြမယ်ဆို အစ်ကို စိတ်ဝင်စားမှာပါ"

ရှင်းသန့်ဘုံ စိတ်ထဲ တွန့်သွားပေမယ့် ဒီကောင်မလေးကို ဘယ်လိုယုံကြည်မှုမျိုးနဲ့ ယုံရမှာလဲ။ သူမ ရှင်းသန့်ဘုံ ကားပေါ်ကို ရောက်ဖို့သာ အဓိကထားပြီး ကယောင်ကတန်းတွေလျှောက်ပြောလေ သူမကို ယုံကြည်မှုနည်းသွားလေပဲဆိုတာ မရိပ်မိနိုင်လောက်အောင်တော့ ခြွေဦးသခင် အမယ်မထင်ပါ။

ရှင်းသန့်ဘုံတစ်ချက်ရယ်လိုက်ပြီးမှ...

"တို့ချစ်သူကို စချစ်ကတည်းက သူ့အကြောင်းအားလုံးသိပြီး





သားမို့ ဘာတစ်ခုမှ သိစရာမကျန်တော့ပါဘူး။ ခွင့်ပြုပါဦး ခြွေဦးသခင်"

ရှင်းသန့်ဘုံ ဖွတ်ပင် ကားမောင်းထွက်လာခဲ့သည်။

မျက်စိထဲမှာတော့ သူမအကြံမအောင်သဖြင့် အောက်နှုတ်ခမ်းကို အပေါ်သွားလေးတွေနဲ့ ဖိကိုက်ထားတဲ့ ခြွေဦးသခင်ရဲ့ ချောချောလှလှ မျက်နှာလေးကို မြင်ယောင်နေမိသည်။

※

ဒီနေ့ ရှင်းသန့်ဘုံရဲ့ အချစ်ဆုံးသူငယ်ချင်း လင်းနောင်က သူ့မွေးနေ့ကို ညီမလေး နှုညံ့နဲ့ထွတ်ထားကိုပါ တစ်ခုခုကျွေးချင်ကြောင်း ပြောထားတော့ နိုင်ငံခြားပြန် လင်းနောင်က မြန်မာထမင်းဟင်းကောင်းကောင်းစားချင်တယ်ဆိုလို့ တရုတ်တန်းရှိ ဆိုင်တစ်ဆိုင်သို့ ရောက်လာသည်။

ရှင်းသန့်ဘုံ ရှေ့က ဦးဆောင်ဝင်လာတော့ ညီမလေးနဲ့ထား နောက်ကပါလာသည်။

"လာပါပြီ လာပါပြီ လုပ်ငန်းရှင်ကြီးတွေကလည်းကွာ နောက်ကျလိုက်တာ"

လင်းနောင်နဲ့အတူ တက္ကသိုလ်မှာ တစ်လျှောက်လုံး တွဲခဲ့ကြတဲ့ ကိုကိုလွင်နဲ့ သူ၏ မကြာခင် လက်ထပ်တော့မယ့် ဇနီးလောင်း



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီနွယ်တို့ပါ ကြိုရောက်ပြီး ဝင်လာတဲ့ ရှင်းသန့်ကာဘုံတို့ကို ဆီးအပြုံး တင်နေသည်။

"မင်းကတော့ တွေ့တာနဲ့ အပြစ်ပြောဖို့ပဲ၊ တို့ ဒီနေ့ဆိုင် တောင် ပိတ်လိုက်ပါတယ်ကွာ"

"ဒါဆို ဘာလို့နောက်ကျတာလဲ ဒီမှာ ဒေဝီလည်း ဗိုက်ဆာနေ ပြီ"

"မင်းကတော့ နည်းနည်းမှ သဲမပြရရင် စားမဝင်ဘူးနော်"

"ချစ်တာကိုကွ၊ မင်းလည်း ချစ်တတ်နေပြီပဲ၊ ကိုယ်ချင်းစာ ပေါ့"

တစ်ယောက်တစ်ခွန်း စကားနိုင်လုရင်း အားလုံးဝင်ထိုင်း တော့ စားဖို့သောက်ဖို့တွေ လင်းနောင် မှာနေသည်။

"ချစ်သူရှိနေတဲ့သူတွေကတော့ ပြောကြပေါ့ကွာ"

"ကြည့်… ကြည့်… ဖြောင့်အောင်တောင် စားစရာမမှာနိုင် ဘူး"

"နင်တို့တွေက သဲတာလည်း ပြောဦးလေ"

"နင်လည်း သဲချင်ရင် ရည်းစားတစ်ယောက်လောက် အမြန် ရှာပေါ့"

"နင်တို့ရှာပေးလေ"

ကိုကို့သူငယ်ချင်း ကိုလင်းနောင်နဲ့ မဒေဝီနွယ်တို့တစ်ယောက်





တစ်ခွန်း စကားများနေတာကို ထွတ်ထားနဲ့ နှုးညံ့ကြည့်ပြီး ရယ်နေမိ သည်။ ကိုကို့သူငယ်ချင်း ကိုကိုလွင်နဲ့ မဒေဝီကိုတော့ ထွတ်ထား သုံး လေးခါ ဆုံဖူးပြီးပြီ။ ကိုလင်းနောင်ကတော့ အခုမှ နှစ်ခါပဲ တွေ့ဖူးသေး သည်။

နှုးညံ့နဲ့ကတော့ အရင်ကတည်းက ရင်းနှီးပုံရသည်။ ကိုကို့ သူငယ်ချင်း ကိုလင်းနောင်နဲ့ ကိုကိုလွင်သည် သဘောကောင်းတဲ့အပြင် ရယ်စရာတွေလည်း ပြောတတ်သည်။

ကိုကိုလွင့်ချစ်သူ မဒေဝီနွယ်ကလည်း သဘောကောင်းပြီး ပွင့် လင်းသူတစ်ယောက်ဖြစ်တဲ့အတွက် ထွတ်ထားနဲ့တောင် တော်တော်ခင်နေ ပြီ။

ကိုကို အရမ်းချစ်တဲ့ ထွတ်ထားဟာ သိပ်ကံကောင်းတဲ့ အကြောင်းလည်း သူတို့အားလုံး ပြောကြသည်။ ကိုကို့အနေအထားနဲ့ ထွတ်ထားကို သိပ်ချစ်ခဲ့တာသည် ထွတ်ထားတကယ့်ကို ကံကောင်းပါ သည်။

ကိုကို့ရဲ့ချစ်သူဖြစ်ရတဲ့အတွက်လည်း အခုထိ အိပ်မက်တစ်ခုလို ထင်မှတ်နေတုန်းပဲ။ ကိုကိုသည် ထွတ်ထားကို သိပ်ချစ် သိပ်အရေးပေး တဲ့အတွက် ကိုကို့ကို ကျေးဇူးတင်သလို သိပ်ပြီးလည်းချစ်ပါတယ်။

ဒါပေမဲ့ ကိုကို့ကို ပြောစရာတစ်ခုရှိတာက သူ့ညီမကို ဘယ်လို လူမျိုးနဲ့ တူတယ်တန်တယ် မထင်တာကိုတော့ ထွတ်ထား သဘောမတွေ့ ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထွတ်ထား နုညံ့ကို တစ်ချိန်မှာ ယောင်းမတော်ရမယ့်သူအဖြစ် ချစ်လည်းချစ်သည်။ သူငယ်ချင်းတစ်ယောက်လိုလည်းခင်သည်။ ကိုကို သည် သူ့ညီမ နုညံ့ကို ဆိုင်နဲ့အိမ်ကလွဲပြီး ဘယ်ကိုမှ စိတ်မချပါ။ နုညံ့ကို ထွတ်ထားသိပ်သနားသည်။

နုညံ့နဲ့ ကိုကို့သူငယ်ချင်း ကိုလင်းနောင်ဆို မဆိုးဘူး။ ထွတ်ထားရင်ထဲက ကြိတ်သဘောတူနေသည်။ ကိုလင်းနောင်နဲ့ နုညံ့ကိုလည်း အောင်သွယ်ပေးဖို့ စိတ်ကူးထားလိုက်သည်။ အားလုံး စားသောက်ပြီး ကြတော့ အချိုစားရင်း အအေးသောက်ရင်း စကားတွေများနေကြပြန် သည်။

ထိုအချိန်တွင် စုံတွဲတစ်တွဲဝင်လာသည်။ ကောင်မလေးသည် ကောင်လေးရဲ့လက်မောင်းကိုချိတ်ကာ မှီတွဲဝင်လာသည်။ အပေါက်ဖက် ကို လှည့်ထိုင်နေတဲ့ ထွတ်ထားနဲ့ နုညံ့တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

''ခြွေဦးသခင်''

ထွတ်ထားစိတ်ထဲက ရေရွတ်ရင်း ကိုကို့ကို ကြည့်တော့ ထွတ်ထား အရိပ်အခြေကို ကြည့်နေတဲ့ ကိုကိုကလည်း အခုမှတွေ့သွား ပြီး ထွတ်ထားနဲ့ နုညံ့ကို ပခုံးတွန့်ပြသည်။

ခြွေဦးသခင်သည် သူ့အာရုံနဲ့သူမို့ ထွတ်ထားတို့ကိုမမြင်ဘဲ မလှမ်းမကမ်း စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ ခြွေဦးသခင်သည်





ကိုကို့ကို ပြောသလို တစ်ရက်သီချင်းမဆိုရလျှင် ထမင်းတစ်နပ်ငတ် တယ်ဆိုတာ ဖြစ်နိုင်ပုံမရအောင် သူမတစ်ကိုယ်လုံးမှာ ဝတ်စားထားတာ တွေသည် အဖိုးတန်တွေချည်းဖြစ်သည်။

သူနဲ့တွဲလာတဲ့ ကောင်လေးကလည်း နယ်နယ်ရရထဲကတော့ ဟုတ်ပုံမရပါ။ ဒီလိုနည်းနဲ့ ယောကျ်ားတွေကို လိုက်ချူစားနေတာလားမှ မသိတာ။ ကိုကိုတောင် ကံကောင်းလို့ ပါမသွားတာ။ ကံကောင်းလို့ မမပိုတို့ နဒီတို့ရဲ့ တံတွေးခွက်မှာ မမျောခြင်းဖြစ်သည်။

''ဟင်… ဖိုးသား''

မဒေဝီသည် ရုတ်တရက် စကားပြောရင်း တစ်ဖက်ဝိုင်းသို့ မျက်စိအရောက်တွင် မျက်လုံးကြီးပြူးပြီး တအံ့တသြဖြစ်သွားသည်။

''မောင်''

''မောင်မြင်တယ် နွယ်''

ကိုကိုလွင်ကပါ ခြွေဦးသခင်တို့ ဝိုင်းကိုကြည့်ပြီးပြောတော့ ထွတ်ထားတို့တင်မက ကိုလင်းနောင်ပါ ကြောင်တောင်တောင်နဲ့ ကြည့် ပြီး…

''ဘာလဲဟ''

''နွယ်… ထိုင်စမ်းပါ နွယ်ရယ်''

''ဖယ်စမ်းမောင်၊ နွယ် သွားပြောမယ်၊ ဒီကောင် သေသေချာ ချာပြောထားတာတောင် ကြည့်စမ်း၊ တောက်… ''



www.burmeseclassic.com

www.burmeseclassic.com



''ဒေါသကိုလျှော့စမ်းပါ နွယ်ရယ်၊ အိမ်ကျမှ ကိုယ့်မောင်ကို ပြောပါ''

မဒေဝီနွယ်သည် ဒေါသကို လျှော့ချနေပုံရအောင် အသက်ကို ခပ်ပြင်းပြင်းရှူပြီး တစ်ဖက်ဝိုင်းကိုလည်း မျက်ထောင့်နီကြီးနဲ့ ကြည့်နေသည်

''ဘာဖြစ်လို့လဲ ဒေဝီ၊ ခြွေဦးသခင်နဲ့ သိလို့လား''

ကိုကိုမေးတော့ ထွက်ထားနဲ့ နှုတ်ပါ စိတ်ဝင်တစား နားထောင်နေမိသည်။

''ဘယ်သူလဲ ခြွေဦးသခင်''

မဒေဝီနွယ်သည် သူမ မကြားဖူးသော နာမည်တစ်ခုကို ကြားလိုက်ရသလို ကိုကို့ကို ပြန်မေးနေသည်။ ထိုအချိန်မှာပဲ ခြွေဦးသခင်နဲ့ သူ့ချစ်သူဖြစ်ပုံရသော ကောင်လေးသည် ထွတ်ထားတို့ကို မြင်သွားပြီး နှစ်ယောက်လုံး တအံ့တသြဖြစ်သွားပုံရသည်။

''ဟိုဝိုင်းမှာ ထိုင်နေတာ ခြွေဦးသခင်မဟုတ်လား''

''ခြွေဦးသခင်… ကျွန်မတို့ သိထားတာကတော့ သင်းနာမည်က နီတြာရဲ့ပဲ၊ အဟင်း… ဟုတ်မှာပေါ့လေ၊ တစ်နေရာရောက်ရင် နာမည်တစ်မျိုးပြောင်းပြီး ဒါမျိုးလုပ်စားနေတာ နေမှာပေါ့၊ ဒါကြောင့် ဖိုးသားကို ပြောနေရတာပေါ့၊ နေပါဦး ရှင်းသန့်က သူနဲ့ဘယ်လိုပတ်သက်နေလို့လဲ''





ကိုကို တစ်ခုခုပြန်ပြောဖို့ ပြင်တုန်းမှာ ခြွေဦးသခင်ရဲ့ချစ်သူကောင်လေးအနားရောက်လာပြီး…

''မမကြီး''

''ဘာ မမကြီးလဲ''

''ဖိုးသား… ဟို… ဟို''

''နင် ဘာမှမပြောနဲ့၊ ပြန်မလား၊ မပြန်ဘူးလား၊ ဒီမိန်းမပျက်မကိုများ စွဲစွဲလမ်းလမ်း''

''နွယ် ပြောချင်ရင် အိမ်ရောက်မှပြောပါ၊ ကဲ… ဖိုးသားခေါင်းလည်းသွား''

ဖိုးသားဆိုတဲ့ကောင်လေး ကိုကိုလွှင့်ကိုတစ်ချက်ကြည့်ပြီး ခေါင်းငိုက်စိုက်ထွက်သွားသည်။

''ရှင်းသန့် ပြောစမ်းပါ၊ ဒီကောင်မလေးနဲ့ ဘယ်လိုသိထားတာလဲ''

ရှင်းသန့်ဘုံ ဘာပြောရမှန်းမသိအောင် ဖြစ်နေစဉ် လင်းနောင်အားလုံးကို ပြောပြလိုက်သည်။ ခြွေဦးသခင်နဲ့ပတ်သက်ပြီး ထား ပထမဦးဆုံး စိတ်ကောက်တုန်းက လင်းနောင်နဲ့ မနက်ပိုင်း လိုက်သွားသလိုညနေ လာကြိုတော့လည်း လင်းနောင်သိလျက်သားနဲ့ တမင်ညစ်ပြီးခေါ်သွားတာကို ထား စိတ်ကောက်ပြေသွားပေမယ့် ရှင်းသန့်ဘုံ ထားကိုလင်းနောင်နဲ့မိတ်ဆက်ပေးပြီး ကိုယ် တကယ့်ကို သူငယ်ချင်းနဲ့ပါသွားတာ



www.burmeseclassic.com

www.burmeseclassic.com



မှန်ကြောင်း သက်သေခံနိုင်းရင်း ခြွေဦးသခင်အကြောင်း ပြောပြလိုက်သည်။

လင်းနောင် ဆိုင်လာရင်လည်း ခြွေဦးသခင်ကို မြင်ဖူးထားအတွက် ပြောပြလိုက်ခြင်းဖြစ်သည်။

''ကြည့်စမ်း... ကလိန်ကကျစ်မ၊ ဒါကြောင့် ဖိုးသားကိုပြောတာပေါ့''

ဒေဝီနွယ်သည် သူ့မောင်ကိုကြည့်ပြီး ဒေါသတွေထွက်နေသော

''ကဲ... လင်းနောင် ရှင်းလိုက်တော့၊ သွားမယ်၊ ကိုလှ ဒေဝီကို ခေါ်လေ''

ရှင်းသန့်ဘုံ ထားနဲ့ ညီမလေးကိုခေါ်ပြီး ရှေ့ကထွက်သွားသော အားလုံးနောက်ကပါလာသည်။

* * *



အခန်း(၂၁)

အဖြစ်အပျက်တွေသည် မယုံကြည်နိုင်စရာကောင်းလောက်အောင်ပင် နောက်နေ့ ရှင်းသန့်ဘုံနဲ့ ညီမလေးနှုညံ့ဘုံတို့ ပစ္စည်းစာရင်းတွေ စစ်နေတုန်း ခြွေဦးသခင် ရောက်လာသည်။

''ခြွေဦးသခင်''

ရှင်းသန့်ဘုံသည် ဘယ်လိုမှမထင်မှတ်တဲ့အတွက် အံ့သြပြီး သူ့မနာမည်ကို ရေရွတ်လိုက်ပေမယ့် ညီမလေးကတော့ တစ်ချက်သာကြည့်ပြီး လုပ်စရာရှိတာ ဆက်လုပ်နေသည်။

ခြွေဦးသခင်ကို တွေ့သွားတဲ့ ဆိုင်က ဝန်ထမ်းတချို့လည်း အကဲခတ်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ညီမကို ထိုင်ခွင့်ပြုပါ အစ်ကိုနဲ့မမ''

ဘာမှတောင်အဖြေမပေးခင် သူမ အကျအန နေရာယူပြီး ပြီး၊ ရှင်းသန့်ဘုံတို့မောင်နှမတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ သည်။

''ဘာကိစ္စရှိလို့လဲ ခြွေဦးသခင်''

ညီမလေးမျက်နှာ ခပ်တင်းတင်းနဲ့ကြည့်ပြီးမေးတော့ ... မျက်နှာငယ်လေး...

''ညီမ အစ်ကိုနဲ့ မမကိုတောင်းပန်ချင်လို့ပါ''

''မင်းနဲ့တို့နဲ့ကြားမှာ ဘာမှတောင်းပန်စရာမရှိပါဘူး''

''ဘယ်ဟုတ်မှာလဲ မမရယ်၊ ညီမကို အစ်ကို ကူညီထား... ဆိုင်မှာအလုပ်ခန့်တဲ့အပြင် လခလည်းကြိုပေးပြီး ၁၀ ရက်စာ... လျော့ပေးတာတွေဟာ ဘယ်တော့မှ မမေ့ပါဘူး''

''အဲဒါတွေပြောဖို့ လာတာဆိုရင်တော့ ပြန်တော့ ခြွေဦးသ...

ညီမလေးသည် ပြောစရာရှိလျှင် ပြတ်ပြတ်သားသားပြော... သည့်အတိုင်း ပြောလိုက်တော့ ခြွေဦးသခင် မျက်နှာပျက်သွားသည်။

''အဲဒီကိစ္စလောက်ဆိုရင်လည်း ဘယ်တော့မှလာမှာမဟုတ် ဘူး''

''ဒါဖြင့် ဘာကိစ္စလဲ''

ဒီတစ်ခါတော့ ရှင်းသန့်ဘုံ မေးလိုက်ခြင်းဖြစ်သည်။





''မင်းသန့်တွေး ကိစ္စပါ''

''ဘယ်က မင်းသန့်တွေးလဲ''

ရှင်းသန့်ဘုံ နားမလည်သဖြင့် မေးလိုက်သလို ညီမလေးလည်း မျက်မှောင်ကုပ်ကြည့်နေသည်။

''မင်းသန့်တွေးဆိုတာ မိုးသားကို ပြောတာပါ၊ မမဒေဝီနွယ်ရဲ့ မောင်''

ဒီတော့မှ ရှင်းသန့်ဘုံတို့ သဘောပေါက်သွားသည်။

''အဲဒါ တို့တွေနဲ့ ဘာဆိုင်လို့လဲ''

''ဟုတ်ပါတယ်၊ ဒါပေမဲ့ မဒေဝီက အစ်ကို့သူငယ်ချင်းရဲ့ချစ်သူ ဆိုတော့''

''အဲဒါဘာဖြစ်လဲ''

သူမ ရပ်ထားတော့ ရှင်းသန့်ဘုံ နားမလည်စွာ ပြန်မေးလိုက် သည်။

''ညီမအကြောင်းတွေကို''

''ဒီမှာ ခြွေဦးသခင် မင်း ဘာပြောချင်တာလဲ၊ ပြောချင်တာကို ပွင့်ပွင့်လင်းလင်းသာပြောချလိုက်ပါ၊ လာပြီးဇာတ်ခိုက်မနေနဲ့၊ မင်းတို့ကိစ္စ တွေနားမလည်သလို နားထောင်ပေးဖို့ကအချိန်လည်း တို့မှာမရှိဘူး''

''ဟုတ်ကဲ့၊ ညီမရည်းစားတွေအများကြီးထားခဲ့ပေမယ့် မိုးသား ကိုပဲ လက်ထပ်မှာပါ၊ ဒါကြောင့် ညီမနဲ့ သဘောမတူတဲ့ ဒေဝီနွယ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ညီမအကြောင်းတွေ မပြောပါနဲ့လို့ လာတောင်းပန်တာပါ''

''နေပါဦး။ မင်းအကြောင်းပြောစရာ ဘာတွေ ထွေထွေထူးထူး ရှိလို့လဲ''

ခြွေဦးသခင် သူ့ကိုယ်သူ မလုံမလဲမော့ကြည့်သည်။

''မင်း ကိုကို့ကို လာရောတဲ့ကိစ္စကို ပြောတာလား''

ညီမလေး ဒုံ့ဒုံ့ကြီးပေးချလိုက်တော့ ရှင်းသန့်ဘုံကသာ အားနာသွားတယ်။ သူမကတော့ ခပ်သွက်သွက်ပဲ ခေါင်းညိတ်ပြသည်။

''အဲဒါဆိုလည်း စိတ်ချ။ တို့က ကိုယ့်အလုပ်ကိုယ်လုပ်နေတဲ့ သူတွေပါ၊ သူများအကြောင်းပြောတာ ဝါသနာမပါဘူး။ မင်းပြန်ပါတော့ ခြွေဦးသခင်၊ မင်း ဒီကိုလာတာတွေ့လို့ရှိရင် မလိုတဲ့သူတွေက တို့ ယောင်းမလောင်းကို သွားပြောရင် ကိုကိုနဲ့ထွတ်ထား ပြဿနာဖြစ်ကြ လိမ့်မယ်''

''ညီမ အဲဒါကိုပါ ပြောချင်လို့ပါ''

''ဘယ်ဟာကို ပြောချင်ရပြန်တာလဲ''

''နန်းထွတ်ထားအကြောင်းပါ''

''လာပြန်ပြီ''

ရှင်းသန့်ဘုံ စိတ်ထဲရှိတာ ပါးစပ်က ယောင်ထွက်သွားသည်။ တကယ်လည်း ခြွေဦးသခင်ကို ပြန်စေချင်နေပါပြီ။ ညီမလေးပြောသလို ထွတ်ထားကို မလိုတဲ့သူ တစ်ယောက်ယောက်တွေ့သွားမှာ ရှင်းသန့်ဘုံ အသေကြောက်နေမိသည်။





''ညီမ အစ်ကိုနဲ့မမရဲ့ စေတနာကို လေးစားလို့ မပြောသင့်ဘူး ထင်ပေမယ့် ပြောပါ့မယ်၊ တကယ်တော့ အစ်ကိုတို့ မမတို့ထင်သလို ညီမဟာ အစ်ကို့ကို အတင်းတွယ်ကပ်ပြီး အပိုင်ကိုင်မလို့ မဟုတ်ရပါဘူး''

ခြွေဦးသခင် ပေါ်တင်ကြီးပြောချလိုက်တော့လည်း အားနာသွားပေမယ့် မသိဟန်ဘဲ-ဆောင်နေလိုက်သည်။

''အစ်ကို့ကို အတင်းကပ်ဖို့ ညီမကို ငွေပေးပြီးခိုင်းလို့ပါ''

''ဟင်''

''ဘာ... ဘာပြောတယ် ခြွေဦးသခင်''

''ဟုတ်ပါတယ်၊ နောက်ကို ညီမကို တွေ့ရင် အစ်ကိုနဲ့မမ အမြဲနှာခေါင်းရှုံ့ကြမယ့် အဖြစ်ကို ညီမ မလိုလားဘူး''

''ဘယ်သူက ပိုက်ဆံပေးပြီးခိုင်းတာလဲ ခြွေဦးသခင်''

''ဒေါ်ပိုပိုလင်းနဲ့ ဒေါ်နုဒီမောင်မောင်တို့ သားအမိ''

ရှင်းသန့်ဘုံ အံ့ဩလွန်းလို့ ဘာပြောရမှန်းတောင် မသိပါ။ ညီမလေးလည်း အံ့ဩပြီး အစ်ကိုဖြစ်သူကို တစ်လှည့် ခြွေဦးသခင်ကို တစ်လှည့် ကြည့်နေသည်။

''ညီမက စားသောက်ဆိုင်မှာ သီချင်းဆိုတာ မှန်ပါတယ်၊ ညီမနာမည်အရင်းက နိုကြာရဲ့ပါ၊ ညီမဟာ မိဘကိုရှာကျွေးနေတာပါ၊ အတိုချုံးပြောရရင်တော့ စားသောက်ဆိုင်မှာ လုပ်တဲ့ ညီမကို ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



အထင်မကြီးကြပါဘူး၊ မင်းသန့်ထွေးနဲ့တွေ့တော့ ညီမဘဝ လုံခြုံသွားသလို ခံစားရတယ်၊ ဒါက ညီမအကြောင်းပါ၊ တစ်နေ့မှာ ညီမတို့ မန်နေဂျာမက ညီမကို အန်တီပိုနဲ့ မိတ်ဆက်ပေးတယ်၊ အန်တီပိုနဲ့ အန်တီနဒီတို့ ညီမကို သီးသန့်တွေ့ပြီး အလုပ်တစ်ခုအပ်ချင်ကြောင်းနဲ့ နှုတ်လုံလုံဖို့ ကတိတောင်းပြီး အစ်ကို့ကို အပိုင်ဆွဲယ်ဖို့ အလုပ်ပေးတော့တာပဲ''

''ရှင်းရှင်းပြောရရင် ညီမဟာ အမြဲတမ်းငွေလိုနေတဲ့သူအပြင် သူတို့ပေးတဲ့ငွေကလည်း မက်လောက်စရာမို့ လက်ခံလိုက်တယ်''

''သူတို့က ပြောတယ်လေ၊ အစ်ကို တကယ်စွဲသွားလို့ အစ်ကို လက်ထပ်ခဲ့ရင်လည်း ညီမလောက်ကံကောင်းတဲ့သူ ရှိမှာမဟုတ်ဘူးတဲ့ ဒါပေမဲ့ ညီမစိတ်ဝင်စားတာက အစ်ကိုထက် သူတို့ပေးတဲ့ငွေကိုပဲ စိတ်ဝင်စားတာပါ၊ အစ်ကိုနဲ့တွေ့ပြီး အစ်ကို့စိတ်နေသဘောထားကို သိတော့လည်း ဆက်မလုပ်ချင်ပေမယ့် ငွေက တစ်ဝက်ယူထားပြီးပြီလေ''

''မင်းသန့်ထွေး သိသွားမှာကို စိုးရိမ်ရတာ တစ်ဖက်နဲ့ ညီမ အရမ်း ဗျာများခဲ့တယ်၊ ညီမ ပိုပြီး ဆက်မလုပ်ချင်တာ နန်းထွတ်ထားဆိုတဲ့ အစ်ကို့ချစ်သူကြောင့်ပဲ၊ သူ့ချစ်သူကို လုမယ်ဆိုတာသိပေမယ့် ဒီဆိုင်လိုက်လာတဲ့အခါတိုင်း တခြားမိန်းမဆို ပါးစပ်က တစ်ခုခုမပြောရင်တောင် အမူအယာနဲ့တော့ မကျေနပ်ကြောင်းပြမှာပဲ၊ သူကတော့ အဲဒီလိုမဟုတ်ဘူး၊ ဆိုင်လာရင် သူ့ဟာသူနေတယ်၊ ညီမက သူနဲ့မျက်နှာ





ချင်းဆိုင် ဆုံဖို့ ဖန်တီးတဲ့အခါ သူက ညီမကို သနားတဲ့အကြည့်လေးတွေနဲ့ ကြည့်နေတတ်တယ်''

''မင်းသန့်ထွေးကို သိပ်ချစ်တဲ့ ညီမလေ၊ နန်းထွတ်ထားကို ကိုယ်ချင်းစာသလို အရမ်းလည်း သနားသွားတယ်၊ အစ်ကိုတို့မောင်နှမ ရယ် နန်းထွတ်ထားရယ်ကို ဖွင့်ပြောဖို့ ကြံစည်နေရင်းက မထင်မှတ်ဘဲ နေ့က ပြဿနာကြောင့် ရောက်လာရင်း ပြောပြတာပါ''

ခွေဦးသခင်သည် စကားအရှည်ကြီးပြောလိုက်ရလို့ မောသွားပုံရသည်။ ရှင်းသန့်ဘုံ ရင်ထဲမှာ ခွေဦးသခင်အတွက် စိတ်မကောင်းဖြစ်သွားသည်။

''မင်း အခုလိုဖွင့်ပြောလိုက်တော့ သူတို့ပိုက်ဆံတွေ ပြန်ပေးရမှာပေါ့၊ နောက်ပြီး သူတို့တစ်ခုခုလုပ်ရင် ဘယ်လိုလုပ်မလဲ''

''ပြန်ပေးရမှာပေါ့ အစ်ကိုရယ်၊ သူများစိတ်ဆင်းရဲမှုနဲ့ ရင်းမှ ရတဲ့ပိုက်ဆံတွေကို မလိုချင်တော့ပါဘူး၊ ဒီပိုက်ဆံက အခုသုံးရင် အခုကုန်မှာပါ၊ ရိုးသားဖြူစင်တဲ့ အစ်ကိုတို့မမတို့ရဲ့ အမုန်းတွေကို တစ်သက်လုံး သယ်မသွားချင်ဘူး၊ သူတို့ညီမကို ဘာလုပ်လို့ရမှာလဲ''

''မင်းကို အရမ်းကျေးဇူးတင်ပါတယ်၊ အခုလို တို့တွေအပေါ် စေတနာထားတာကိုလည်း တစ်သက်မမေ့ပါဘူး၊ မင်းစေတနာကို လေးစားတဲ့အနေနဲ့ မင်း ဒီအကြောင်းတွေ ပြောပြတယ်ဆိုတာ တို့မောင်နှမနဲ့ထွတ်ထားကလွဲလို့ ဘယ်သူ့ကိုမှ မပြောဘူး''



www.burmeseclassic.com

www.burmeseclassic.com



“ဝမ်းသာပါတယ် မမရယ်၊ ကျေးဇူးလည်း အရမ်းတင်ပါတယ်”

“မငိုပါနဲ့ နီတြာရဲရယ်၊ မင်းကို တို့ညီမလေးလိုပဲ သဘော ထားလိုက်ပြီ၊ ဖြစ်ပြီးတာတွေ အားလုံးကို မေ့လိုက်တော့နော်”

ခြေဦးသခင် ဆိုတဲ့ နီတြာရဲ ပြုံးပြီး ခေါင်းညိတ်ပြသည်။

“ညီမလေး”

“ရှင်… ကိုကို”

“ဝါဝင်ဖို့ သုံးရက်လောက်ပဲလိုတော့တယ်”

“အဲဒါ ဘာဖြစ်လဲ”

“မထူးတော့ပါဘူး ဝါကျွတ်တဲ့အထိ စောင့်မနေတော့ဘဲ ထားနဲ့ လက်ထပ်လိုက်ရင် ကောင်းမယ်ထင်တယ်”

“ဘာကိုမထူးတော့တာလဲ၊ ယူချင်နေပြီဆိုတာ မသိတာကျနေ တာပဲ”

“မဟုတ်ပါဘူး ညီမလေးရဲ့၊ တော်ကြာ ဒေါ်ပိုပိုလင်းတို့က တစ်ခုခုထပ်ကြံရင် ဘယ်လိုလုပ်မလဲ”

“အဲဒါဆိုလည်း ကိုကိုလူပျိုကြီးသာ လုပ်ပေတော့”

“ဟာ… ဒီလိုတော့ မလုပ်ပါနဲ့ ညီမလေးရယ်”

ရှင်းသန့်ဘုံရဲ့ ငိုမလို ရယ်မလို ပုံစံကြီးကြောင့် ညီမလေးနဲ့ နီတြာရဲတို့ သဘောကျနေကြသည်။

※





“ရှင်းသန့်ဘုံ… လာ… သား… မြေးလေးကို လိုက်ပို့တာ လား”

ကိုကို ထွက်ထားအိမ်ထဲဝင်လာတော့ အဘွားအောင်မြင်သော အသံကြီးနဲ့ ထကြိုသည်။ ကိုကို အဘွားပခုံးကိုဖက်ပြီး ထိုင်လိုက်ရင်း ခပ်လှမ်းလှမ်းမှာ ထိုင်နေတဲ့ မမပိုကို ပြုံးကြည့်ကာ…

“လာလည်တာလား မမပို”

“ဆိုပါတော့ မောင်လေးရယ်၊ အိမ်မှာလည်း မ အမျိုးသားရဲ့ ညီက အိမ်ထောင်ပြုတော့မှာဆိုတော့ အစ်မတို့မိသားစု မေမေတို့အိမ် ပြောင်းနေရင်ကောင်းမလားလို့”

မမပို ရုပ်ရှင်မင်းသမီး အိုက်တင်နဲ့ ဆက်တီဘစ်လုံးမှာ ခြေချိတ်ထိုင်ရင်း ပြောနေတော့ ကိုကို ပြုံးလိုက်ပြီး…

“ကောင်းတာပေါ့ မမပိုရဲ့၊ အဘွားရေ ကျွန်တော်လာတာ တခြားမဟုတ်ဘူး၊ အဘွားမြေးကို လာတောင်းတာ၊ အနိတ်လင်းကော”

“ဟဲ့… ဘယ်လိုဖြစ်တာတုန်း”

“ဒါနဲ့ ဝါကျွတ်မှဆို”

“အဟင်း… အဘွားတို့ မမပိုတို့ရှေ့မှာပဲ ပြောရဦးမယ်၊ ဝါကျွတ်အထိ မစောင့်ချင်တော့ဘူး၊ စောင့်လည်းမစောင့်နိုင်တော့ဘူး”

“မဟုတ်တာကွယ်၊ မနက်ဖြန် သဘက်ခါပဲ ဝါဝင်တော့မှာကို”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မမပို၊ မနက်ဖြန်ပဲ ရုံးမှာ လက်မှတ်ထိုးပြီး မင်္ဂလာပွဲကိုတော့ သီတင်းကျွတ်မှပဲ အကြီးအကျယ် လုပ်မယ်"

"မင်းတို့ဟာကလည်းကွယ်၊ လူတွေတစ်မျိုးထင်စရာကြီး မိထွတ်ထားကရော"

"ထွတ်ထားကတော့ အရင်ပြောထားသလို သီတင်းကျွတ်မှ လုပ်ချင်တာပါ၊ ကျွန်တော်က ချော့ရတာပေါ့၊ တခြားကိစ္စတွေမှာ အားလုံး ဟာ ထားသဘောအတိုင်းလုပ်ပါ၊ ဒီတစ်ခုတော့ လိုက်လျောပေးဖို့ ထား ကို မနည်းတောင်းပန်ရတယ်"

ထွတ်ထားမပြောခင် ကိုကို အတင်းဖြတ်ကာ ဝင်ပြောတော့ စိတ်ထဲက ရယ်ချင်နေမိသည်။ အဘွားကတော့ ဘာကိုမှ မသိပေမယ့် အဘွားပုံစံသည် ကျေနပ်နေသည်။

မမပိုသည် သိသိသာသာကို မျက်နှာပျက်နေသည်။ ကိုကိုနဲ့ ထွတ်ထား လက်မထပ်ဖို့ကို ဘယ်လိုအချိန်ဆွဲရင်ကောင်းမလဲ စဉ်းစား ပုံရသည်။

"အန်တီလင်း လာပြီ"

အန်တီလင်း အခုမှ နောက်ဘက်က ထွက်လာသည်။

"ဟော… ရှင်းသန့်ဘုံပါ ရောက်နေတာကို၊ ထမင်းစားသွား"

"ဟုတ်ကဲ့ အန်တီ"





"မေမေရေ ဒီမှာ မိထွတ်ထားက ဝါကျွတ်တဲ့အထိ မစောင့်နိုင် ဒို့ မနက်ဖြန်ပဲ လက်ထပ်တော့မယ်တဲ့"

"ထွတ်ထားမဟုတ်ပါဘူး မမပိုရဲ့၊ ကျွန်တော်ပါ၊ ကျွန်တော် စောင့်နိုင်တာပါ၊ ထားက သီတင်းကျွတ်မှ လက်ထပ်ချင်တာပါ"

"ချက်ချင်းကြီးပါလားကွဲ့"

"ခွင့်လွှတ်ပါ အန်တီလင်းရယ်၊ အဲဒါ အဘွားနဲ့ အန်တီလင်း ကို လာပြောတာပါ"

"အေးလေ၊ မင်းတို့ချင်း ကျေနပ်ရင် ပြီးတာပါပဲ၊ အန်တီ ကျေနပ်ပါတယ်၊ အဘွားကရော"

"အမေလည်း ကျေနပ်ပါတယ်"

"အောင်မလေးနော်၊ မိထွတ်ထားတို့များ ဘယ်လိုတွေများ ညှိနှိုင်းထားလဲ မသိဘူး"

"ထွတ်ထားက ဘာမှမစည်းရုံးပါဘူး မမပိုရဲ့၊ သူကိုယ်တိုင်က ထွတ်ထားကို အရမ်းကို သဲသဲလှုပ်နေတာပါ"

ထွတ်ထား ပြုံးပြုံးလေးပြောပြီး အိမ်ထဲဝင်လာတော့ မမပို ဘယ်လိုဖြစ်ကျန်ခဲ့မယ်ဆိုတာကို တွေးပြီး ကျေနပ်နေမိသည်၊ ထွတ်ထား ထိုကိုလဲပြီး ထွက်လာတော့ မမပို ငိုင်မှိုင်နေတဲ့ ပုံစံလေးသည် သနား စရာတောင် ကောင်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွားနဲ့အန်တီ ထားကို ခုထာလောက်ခေါ်သွားပါရစေနော် ညီမလေးနဲ့ပါ တိုင်ပင်စရာလေးရှိလို့၊ ကျွန်တော် လာပို့မှာပါ"

"အေးပါကွယ်"

"ဩော်... မနက်ဖြန် မမပိုလည်း လာခဲ့နော်၊ ထား အစ်ကို တွေကိုလည်း ပြောပေးပါဦး အန်တီလင်း"

"ကောင်းပါပြီကွယ်"

"ဩော်... လူ့ရဲ့ကံဆိုတာ မှန်သင့်သလောက်မှန်ပေမယ့် တကယ်တော့ မိထွတ်ထားက ရွှေပင်နားလို့ ရွှေကျေးဖြစ်တာပါ"

"အဲဒီ ရွှေပင်ကြီးဖြစ်တဲ့ အန်တီလင်းကို ထွတ်ထားကလည်း အမြဲတမ်း ကျေးဇူးသိတတ်နေမှာပါ မမပိုရယ်"

ထွတ်ထား ကိုကို့လက်ကိုချိတ်ကာ ထွက်လာတော့ အဘွား လှမ်းအော်နေသေးသည်။

"ကောင်းတယ် မြေးရေ ကောင်းတယ်"

ကိုကိုနဲ့ထွတ်ထား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလိုက်သည်။ ထွတ်ထားတို့ ခြံထဲက ကိုကိုတို့ခြံထဲကိုမဝင်ခင် ကား လေး တံ့ခနဲ ရပ်သွားသည်။

"ဘာဖြစ်တာလဲ ကိုကို"

"ဘာမှမဖြစ်ပါဘူး"





"ဒါဆို ဘာလို့ ကားရပ်သွားတာလဲ"

"ရပ်ပစ်လိုက်တာကို ထားရဲ့"

"ဘာလို့ ရပ်ပစ်လိုက်ရတာလဲ"

"ထားကို ပြောစရာရှိလို့"

"အိမ်ကျမှ ပြောလေ"

"အခုပဲ ပြောချင်လို့"

"ကဲ... ပြော"

"ထားကို သိပ်ချစ်တယ်"

"ဟင်... ဘာမှန်းလဲမသိဘူး"

ထွတ်ထား နှုတ်ခမ်းစူပြီး တစ်ဖက်လှည့်နေတော့ ကိုကို ထွတ်ထားလက်ကလေးကို ကိုင်လိုက်သည်။

"လွှတ်ပါ၊ ကိုကို ဘာပြောထားလဲ"

"ဘာပြောလို့လဲ"

"ကိုကိုက ထွတ်ထားကို သိပ်ချစ်တဲ့အတွက် ထား လက် ကလေးကိုတောင် မကိုင်ရက်ဘူးဆို"

"အင်းလေ... ဒါ ရည်းစားသက်တမ်းကိုပြောတာ"

"အခုလည်း ရည်းစားပဲဟာ"

"မနက်ဖြန်ကျရင်ပဲ အကြင်လင်မယားဖြစ်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ မနက်ဖြန်မှဖြစ်မှာ၊ အခုမဖြစ်သေးဘူး။ လွှတ်

"မလွှတ်ဘူးကွာ"

"တကယ် မလွှတ်ဘူးလား"

ကိုကို့ဆီက အသံထွက်မလာတော့ပါ။ ထွတ်ထားလက်

မလွှတ်ရုံတင်မကပါ။ ထွတ်ထားတစ်ကိုယ်လုံးပါ မလွှတ်တော့တဲ့အ

ဖက်ထားတော့ ပြုံးပြုံးလေး ငြိမ်နေလိုက်သည်။

ထား ရင်တွေခုန်နေတယ် ကိုကိုရယ်။

*စာဖတ်သူအပေါင်း စိတ်၏ချမ်းသာ*

*ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြ*

*စာချစ်သူများကို အစဉ်လေးစား*

သျှင်ဘု

www.burmeseclassic.com